The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့ (29-10-2015) (စ၃၆၈)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရကီနိုင်ငံတည်ထောင်သည့် (၉၂)နှစ်ပြည့် သဝဏ်လွှာများပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၂၉**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် (၉၂) နှစ်ပြည့်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရီချက် တာယစ်(ပ) အက်ဒိုဝမ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် (၉၂)နှစ်ပြည့်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာမက် ဒါဗူတိုဂလူး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီကျောင်းကန်များ၌ ကုသိုလ်ပြုမှုတို့ဖြင့်ဝေစီ

**ရန်ကုန်  အောက်တိုဘာ  ၂၈**

ယနေ့သည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ထူးမြတ်သည့်နေ့ထူးနေ့မြတ်အခါသမယနေ့တစ်နေ့ ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား ကျေးဇူးဆပ်သောအားဖြင့် အဘိဓမ္မာခုနစ်ကျမ်းကို တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလ (ရက်ပေါင်း ၉၀ လုံးလုံး) ဟောကြားတော်မူပြီး မဟာသက္ကရာဇ် ၁၀၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် နတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွချီတော်မူသည့် နေ့ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ပူဇော်သည့်အနေဖြင့် နိုင်ငံအနှံ့မြို့ရွာများရှိ ဘုရားကျောင်းကန်စေတီပုထိုးများ၌ အဘိဓမ္မာအခါတော်နေ့အခမ်းအနားများကျင်းပပြီး ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ခြင်း၊ မီးမြင်းမိုရ်ပွဲအခမ်းအနားများ ဆင်ယင်ကျင်းပခြင်း၊ ရဟန်း၊ သံဃာတော်များက ပဝါရဏာပွဲများ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော်၌ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အခမ်းအနားများကို ယနေ့နံနက်ပိုင်းမှစ၍ ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။ ရှေးဦးစွာ နံနက် ၆ နာရီတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



သီတင်းကျွတ်လပြည့်နေ့က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)




# ပိုလ်ချုပ်လမ်းမှ ဟံသာဝတီလေဆိပ်(ပဲခူး)အထိ ဖောက်လုပ်ရန် လျာထားဆောင်ရွက်နေသည့် အထပ်မြင့်အမြန်လမ်းမကြီး

သတင်းအဖွဲ့
ဓာတ်ပုံ
ဆောက်လုပ်ရေး

**ကိုရီးယားသမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှစ်ခုနှင့် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုတို့ အကျိုးတူပူးပေါင်း၍ ရန်ကုန်မြို့တွင်း အထပ်မြင့်အမြန်လမ်းမကြီး(Elevated Highway)ကို Public Private Partanarship(PPP)စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကနဦးအဆိုပြုချက် (Concept proposal) ပထမအဆင့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း သိရသည်။**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးစီမံချက်(၂၀၄၀ တွင် ဖြစ်ပေါ်ဖွံ့ဖြိုးတိုးတက်လာရမည့်အစီအစဉ်များ) (YUTRA 2040)၌ ရန်ကုန်မြို့တွင်းပတ်လမ်း(Inner Ring Road)နှင့် မြို့ပြင်ပတ်လမ်း(Outer Ring Road)စီမံချက်များ ပါဝင်ကြောင်း သိရပါသည်။ ယခုစီမံကိန်းသည် မြို့တွင်းပတ်လမ်း(Inner Ring Road)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



Official Warranty by: TMW Enterprise Limited  Hot Line : 01-546006 (Ext: 119, 120), Sony Showroom : 01-245311, 09-73119900, 01-398566, 02-72580~4, 09-91008417, 067-420791, 067-420966

ကြေးမုံ စာတည်းရှုထောင့် ၂၉-၁၀-၂၀၁၅၊ ကြာသပတေးနေ့

# ဒြပ်မဲ့ယဉ်ကျေးမှုဖော်ထုတ်

မြန်မာနိုင်ငံတစ်ဝန်း အထင်အရှားဖြစ်တည်နေသော ရှေးဟောင်းအမွေအနှစ်များမှာ ဒြပ်ရှိယဉ်ကျေးမှုများဖြစ်သည်။ ယင်းသမိုင်းအမွေအနှစ်ကို မြတ်နိုးတန်ဖိုးထားသူများက ထိန်းသိမ်းစောင့်ရှောက်ကြသည်။ အများပြည်သူတို့တွင် မြတ်နိုးတန်ဖိုးထားသူများရှိသည်။ အပန်းဖြေဗဟုသုတအဖြစ် လေ့လာကြသူများမှာ များသည်။ ပါဝင်ထိန်းသိမ်းစောင့်ရှောက်သူတို့မှာ နည်းမည်ဖြစ်သည်။

ဒြပ်ရှိယဉ်ကျေးမှုများမှာ အကျိုးများထင်ရှား၍ အလေးထားထိန်းသိမ်းနိုင်ကြသည်။ ဒြပ်မဲ့ယဉ်ကျေးမှုများမှာမူ အကောင်အထည်အခိုင်အခံ့ရှိသည့် ဒြပ်ဝတ္ထုမျိုးမဟုတ်သဖြင့် အလေးထားမှုအားနည်းနေသည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် အရေးတကြီးထိန်းသိမ်းသင့်သော ဒြပ်မဲ့ယဉ်ကျေးမှုများနှင့် အရေးတကြီးမဟုတ်သော်လည်း ထိန်းသိမ်းသင့်သည့် ဒြပ်မဲ့ယဉ်ကျေးမှုများဟူ၍ ယနေ့ရှိလာသည်။

ရှင်သန်နေသော လက်ဆင့်ကမ်း ယဉ်ကျေးမှုအမွေအနှစ်များကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ယူနက်စကိုက သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် တစ်ကျောင်း၊ တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုများပေါများလှသည်။ နိုင်ငံအတွင်း မြို့ရွာဒေသအလိုက် မတူကွဲပြားမှုများသာမက တိုင်းရင်းသား လူမျိုးစုပေါင်း တစ်ရာကျော်ရှိနေခြင်းကလည်း ဒြပ်မဲ့ယဉ်ကျေးမှုများ ပေါများခြင်းအကြောင်းဖြစ်လာသည်။

မျက်မှောက်ကာလ အနောက်တိုင်းယဉ်ကျေးမှုများ တိုက်စားလာသော အချိန်အခါတွင် ဒြပ်ရှိယဉ်ကျေးမှုများ ပျောက်ပျက်ရန်ခက်ခဲသော်လည်း ဒြပ်မဲ့ယဉ်ကျေးမှုများ တိမ်ကောပပျောက်လာမည်ကို စိုးရိမ်ကြရမည်ဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒြပ်ရှိယဉ်ကျေးမှုကဲ့သို့ စစ်မှန်မှုကိုသာ တန်ဖိုးထားအကဲဖြတ်ရန်မလိုအပ်ဘဲ ရပ်ရွာအသိုက်အဝန်း၏ တန်ဖိုးထားမှုနှင့် လက်ဆင့်ကမ်းအမွေဆက်ခံနိုင်မှုများကလည်း အရေးပါသည်။

အမှန်တွင် ဒြပ်ရှိယဉ်ကျေးမှုဟူသည်မှာ ရုပ်ပိုင်းဆိုင်ရာသတ်မှတ်ချက်ဖြစ်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာသတ်မှတ်ချက်ဖြစ်သည်။ ထို့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုများမှာ အကြမ်းအားဖြင့် အရေးပါမှုအဆင့်မြင့်သော်လည်း စိတ်ဝင်စားမှုအဆင့်မှာလည်း မြင့်သည်။ သိပ္ပံနည်းကျ အတည်မယူနိုင်သော်လည်း မြန်မာမှုနယ်ပယ်တွင်မူ အလေးထားအသိအမှတ်ပြုနေဆဲဖြစ်သည်။

လူမှုအသိုက်အဝန်းအတွင်း ယနေ့ထက်တိုင် တန်ဖိုးထားမှုနှင့် လက်ဆင့်ကမ်းပေးဝေမှုကိုအခြေခံသည့် နှုတ်ပြောပုံပြင်များ၊ အက္ခရာတင်ခြင်းနှင့် ရိုးရာအားကစားနည်းများ၊ သုခုမအနုပညာ-ရိုးရာဓလေ့-လူမှုကျင့်ဝတ်-ရိုးရာပွဲတော်၊ စကြဝဠာနှင့် သဘာဝမှပေးသောအသိဉာဏ်၊ လက်မှုအနုပညာဟူသည့် ကဏ္ဍငါးရပ်ကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်ထားသည်။

ဒြပ်မဲ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ ဆယ်စုနှစ် နှစ်ခုကျော်အတွင်း တိမ်ကောပါးလျားလာသည်မှာ အမှန်ဖြစ်သည်။ မျက်မှောက်ခေတ်လူငယ်လူရွယ်များအနေဖြင့် အဆိုပါဒြပ်မဲ့ယဉ်ကျေးမှုများကို ယုံကြည်လက်ခံမှုအားနည်းလာသောအချိန်ဝယ် အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာသောကြောင့် တိမ်ကောပပျောက်သွားမည်ကို စိုးရိမ်ရသည်။ ဒြပ်မဲ့ယဉ်ကျေးမှုများကို သိမီသောသူများအဖို့ မြန်မာမှုနယ်ပယ်အတွက် နှစ်လိုဖွယ်အချင်းအရာများဖြစ်သည်ကို သိရှိနားလည်ထားကြပြီးဖြစ်သည်။

ထို့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ယူနက်စကိုမှုအတိုင်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ယူနက်စကိုနှင့် ပူးပေါင်း၍ အင်းလေးဒေသရှိ ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းများကို ကောက်ယူနေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာတွင် ရပ်ရွာပြည်သူလူထုပူးပေါင်းပါဝင်မှုက အရေးကြီးသည်။ ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ အရပ်ဒေသတစ်ခု၏ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သဖြင့် အခြားအဖွဲ့အစည်းက ဆောင်ရွက်ခြင်းထက် မိမိကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင်ဝိုင်းဝန်းဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ။

## မြောင်းမြမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေသာလျောင်းဘုရားကြီး နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြောင်းမြ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာဆုတောင်းပြည့် ရွှေသာလျောင်းဘုရားကြီး၏ နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်ဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ရွှေသာလျောင်းဘုရားကြီး မုခ်ဦးရှေ့တွင် ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဘုရားကြီးဂေါပကဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြောင်းမြမြို့နယ်အသင်းဥက္ကဋ္ဌ(ရန်ကုန်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရွှေသာလျောင်းဘုရားကြီး နှစ်(၁၀၀)ပြည့်ပူဇော်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများဖြင့် စတင်ဖွင့်လှစ်ကာ အောက်တိုဘာ ၂၃ရက်မှ စတင်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး အပါအဝင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့မှ ဆရာတော်ကြီးများက ညစဉ် အထူးတရားပွဲများဖြင့် ဟောကြားခဲ့ကြပြီး ရပ်ကွက်များ၊ ရုံးဌာနဆိုင်ရာများ၌ ပင့်ဆောင်ပူဇော်ထားရှိသော နှစ်ကျိပ်ရှစ်ဆူဘုရားများကို မြို့တွင်းသို့ ပင့်ဆောင်၍ ဒေသစာရီကြွချီအပူဇော်ခံလှည့်လည်ခဲ့ကာ အကောင်းဆုံး ပင့်ဆောင်ပူဇော်နိုင်သော နှစ်ကျိပ်ရှစ်ဆူ ပင့်ဆောင်သည့် အဖွဲ့အစည်းများကို ဆုငွေကျပ်သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်းနှင့် အထူးဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပွဲတော်နောက်ဆုံးရက်တွင် နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအဖြစ် အငြိမ့်ပွဲ၊ ဇာတ်ပွဲများကို အခမဲ့ပြသသွားမည်ဖြစ်ကြောင်း ကျင်းပရေးအဖွဲ့မှ သိရသည်။

**အောင်မင်း(IPRD )**

## အောင်လံတွင် မိုဘိုင်းအပလီကေးရှင်းအသုံးပြု၍ ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ မျှဝေဆွေးနွေး

**အောင်လံ အောက်တိုဘာ ၂၈**

အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်းရှိ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို အခမဲ့သင်ကြားပို့ချနေသော ပညာဒီပအသင်းခန်းမတွင် အောက်တိုဘာ ၂၅ ရက်က မိုဘိုင်းအပလီကေးရှင်းအသုံးပြု၍ ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သောအချက်အလက်များနှင့် ဗဟုသုတများ မျှဝေဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ဦးမင်းဗိုလ်ဗိုလ်ဇော်နှင့် ဒေါ်သိမ့်သိမ့်သူတို့က ဖုန်းများအတွင်းသို့ မိုဘိုင်းအပလီကေးရှင်းဆော့ဝဲများ ထည့်သွင်းဆောင်ရွက်ခြင်း၏အကျိုးကျေးဇူးများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး ကွန်ပျူတာပညာရှင် ဦးဝင်းမောင်ထွန်းနှင့် ဖိတ်ကြားထားသော အောင်လံမြို့ပေါ် ဖုန်းဆိုင်များမှ ကွန်ပျူတာကျွမ်းကျင်သူများက မဲဆန္ဒနယ်မြေအသီးသီးသို့ လေ့လာစောင့်ကြည့်ရေး သွားရောက်ကြမည့် အဖွဲ့ဝင်များ၏ဖုန်းများအတွင်းသို့ ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ ပါဝင်သည့် မိုဘိုင်းအပလီကေးရှင်းဆော့ဝဲငါးခုအား ထည့်သွင်းပေးခဲ့ကြကြောင်း သိရသည်။

**သင်းလွင်(အောင်လံ)**

## ကျောက်ဆည်မြို့ ဆင်အက အလှပြိုင်ပွဲ ဆုရဆင်များအား ဆုချီးမြှင့်

**ကျောက်ဆည် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ၏ လူကြိုက်များထင်ရှားလှသော ကျောက်ဆည်မြို့ ဆင်ပွဲတော်ကြီးကို အောက်တိုဘာ ၂၇ ရက်က ဆင်ပြိုင်ကွင်းဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဆုရရှိသော ဆင်များနှင့် ပါဝင်ဖျော်ဖြေခဲ့သော ဆင်များ၊ အသက်အကြီးဆုံးဆင်များကို ဆုများချီးမြှင့်ခဲ့သည်။



ဆင်အက အလှပြိုင်ပွဲ ဘော်ကြယ်ဆင်ပြိုင်ပွဲတွင် မူလပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းခဲ့သည့် ဆင်အဖွဲ့လေးဖွဲ့အနက် နှစ်ဖွဲ့သာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပေါက်တောရပ်ကွက်မှ ရွှေမြန်မာဆင်အဖွဲ့က ပထမရရှိခဲ့သည်။ ကလေးဆင်ပြိုင်ပွဲတွင် ဆင်အဖွဲ့ငါးဖွဲ့ စာရင်းပေးသွင်းသော်လည်း လေးဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆင်အဖွဲ့ သုံးဖွဲ့တွင် သတ်မှတ်ထားသော အသက် (၁၅) နှစ်ကျော်သူများ ဆင်အဖွဲ့အတွင်း ပါဝင်သဖြင့် ဝဏ္ဏသူရဆင်အဖွဲ့မှ ပထမဆုရရှိကြောင်း သိရသည်။

ဆင်ပြိုင်ပွဲ၏ အဓိကပြိုင်ပွဲဖြစ်သော ရိုးရာဆင်အကပြိုင်ပွဲတွင် ပထမဆုကို လှယဉ်ကျေးဆင်အဖွဲ့က လည်းကောင်း၊ ဒုတိယဆုကို ပိတောက်မြိုင်ဆင်အဖွဲ့က လည်းကောင်း၊ တတိယဆုကို ပြည်အားမာန်ဆင်အဖွဲ့တို့က ရရှိခဲ့သည်။

ပြိုင်ပွဲတွင် ဆုရရှိသော ဘော်ကြယ်ဆင် ပထမ ရှစ်သိန်း၊ ဒုတိယ ခြောက်သိန်း၊ ကလေးဆင် ပထမ ခြောက်သိန်းနှင့် ရိုးရာဆင်ပြိုင်ပွဲတွင် ပထမ ၁၀ သိန်း၊ ဒုတိယ ရှစ်သိန်းနှင့် တတိယ ခြောက်သိန်းဖြင့် ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုချီးမြှင့်သည့်အပြင် ကမ္ဘောဇဘဏ်(ကျောက်ဆည်)က လည်း ယင်းဆုကြေးအတိုင်း ချီးမြှင့်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေသောဆင်နှင့် နှစ်(၃၀)ထက် ဆင်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ကမ္ဘောဇဘဏ်(ကျောက်ဆည်)မှ တာဝန်ရှိသူနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ထွန်းထွန်းနိုင်-ကျောက်ဆည်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**✻ ရွှေဖုံးမှ**
ရင်ပြင်တော် တောင်ဘက်ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပြီး သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျင်းပသည်။

ထို့နောက် နံနက် ၉ နာရီခွဲတွင် ဝါတွင်းသီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲ အခမ်းအနားကို ကျင်းပပြီး ညနေပိုင်းတွင် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းရှေ့ စုရပ်မှစတင်၍ ဂေါပကအဖွဲ့ဝင်များ ဦးဆောင်ကာ ဘာသာရေး အသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် ဆီမီးစေတီများ လှည့်လည်ပူဇော်ပြီး တာဝတိံသာ မီးမြင်းမိုရ်ပွဲ အခမ်းအနားကို အရှေ့ဘက်စောင်းတန်းတော်အတွင်း၌ ရွှေတိဂုံစေတီတော်မြတ်အား ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

မရမ်းကုန်းမြို့နယ်ဓမ္မပါလ ကုန်းတော်တွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ (၁၈) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ ဓမ္မပူဇာအခမ်းအနားကို စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားကို စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် မာဃဓိသာစည် ဆရာတော်၏ တပည့်များက အဘိဓမ္မာအခါတော်နေ့ ဓမ္မဒေသနာတော်များကို ရွတ်ဆိုပူဇော်၍ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဝတ်ရွတ်စဉ်များကို ညနေပိုင်းထိ ရွတ်ဆိုပူဇော်ကြပြီး ည ၆ နာရီတွင် စေတီတော် အရဟံရင်ပြင်၌ ဂေါပကအဖွဲ့ဝင်များ၊ စွယ်တော်မြတ်စေတီ သာသနာ့ဝေယျာဝစ္စအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဘုရားဖူးလာပြည်သူများက ဗုဒ္ဓရှင်တော်မြတ်အား ရည်မှန်းကာ စေတီတော်မြတ်အား ဆီမီး ၉၀၀၀ စုပေါင်းထွန်းညှိပူဇော်ကြသည်။

ဆဋ္ဌသင်္ဂါယနာတင် သာသနာ့ သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့) ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်း(၂၁)သင်းမှ အသင်းသား၊ အသင်းသူများဖြင့် ကျင်းပသည်။

အလားတူ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် မီးထွန်းပူဇော်ပွဲနှင့် (၃၈) ကြိမ်မြောက် ပဝါရဏာပွဲကို ကျင်းပသည်။ရှေးဦးစွာ နံနက်အရုဏ်တွင် စေတီတော်ကြီးအား သစ်သီး၊ မုန့်၊ ပန်း၊ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းပြီး ညနေ ၃ နာရီတွင် စေတီတော်သြဝါဒါစရိယ ဆရာတော်များဦးဆောင်ကာ စေတီတော်ဝင်းအတွင်း ပုရိမဝါမှ ထတော်မူကြသောသံဃာတော်များအား ပဝါရဏာပွဲကျင်းပသည်။ ညပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ ဝတ်အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ဗုဒ္ဓဘုရားရှင်အား ရည်မှန်းပူဇော်သောအားဖြင့် ရောင်စုံဆီမီးများဖြင့် စေတီတော်ကြီးကို ထွန်းညှိပူဇော်ကြသည်။

အလားတူ အဘိဓမ္မာပြန့်ပွားရေး အသင်းက ကြီးမှူးကျင်းပသည့် (၆၇) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။ ည ၇ နာရီတွင် သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ (Ph.D,D.Litt)က အဘိဓမ္မာအခါတော်နေ့ ဆိုင်ရာ ဓမ္မဒေသနာတော်ကို ဟောကြားချီးမြှင့်တော်မူသည်။

ထို့အတူ ရန်ကုန်မြို့ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ၊ ဆူးလေစေတီ၊ လောကချမ်းသာ အဘယလာဘမုနိကျောက်တော်ကြီးဘုရား၊ မဟာဝိဇယစေတီ၊ ကိုးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ မယ်လမုစေတီ၊ ကျိုက္ကလို့ကျိုက်ကလဲ့ဘုရား၊ ဥက္ကလာပစေတီ၊ မြို့ဦးစေတီ စသည့် မြို့နယ်များရှိ ဘုရားစေတီများ၌ သက်ဆိုင်ရာဂေါပကအဖွဲ့များက ဦးဆောင်ကာ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပခြင်း၊ ဝတ်အသင်းသား၊ အသင်းသူများက ဓမ္မဒေသနာတော်များကို ရွတ်ဆိုပူဇော်ခြင်းဖြင့် ဓမ္မပူဇာအခမ်းအနားများကို ကျင်းပကြသည်။

သီတင်းကျွတ်ကာလတွင် မြတ်ဗုဒ္ဓဘုရားရှင်က မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သကဲ့သို့ ရဟန်း သံဃာတော်များက အပြစ်ရှိလျှင် ခွင့်လွှတ်တော်မူပါရန် ရဟန်းတစ်ပါးနှင့် တစ်ပါး ပဝါရဏာပြု တောင်းပန်သကဲ့သို့၊ သားသမီးများက မိဘ ဘိုးဘွားများအား လည်းကောင်း၊ ငယ်ရွယ်သူများက မိဘ ဆရာသမားများအား လည်းကောင်း အပြစ်ရှိလျှင် ခွင့်လွှတ်ပါရန် တောင်းပန်ကန်တော့ကြသကဲ့သို့ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အပြုမူကောင်းကို လူကြီးများက လူငယ်များကို လက်ဆင့်ကမ်းပေးဝေနေသည့် ပုံရိပ်ကို တွေ့မြင်ရသည်။

သီတင်းကျွတ်လပြည့်နေ့သည် အစိုးရ ရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ ဘုရားကျောင်းကန်များ၌ အဘိဓမ္မာအခါတော်နေ့ ဓမ္မဒေသနာသံများဖြင့် လွှမ်းခြုံနေသကဲ့သို့ ဥပုသ်သီတင်း သီလခံယူဆောက်တည်သူများ၊ ပန်းခြံ၊ ဥယျာဉ်၊ ကစားကွင်းအသီးသီး၌ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် ပျော်ရွှင်စွာ အနားယူအပန်းဖြေကြသည့် ပြည်သူများ၏ ပျော်ရွှင်ဖွယ်ရာ အသံများကလည်း ဘဝင်ထိတိုင် ပျံ့လွင့်နေသည်။

ညပိုင်းတွင် ဌာနဆိုင်ရာရုံး အဆောက်အအုံများ၊ မြို့နယ်၊ရပ်ကွက်များရှိ ဆွမ်းလောင်းဓမ္မာရုံများ၊ လမ်းများ၊ နေအိမ်များ၌ ဗုဒ္ဓမြတ်ဘုရားရှင်အား ရည်မှန်းပူဇော်သောအားဖြင့် ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ထားသည်ကို ကြည်နူးဖွယ်ရာပုံရိပ်များအဖြစ် မြင်တွေ့ရသည်။ **(သတင်းစဉ်)**


သီတင်းကျွတ်လပြည့်နေ့က မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားစွာတွေ့မြင်ရစဉ်။
ခင်မောင်ဝင်း(ကြေးမုံ)


သီတင်းကျွတ်လပြည့်နေ့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားစွာ တွေ့မြင်ရစဉ်။
ခင်မောင်ဝင်း(ကြေးမုံ)



သီတင်းကျွတ်လပြည့်နေ့ ညပိုင်းက ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်တွင် အများပြည်သူများ တိုးမပေါက်အောင် ကြက်ပျံမကျစည်ကားလျက်ရှိသည့်အပြင် နိုင်ငံခြားသားများလည်း လာရောက်ကြည့်ရှုလေ့လာပူးပေါင်း ပျော်ရွှင်ကြသည်ကို တွေ့ရစဉ်။
ခင်မောင်ဝင်း(ကြေးမုံ)


အများပြည်သူအလုပ်ပိတ်ရက်ဖြစ်သော အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် မဟာဗန္ဓုလ ပန်းခြံ၌ လာရောက်အပန်းဖြေအနားယူနေကြသော ပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိနေသည်ကို ၂၈ ရက် ညနေ ၄ နာရီက တွေ့မြင်ရစဉ်။
စိုးဝင်း(MLA)

## သီတင်းကျွတ်လပြည့်ညတွင် မီးပုံးပျံတစ်လုံးပြုတ်ကျမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှု ခေတ္တဖြစ်ပွားခဲ့ရ

**နေပြည်တော် အောက်တိုဘာ ၂၈**

သီတင်းကျွတ်လပြည့် ညပိုင်းတွင် နိုင်ငံတစ်ဝန်း မီးပြတ်တောက်မှု ခေတ္တဖြစ်ပွားခဲ့သည်။

မီးပြတ်တောက်မှု ဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် ဦးသိန်းသူရအား ဆက်သွယ်မေးမြန်းချက်အရ ည ၇ နာရီခန့် တွင် သပြေဝ ၂၃၀ KV ဓာတ်အားခွဲရုံ Switch Yard အတွင်းရှိ ဓာတ်အား ဖွင့်/ပိတ်ပြုလုပ်သော BUS DS ပေါ်သို့ မီးပုံးပျံတစ်လုံးပြုတ်ကျခဲ့သည့်အတွက် ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်နှင့် ပျဉ်းမနားသို့ ပေါင်းလောင်းစက်ရုံမှတစ်ဆင့် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးခဲ့သည့်အတွက် ၁၅ မိနစ်ခန့်သာ မီးပြတ်တောက်ခဲ့ပြီး ရန်ကုန်မြို့တွင်လည်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ အပိုင်းလိုက် ဖြန့်ဖြူးပေးခဲ့သဖြင့် အချို့နေရာများတွင် ၁၀ မိနစ်ခန့်သာ မီးပြတ်တောက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အချို့နေရာများတွင် ည ၈ နာရီ၊ ၈ နာရီခွဲခန့်မှသာ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် မီးပြတ်တောက်မှုမှာ ည ၇ နာရီ ၁၄ မိနစ်ခန့်မှ ည ၈ နာရီခွဲခန့်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

ည ၈ နာရီခွဲအချိန်အထိ နိုင်ငံတစ်ဝန်းရှိ ၉၀ ရာခိုင်နှုန်းခန့်ကို လျှပ်စစ်မီးပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မံစံနှင့် ရွှေစာရံအပိုင်းတွင် လိုင်း Voltage အခြေအနေအရ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ မီးဖြန့်ဖြူးပေးရန်ကျန်ရှိနေခဲ့သော်လည်း ည ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါအပိုင်းကိုလည်း မီးပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း ဦးသိန်းသူရက ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# နီပေါကွန်မြူနစ်ပါတီဒုဥက္ကဋ္ဌ ဘစ်ရာဒီဗွီဘန်ဒါရီ နီပေါနိုင်ငံ၏ ပထမဆုံးသောအမျိုးသမီးသမ္မတဖြစ်လာ

**ခတ္တမန္ဒူ အောက်တိုဘာ ၂၈**

နီပေါနိုင်ငံ၏ ပထမဆုံးသောအမျိုးသမီးသမ္မတအဖြစ် နီပေါကွန်မြူနစ်ပါတီဒုဥက္ကဋ္ဌ ဘစ်ရာဒီဗွီဘန်ဒါရီအား တင်မြှောက်လိုက်ကြောင်း နီပေါပါလီမန်က အောက်တိုဘာ ၂၈ ရက်တွင် ကြေညာခဲ့သည်။

နှစ်ပေါင်း ၂၄၀ ကြာအုပ်ချုပ်ခဲ့သည့် သက်ဦးဆံပိုင်ဘုရင်စနစ်ဖျက်သိမ်းပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ်သို့ ပြောင်းလဲခဲ့သည့်အချိန်တွင် အသက် (၅၄)နှစ်အရွယ်ရှိ ဘစ်ရာဒီသည် နီပေါနိုင်ငံ၏ ဒုတိယမြောက် သမ္မတဖြစ်လာခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့သည့် နီပေါနိုင်ငံ၏ အခြေခံဥပဒေအသစ်နှင့်အညီ ရွေးကောက်ပွဲတစ်ရပ်ကျင်းပခဲ့ရာ အမတ် ၅၄၁ နေရာတွင် ဘစ်ရာဒီ၏ပါတီက ၃၂၇ နေရာ ဆန္ဒမဲရရှိခဲ့ပြီး ပြိုင်ဘက်နီပေါကွန်ဂရက်ပါတီခေါင်းဆောင် ကူးဗဟာဒါ ဂူးရမ်က ၂၁၄ နေရာသာ ဆန္ဒမဲရရှိခဲ့သည်။

ဘစ်ရာဒီသည် ၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည့် ရမ်ဘာရမ် ရာဒက်ဗ်၏ နေရာကို အစားထိုးဝင်ရောက်လာသူဖြစ်သည်။

ဘစ်ရာဒီသည် အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ထဲတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်နိုင်ရန် ထည့်သွင်းရေးဆွဲနိုင်ရေး အဆိုပြုတောင်းဆိုခဲ့သူတစ်ဦးလည်းဖြစ်သည်။

**ဆင်ဟွာ။**

# ပါရီရာသီဥတုပြောင်းလဲမှုဆွေးနွေးပွဲသို့ ကမ္ဘာ့ခေါင်းဆောင် ၈၀ တက်ရောက်မည်

**ပါရီ အောက်တိုဘာ ၂၈**

ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင် ၈၀ တက်ရောက်မည်ဖြစ်ကြောင်း၊ တက်ရောက်မည့်သူများတွင် ကမ္ဘာ့အဓိကဓာတ်ငွေ့ ထုတ်လွှတ်သည့်နိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံမှအကြီးအကဲများ ပါဝင်မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖေဘီရပ်စ်က ပြောကြားသည်။

အဆိုပါညီလာခံကို နိုဝင်ဘာ ၃၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ၂၀၂၀ ခုနှစ်ပြီးနောက် ကျိုတိုသဘောတူညီချက်ကို အစားထိုးရန်အတွက် ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ မူဘောင်သစ်တစ်ရပ်အပေါ် သဘောတူညီမှုရရှိရန် ရည်ရွယ်သည်ဟု သိရသည်။ အမေရိကန်သမ္မတ အိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အပါအဝင် ဖွင့်ပွဲတက်ရောက်ရန် ကမ္ဘာ့ခေါင်းဆောင်များအား ဖိတ်ကြားမှုများနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံက အပြုသဘောဆောင်သောတုံ့ပြန်မှု ၈၀ ခု ရရှိထားကြောင်း ဖေဘီရပ်စ်ကဆိုသည်။ ပြင်သစ်နိုင်ငံသည် အစည်းအဝေးပထမနေ့ တက်ရောက်ရန်အတွက် ကမ္ဘာ့ခေါင်းဆောင်များအားဖိတ်ကြားရန် ဆုံးဖြတ်ထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် အစည်းအဝေးပထမနေ့မှာ နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရာတွင် တိုးတက်မှုများရရှိရန် သေချာသည့်အတွက်ကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၀၉ ခုနှစ် ကိုပင်ဟေဂင်ဥတုပြောင်းလဲမှုညီလာခံ၌ အစည်းအဝေးနောက်ဆုံးနေ့ တက်ရောက်ရန် နိုင်ငံ့ခေါင်းဆောင်များကို ဖိတ်ကြားခဲ့ကြောင်း သူကသာဓကအဖြစ် ညွှန်းပြလိုက်သည်။ ညီလာခံအဆုံးသတ်တွင် နိုင်ငံ့ခေါင်းဆောင်များက ပြဿနာများကိုဆွေးနွေးမည်ဟု မျှော်လင့်သောကြောင့် စေ့စပ်ညှိနှိုင်းသူများက အစည်းအဝေးပထမနေ့တွင် ပြည့်ပြည့်စုံစုံမဆွေးနွေးခဲ့ကြကြောင်း သူကဆိုသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အဆိုပါ ညီလာခံတက်ရောက်ရန် အပြီးသတ်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းညီလာခံသို့ အာဘေးတက်ရောက်ပါက ဂျပန်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်တက်ရောက်မှု ဖြစ်လာမည်ဖြစ်သည်။

**အန်အိတ်ချ်ကေ။**




## သီရိလင်္ကာနိုင်ငံကိုလံဘိုမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် ဖရန့်လိုင်းဆိုရှယ်လစ်ပါတီဝင်များ ဆန္ဒထုတ်ဖော်

**ကိုလမ်ဘို အောက်တိုဘာ ၂၈**

သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘိုရှိ အမေရိကန်သံရုံးရှေ့တွင် ဖရန့်လိုင်းဆိုရှယ်လစ်ပါတီဝင်များက အမေရိကန်နိုင်ငံအနေဖြင့် ကျူးဘားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများဖြေလျှော့ပေးရေးနှင့် ဆီးရီးယားနိုင်ငံရေးပဋိပက္ခကို ဝင်ရောက်မစွက်ဖက်ရေးတို့ကို တောင်းဆိုကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းများအရသိရသည်။

'ဆီးရီးယားနိုင်ငံအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကိုရပ်၊ ကျူးဘားနိုင်ငံအပေါ် ပိတ်ဆို့ထားသည့် စီးပွားရေးပိတ်ဆို့မှုတွေကို ချက်ချင်းဖြေလျှော့ပေး' စာတန်းများရေးသားထားသည့် လက်ကိုင်ပိုစတာများကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်သူများက မြို့တော်ရှိ အမေရိကန်သံရုံးရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အမေရိကန်အာဏာပိုင်များအနေဖြင့် ကမ္ဘာ့တစ်ဝန်းငြိမ်းချမ်းမှုကို လိုလားသည်ဆိုလျှင် ယခုတောင်းဆိုမှုများကို ချက်ချင်းဖြည့်ဆည်းပေးရန်လိုကြောင်း ဆန္ဒပြသူတစ်ဦးက ဆိုသည်။

ဆန္ဒထုတ်ဖော်သူများက အမေရိကန်နိုင်ငံသည် ဆီးရီးယားပဋိပက္ခတွင် ဝင်ရောက်စွက်ဖက်မှုများပြုနေခြင်းကြောင့် ဆီးရီးယားပြည်သူများ ဥရောပနိုင်ငံများသို့ စစ်ဘေးရှောင်ထွက်ပြေးနေရသည့်အတွက် ဝင်ရောက်စွက်ဖက်မှုများမပြုလုပ်သင့်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ကျူးဘားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ဆီးရီးယားအရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုရေးတို့နှင့်ပတ်သက်ပြီး ကျေနပ်စရာကောင်းသော တုံ့ပြန်မှုမရှိလျှင် လာမည့်သတင်းပတ်သုံးပတ်အတွင်း ဆက်လက်ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း ဖရန့်လိုင်းဆိုရှယ်လစ်ပါတီမှ တာဝန်ရှိသူတစ်ဦးက မီဒီယာသို့ပြောကြားခဲ့သည်။

ယင်းတို့၏ဆန္ဒထုတ်ဖော်မှုသည် နှစ်နာရီတိုင်တိုင်ကြာမြင့်ခဲ့ပြီး ဆန္ဒထုတ်ဖော်စဉ်အတွင်း လုံခြုံရေးတင်းကျပ်ခြင်းများနှင့် ယာဉ်ကြောပိတ်ဆို့မှုများရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**





# အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမည်

**ဝါရှင်တန် အောက်တိုဘာ ၂၈**

အမေရိကန်-ပစိဖိတ်ဒေသစစ်ဌာနချုပ်အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီဟားရစ်**(ဝဲပုံ)**က တရုတ်ကာကွယ်ရေးထိပ်တန်းအရာရှိများနှင့် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာများဆွေးနွေးရန် လာမည့်ရက်သတ္တပတ်တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်းသတင်းများအရ သိရသည်။

ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီဟားရစ်သည် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၂ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်းနှင့် တရုတ်ကာကွယ်ရေးထိပ်တန်းအရာရှိများနှင့် ကာကွယ်ရေးဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ နှစ်နိုင်ငံရေတပ်ဖွဲ့များအကြား မလိုလားအပ်သည့် ပဋိပက္ခများကိုရှောင်ရှားရန် အပြန်အလှန်ယုံကြည်မှုများတည်ဆောက်ထားပြီးဖြစ်ကြောင်း အမေရိကန်စစ်ဘက်မှ ရပ်တည်ချက်ကို ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အမေရိကန်ရေတပ်စစ်သင်္ဘောတစ်စင်း တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံတည်ဆောက်ထားသည့် ကျွန်းတုများအနီး ရေမိုင် ၁၂ မိုင်ခန့်အကွာအဝေးတွင် ခုတ်မောင်းမှုမပြုမီအချိန်ကတည်းက အဆိုပါနှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာဆွေးနွေးမှုကို လုပ်ဆောင်ရန်စီစဉ်ထားပြီးဖြစ်ကြောင်းသိရသည်။

အမေရိကန်စစ်သင်္ဘော တောင်တရုတ်ပင်လယ်အတွင်း ခုတ်မောင်းခဲ့သည့်ဖြစ်ရပ်တွင် ညွှန်ကြားမှုပေးခဲ့သည့်ရေတပ်အရာရှိများအနက် ရေတပ်ဗိုလ်ချုပ်ကြီး ဟားရစ်သည်တစ်ဦးအပါအဝင်ဖြစ်သည့်အတွက် အဆိုပါကိစ္စရပ်ကို ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးသွားဖွယ်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနမှ သတင်းထောက်တစ်ဦးက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

ပြည်တွင်းရေးရာ

# Myanmar Wave Rider Cup and KTA Race Open 2015 ဖွင့်ပွဲကျင်းပ



**ငွေဆောင် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် မြန်မာ့ရွက်လှေအားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ Myanmar Wave Rider Cup and KTA Race Open 2015 ဖွင့်ပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ ငွေဆောင်ရွက်ကလပ်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်ခဲ့ပြီး အဖွင့်အမှာစကားပြောကြားရာ မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ် အစိုးရသစ်လက်ထက်မှစ၍ ဒေသတွင်းနှင့်နိုင်ငံတကာအားကစားပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် (၂၇) ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ကြောင်း၊ ငွေဆောင်ရွက်လှေကလပ်နှင့် အပန်းဖြေစခန်းကို (၂၇)ကြိမ်မြောက်ဆီးဂိမ်း အားကစားပြိုင်ပွဲများ ကျင်းပရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ပါကြောင်း၊ ငွေဆောင်ရွက်လှေကလပ်နှင့် အပန်းဖြေစခန်းသည် မြန်မာနိုင်ငံ၏ ရွက်လှေအားကစားကို ပိုမိုတိုးတက်မှုများရှိအောင်စွမ်းဆောင်ပေးနိုင်ခြင်းသာမက ငွေဆောင်ကမ်းခြေသို့ ခရီးသွားလာမှု ပိုမိုမြင့်မားမှုရှိစေရန်လည်း စွမ်းဆောင်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလာမှုကဏ္ဍတိုးတက်မြင့်မားမှုကို အခွင့်သာလို့ အသိဝေငှပေးစေချင်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် Ngwe Saung Yacht Club and Resort ကိုယ်စား မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အထွေထွေမန်နေဂျာနှင့် ပြိုင်ပွဲ ဖြစ်မြောက်ရေးဒါရိုက်တာအဖြစ် တာဝန်ယူထားသူ ဦးဖုန်းကျော်မိုးမြင့်က မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အနေဖြင့် မြန်မာ့ရွက်လှေ အားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ရွက်လှေအားကစားပြိုင်ပွဲတစ်ခုဖြစ်သည့် Windsurfing အားကစားနည်းကို စတင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဆိုပါ အားကစားနည်းတစ်ခုတည်းမှပင် ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် တစ်ခုရယူပေးနိုင်ခဲ့ပါကြောင်း၊ ယခုထပ်မံ၍ Windsurfing အပါအဝင် မြန်မာနိုင်ငံတွင် လူသိနည်းသည့် Kiteboarding နှင့် Stand Up Paddle (SUP) ကို ခြေလှမ်းသစ်တစ်ရပ်အနေဖြင့် ကျင်းပ၍ မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း။

Kiteboarding Sailing သည် မြန်မာနိုင်ငံအတွက် အားကစားနည်းအသစ် တစ်ခုဖြစ်ပြီး စိတ်လှုပ်ရှားစရာကောင်းသည့် အဆိုပါအားကစားနည်းကို မြန်မာနိုင်ငံအတွင်းဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ Myanmar Wave Rider Cup and KTA Race Open 2015 ကို ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကိုအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် Kiteboard Tour Asia အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးသော ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ အားလုံးကို မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Wave Rider Cup and KTA Race Open 2015 ဖွင့်ပွဲနှင့် ပြိုင်ပွဲအကြိုဂုဏ်ပြုပွဲ အခမ်းအနားသို့တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံပြီး မြန်မာ့ရိုးရာပွဲတော်များတွင် ထင်ရှားသည့် ပွဲတော်တစ်ခုဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ်အဖြစ် ငွေဆောင်ကမ်းခြေတွင် မီးပုံးပျံများ လွှတ်တင်ကာ သီတင်းကျွတ်မီးထွန်းပွဲတော်အား ပျော်ရွှင်စွာဖြင့်ဆင်နွှဲကြသည်။

Myanmar Wave Rider Cup and KTA Race Open 2015သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ အင်္ဂလန်၊ အမေရိကန်၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့မှ အားကစားသမား ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် အားကစားနည်းအမျိုးအစား သုံးမျိုးထည့်သွင်းထားပြီး Windsurfing ကလပ်ပြိုင်ပွဲအတွက် ငါးဦး၊ Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲတွင် ၁၄ ဦး နှင့် Kiteboarding ကလပ်ပြိုင်ပွဲအတွက် ၂၂ ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရွက်လှေပြိုင်ပွဲကျင်းပသည့် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ Ngwe Saung Yacht Club and Resort တွင် ပြည်သူများလာရောက်အားပေးကြည့်ရှုနိုင်ရန် Public Access Area သတ်မှတ်စီစဉ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**❖ကျောဖုံးမှ**

ရနိုင်မည်ဖြစ်သည်။ ယင်းသို့ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား များစွာအထောက်အကူပြုနိုင်မည့် နိုင်ငံတကာအားကစားပြိုင်ပွဲများ မြန်မာနိုင်ငံ၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်မှုအပေါ် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် ပြိုင်ပွဲစီစဉ်သူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။



Willy kerr



ဦးဖုန်းကျော်မိုးမြင့်။



ထက်ဝေလင်း။



ဦးသီဟန်စိုး။



မင်းမင်း။

**ကိုဇေယျာဝင်း (ပြိုင်ပွဲဝင်ကစားသမား)**

Kiteboarding အားကစားနည်းပြိုင်ပွဲမှာ ကျွန်တော်ဝင်ပြိုင်မှာပါ။ ဒီအားကစားနည်းမှာ မြန်မာဆိုလို့ ကျွန်တော်တစ်ယောက်တည်း ဝင်ပြိုင်မှာပါ။ ပြည်ပအားကစားသမားက အယောက် ၂၀ ဝင်ပြိုင်မယ်။ ထိုင်းနိုင်ငံဖူးခက်မှာ အလုပ်လုပ်ရင်း ကစားခဲ့တာ Kiteboarding အတွက် အတွေ့အကြုံ ခြောက်နှစ်ရှိပါပြီ။ ဒီကစားနည်းက boat လို့ခေါ်တဲ့ သစ်ပြားပေါ်မှာ မတ်တပ်ရပ်ပြီး ခါးမှာ ခါးပတ်နဲ့ လေထီးကိုချိတ်ပြီး လေထီးဖွင့်စီးရတဲ့ကစားနည်းပါ။ လေမရှိရင်သွားလို့မရဘူး။ စွန်လွှတ်တဲ့ပုံစံမျိုးပါ။ ကျွန်တော့် အတွေ့အကြုံတွေကို ဒီက မြန်မာအားကစားသမားတွေကို မျှဝေပေးသွားမယ်။ ဒီအားကစားနည်းက ပျော်ဖို့လည်း ကောင်းတယ်။ ပြိုင်ပွဲမှာဆုရဖို့အတွက် မျှော်လင့်ထားပါတယ်။

**Willy kerr (Kiteboard Tour Asia (KTA) director)**

လှပတဲ့သောင်ပြင်နဲ့ ဒီပင်လယ်ပြင်ကြီးမှာ ပြိုင်ပွဲလုပ်ဖို့အတွက် ရွေးချယ်ဖြစ်တာက ဒီကမ်းခြေက နေရာဒေသကောင်းတယ်။ မြန်မာနိုင်ငံက အခုနောက်ပိုင်း ပွင့်လင်းလာပြီဆိုတော့ ဒီကိုလာပြီး ကျင်းပဖြစ်တာပါ။ KTA နဲ့ပတ်သက်တဲ့သူအနေနဲ့ရော နိုင်ငံခြားသား ခရီးသွားဧည့်သည် တစ်ယောက်အနေနဲ့ပါ ဒီကိုလာရတာ တော်တော်လေးကိုနှစ်သက်တယ်။ နောက်တစ်ကြိမ်လည်းလာဦးမှာပါ။ ကျွန်တော်တို့ KTA ဆိုတာကလည်း ကြီးမားတဲ့ အဖွဲ့အစည်းတစ်ခုပါ။ ငွေဆောင်က ဘယ်လိုသာယာတယ်။ သန့်ရှင်းတယ်။ လှပတယ်ဆိုတာ ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းတွေနဲ့ ကြော်ငြာဖိုင်တွေလုပ်ပြီးလွှင့်သွားဖို့ ရှိပါတယ်။ KTA နဲ့ပတ်သက်တဲ့ နိုင်ငံပေါင်း ၄၀ လောက်ရှိတယ်။ မြန်မာနိုင်ငံမှာ လုပ်ဖြစ်တဲ့ ဒီပြိုင်ပွဲအတွက်ရော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့အတွက်ပါ ကြော်ငြာကဏ္ဍကို သေချာပေါက်လုပ်ပေးဖြစ်မှာပါ။

**ဦးဖုန်းကျော်မိုးမြင့်(မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အထွေထွေမန်နေဂျာ)**

ဒီပွဲကို လုပ်ချင်ခဲ့တာကြာခဲ့ပြီ။ အခုတော့အကောင်အထည် ဖော်နိုင်ခဲ့ပါပြီ။ ဒီပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်ဖို့အတွက် မြန်မာအားကစားသမားတော်တော်များများကို အား/ကာ သိပ္ပံကျောင်းကနေ ခေါ်ထားတာပါ။ တချို့ကတော့ ရွက်လှေအသင်းက အသင်းဝင်တွေပါ။ အသက် အငယ်ဆုံးက ၁၂ နှစ်နဲ့ အသက် အကြီးဆုံးက ၃၀ ကျော်လောက်အထိ ပါတယ်။ အမျိုးသမီး အားကစားသမားတွေလည်း ဒီပြိုင်ပွဲမှာ ဝင်ပြိုင်တယ်။ ဒီပြိုင်ပွဲတွေကရွက်လှေအားကစားပြိုင်ပွဲလိုမဟုတ်ဘူး။ လူတိုင်းလိုလိုကစားလို့ရတယ်။ ဒီလိုပြိုင်ပွဲတွေကျင်းပပြီးရင်တော့ တစ်ကမ္ဘာလုံးက မြန်မာပြည် ငွေဆောင်ကမ်းခြေမှာ surfing boarding လုပ်လို့ရတယ်ဆိုတာ သိသွားပြီ။ ငွေဆောင်အတွက်လည်း အတော်ကောင်းသွားမယ်။ surfingက ကမ္ဘာမှာ ကျော်ကြားတယ်။ လူတွေအတော်ကြိုက်ကြတယ်။ ၂၀၁၇ အိုလံပစ်မှာ kiteboardingနဲ့ surfing ထည့်မယ်လို့တော့သတင်းကြားထားတယ်။ထည့်မယ်ဆိုရင် မြန်မာနိုင်ငံက အားကစားသမားတွေအတွက် အဆင်သင့်ဖြစ်သွားမှာပါ။

**စိုင်းပြည့်စုံဟိန်း(ပြိုင်ပွဲကမ်းခြေလုံခြုံရေး ကြီးကြပ်တာဝန်)**

ငွေဆောင်မှာရွက်လှေနဲ့ပတ်သက်ပြီးပြိုင်ပွဲလုပ်ဖြစ်တာ ပထမဆုံးအကြိမ်အနေနဲ့ ၂၀၁၃ ခုနှစ်ကလုပ်တဲ့ (၂၇) ကြိမ်မြောက် ဆီးဂိမ်းတုန်းကပါ။ အဲ့ဒီတုန်းက နိုင်ငံတကာအဆင့်ဖြစ်ပေမယ့် အခုက နိုင်ငံတကာက ပါပေမယ့် ကလပ်အဆင့်လောက်ပဲ ဖိတ်ခေါ်ပြိုင်ပွဲလုပ်တာပါ။ ပြိုင်ပွဲအနေနဲ့က (၃)မျိုးပါ။ windsurfing, Stand Up Paddle(SUP)နဲ့ kiteboarding ပါ။မြန်မာအားကစားသမားတွေအနေနဲ့ အများစုက SUP မှာဝင်ပြိုင်ကြမယ်။

ငွေဆောင်မှာ (၂၇) ကြိမ်မြောက် ဆီးဂိမ်းတုန်းကလုပ်ခဲ့တဲ့ ရွက်လှေပြိုင်ပွဲက အောင်မြင်ခဲ့တယ်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ တိုင်းပြည်တွေကလည်း ကြိုက်တဲ့အတွက် အရှေ့တောင်အာရှနိုင်ငံတွေမှာ ဒီငွေဆောင်ကမ်းခြေက ဂုဏ်ယူလို့ရတဲ့အနေအထားရှိပါတယ်။ မြန်မာကမ်းရိုးတမ်းက သန့်ရှင်းသပ်ရပ်မှုရှိသေးတယ်။ ၂၀၁၃ ဆီးဂိမ်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ Green, Cleanနဲ့ Friendship ဆိုတဲ့ဆောင်ပုဒ်ကိုလည်း အများကြီးဖော်ပြနိုင်ခဲ့တယ်။ ဒီငွေဆောင်ကမ်းခြေမှာပြိုင်ပွဲတွေဆက်လုပ်ဖို့ ရွက်လှေနဲ့ဆက်စပ်တဲ့ အခြားနိုင်ငံတွေကလည်း အဆိုပြုတယ်။ နောက်ထပ်လည်း ဒီနေရာမှာ ပြိုင်ပွဲတွေကျင်းပဖို့ရှိသေးတယ်။ ခုနောက်ပိုင်း မတ်တပ်ရပ်ပြီးလှော်တဲ့ ကစားနည်းကို ကမ္ဘာက စိတ်ဝင်စားမှုပိုများလာတော့ ပြိုင်ပွဲဝင်ဖို့ မဟုတ်ရင်တောင် တချို့က အပန်းဖြေအပျော်စီးအနေနဲ့ စိတ်ဝင်စားမှုရှိလာတယ်။ ကမ္ဘာလှည့်တွေ ဒီငွေဆောင်ကမ်းခြေကို ရွက်လှေအပျော်စီးချင်လို့ပဲဖြစ်ဖြစ်၊ ပြိုင်ပွဲဝင်ချင်လို့ပဲဖြစ်ဖြစ် မြန်မာနိုင်ငံမှာ ဒါမျိုးလုပ်လို့ရတယ်ဆိုတာ ကမ္ဘာလှည့်ခရီးသွားတွေသိသွားရင် ဒီကမ်းခြေကို စိတ်ဝင်စားမှုများလာမှာ။ အဓိကကတော့ ဟိုတယ်နဲ့ ခရီးသွားလာရေးဖွံ့ဖြိုးဖို့အတွက်လည်း အများကြီးပါပါတယ်။

**ထက်ဝေလင်း (Stand Up Paddle) ပြိုင်ပွဲဝင်ကစားသမား**

ကျွန်တော်က အားကစားနဲ့ ကာယပညာသိပ္ပံမှာ ကျောင်းတက်နေပါတယ်။ အသက်က (၁၄) နှစ်ပါ။ အခု (Stand Up Paddle) ကစားနည်းမှာ ဝင်ပြိုင်မှာပါ။ ဒါကမြန်မာနိုင်ငံမှာ ပထမဆုံးဆိုတော့ အတွေ့အကြုံရအောင်ပါ။ ရန်ကုန်ရွက်လှေကလပ်မှာလည်းဝင်ပြိုင်ဖူးပါတယ်။ ဒီကစားနည်းကိုပိုစိတ်ဝင်စားတယ်။ လှေလှော်တာကအစ အားစိုက်လှော်ရတယ်။ လှိုင်းစီးတဲ့ အတွေ့အကြုံတွေ အများကြီးရပါတယ်။ ကျွန်တော်က ရွက်လှေအားကစားနည်းကို ဝါသနာပါတယ်။ ကျွန်တော် ၁၂ နှစ်ကတည်းက အား/ကာသိပ္ပံကျောင်းရောက်နေတာပါ။ အဲ့ဒီမှာ စာသင်ကျောင်းလည်း တက်ရတယ်။ လစာလည်း ရတယ်။

**ဦးသီဟန်စိုး(Stand Up Paddle အားကစားပြိုင်ပွဲစီစဉ်သူ)**

ဒီပွဲက ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲလုပ်တဲ့ ပုံစံပါ။ တခြားနိုင်ငံတွေက ကစားသမားတွေကိုလည်း ပြိုင်ပွဲဝင်ဖို့ ဖိတ်ခေါ်ပြီး ကလပ်ပြိုင်ပွဲတစ်ခုလုပ်တာပါ။ ရွက်လှေပြိုင်ပွဲလောက်စည်းကမ်းမတင်းကျပ်ထားဘူး။ အဓိကက safety ပိုင်းပါ။ ရွက်လှေပြိုင်ပွဲတွေက အစုအဖွဲ့နဲ့ teamwork ပုံစံမျိုးကစားရတာ။ ဒီကစားနည်းက တစ်ဦးချင်းစွမ်းဆောင်ရည်အပေါ်မှာလည်း မူတည်တယ်။ kiteboarding ကစားနည်းကတော့ လေတိုက်နှုန်း ကောင်းတဲ့ ကမ်းခြေတွေမှာ လုပ်လို့ရတယ်။ ဒီလိုပြိုင်ပွဲတွေကြောင့် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့အတွက် အထောက်အပံ့ဖြစ်စေပါတယ်။

**မင်းမင်း(မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်) windsurfing ကစားနည်းလက်ထောက်နည်းပြ**

အရင်တုန်းက Stand Up Paddle (SUP) နဲ့ Kiteboarding ပြိုင်ပွဲတွေကို ယူကျူ့စ်ကနေ download ဆွဲပြီး လေ့လာရတယ်။ လေ့ကျင့်ရတယ်။ ဒီကစားနည်းတွေကရွက်လှေကစားနည်းနဲ့ကွာတယ်။ Kiteboard ကစားနည်းက လက်နဲ့လှော်ရတယ်။ လှိုင်းကြည့်ရတယ်။ လှိုင်းစီးရတယ်။ ပြိုင်နေတဲ့ တစ်ယောက်က ကိုယ့်ရှေ့ရောက်နေပေမယ့် လှိုင်းမမိလို့ သူ့နောက်က တစ်ယောက်က လှိုင်းမိသွားလို့ ကျော်သွားရင်လည်း နိုင်သွားတတ်တယ်။ ဒီလို ကစားနည်းတွေကနိုင်ငံခြားသားတွေ စိတ်ဝင်စားတဲ့ ကစားနည်းတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံကို ဒီကစားနည်းတွေ ရောက်လာတာ ကောင်းပါတယ်။ နိုင်ငံခြားမှာပဲ ရှိတာမဟုတ်ဘဲ ကိုယ့်မြန်မာနိုင်ငံမှာလည်းရှိလာတော့ ကျွန်တော်တို့ ရွက်လှေအဖွဲ့လည်း တိုးတက်သလို မြန်မာနိုင်ငံအတွက်လည်း ခရီးသွားလုပ်ငန်းကအစ အားလုံးတိုးတက်လာမှာပါ။ ။

❑❑❑

ဆောင်းပါး

# အဘိဓမ္မာ အခါတော်နေ့

ဦးကျော်စိန် (မန္တလေး)

ဗုဒ္ဓဘာသာဝင်သူတော်စင်များက “သီတင်းကျွတ်လပြည်နေ့”ကို “အဘိဓမ္မာအခါတော်နေ့”ဟု သတ်မှတ်ပြီး အထွတ်အမြတ်ထားရှိကြပါသည်။ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ကဏ္ဍမည်သော ဥယျာဉ်မှူး စိုက်ပျိုးအပ်သည့် သရက်ပင်ရင်း၌ ယမကပါဋိဟာရိယ၊ ယမိုက်ပြာဋိဟာ တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ယင်းနောက် ရှေးရှေးနောင်တော်ဘုရားရှင်တို့သည် တန်ခိုးပြာဋိဟာကို ပြတော်မူပြီး အဘယ်အရပ်၌ ဝါကပ်တော်မူကြသနည်းဟု ဆင်ခြင်တော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအား **“အဘိဓမ္မာတရား”** ဟောကြားတော်မူမြဲဖြစ်ကုန်၏ဟု သိမြင်တော်မူ၏။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်ကြွချီတော်မူရန် လက်ယာခြေတော်ကို ချီမြှောက်၍ ယုဂန္ဓိုရ် တောင်ထိပ်၌ချ၏။ လက်ဝဲခြေတော်ကို ချီမြှောက်တော်မူ၍ မြင်းမိုရ်တောင်ထိပ်၌ချကာ ခြေလှမ်းနှစ်လှမ်းတည်းဖြင့် လူ့ပြည်မှ တာဝတိံသာနတ်ပြည်သို့ ရောက်ရှိတော်မူကာ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ခုနစ်ဝါမြောက် ဝါကပ်ဆိုတော်မူ၏။

မြတ်စွာဘုရားရှင်သည် အမိကျေးဇူးဆပ်အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူရန် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ သီတင်းသုံးထိုင်နေတော်မူ၏။ ဝါကပ်တော်မူသော မြတ်စွာဘုရားထံမှောက်သို့ ဇာတိခေတ်စကြဝဠာပေါင်း တိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့သည် အဘိဓမ္မာတရားတော်မြတ်ကို နာယူနိုင်ကြရန် ဝန်းရံဆည်းကပ်ကြကုန်၏။

မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည် မိမိ၏စံနေရာ တုသိတာဘုံမှ ဆင်းသက်လာလတ်၍ မြတ်စွာဘုရားရှင်၏ ရှေ့တော်ဝယ် လက်ယာနံပါး၌ ရှိသေစွာထိုင်နေ၏။ ဣန္ဒကနတ်သားသည်လည်း မြတ်စွာဘုရားရှင်၏ ထံမှောက်သို့ လာရောက်၍ လက်ယာနံပါး၌ပင် ထိုင်နေလေ၏။ အင်္ကုရနတ်သားသည် လက်ဝဲနံပါး၌ ထိုင်နေလေ၏။ ထိုနတ်သားနှစ်ယောက်တို့တွင် သာသနာတွင်း သာသနပကုသိုလ်များ၏ အကျိုးကို ခံစားကြရသည့်အတွက် အင်္ကုရနတ်သားသည် တန်ခိုးကြီးသော နတ်၊ ပြဟ္မာတို့လာတိုင်း နောက်သို့ဆုတ်၍ နေရာပေးရသဖြင့် မြတ်စွာဘုရားမှ ဆယ့်နှစ်ယူဇနာ ဝေးကွာသော နေရာကိုရ၍ ဣန္ဒကနတ်သားမူကား မိမိနေမြဲမူလနေရာ၌ပင် မရွှေ့မပြောင်းရဘဲ ထိုင်နေလေ၏။

နတ်၊ ပြဟ္မာပရိသတ်တို့အလယ်၌ မြတ်ဗုဒ္ဓသည် “ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ” အစရှိသောနည်းဖြင့် ကောင်းကင်မှ မြစ်ကြီးတသွင်သွင်စီးသည့်အလား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူ၏။ မြတ်စွာဘုရားရှင်သည် ဆွမ်းခံချိန်ကျရောက်သောအခါ နိမ္မိတရုပ်ပွားကိုယ်တော်စားကို ဤမျှအတိုင်းအရှည်ရှိသော တရားတော်မြတ်ကို ငါ၏ကိုယ်စား ဟောကြားရစ်စေသားဟူ၍ အဓိဋ္ဌာန်တော်မူပြီးလျှင် သပိတ်သက်န်းကို ယူဆောင်တော်မူကာ **“အနော်တတ်အိုင်”**သို့ ကြွတော်မူ၏။

အနော်တတ်အိုင်၌ ရေချိုးသန့်စင် ကိုယ်တော်ကို သုတ်သင်ပြီးသော် နှစ်ထပ်သက်န်းကြီးကို ဝတ်ရုံတော်မူလျက် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ လှူဒါန်းဆက်ကပ်အပ်သော ကျောက်ညိုသပိတ်ကိုယူတော်မူပြီး ဥတ္တရကုရုမြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။ ဆွမ်းခံပြီးနောက် အနော်တတ်အိုင်၏ ဆိပ်ကမ်းထက် ထိုင်နေတော်မူလျက် ဆွမ်းဘုဉ်းပေးပြီးလျှင် နေ့သန့်တော်မူရန် စန္ဒကူးတောသို့ ကြွတော်မူ၏။

တရားစစ်သူကြီး ဖြစ်တော်မူသော **“အရှင်သာရိပုတ္တရာမထေရ်”**သည် စန္ဒကူးတောသို့သွားရောက်၍ မြတ်စွာဘုရားရှင်အား ဝတ်ကြီးဝတ်ငယ်ပြု၏။ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား ချစ်သား ငါဘုရားသည် ဤမျှသော အဘိဓမ္မာတရားတို့ကို ဟောကြားအပ်ခဲ့ပြီဟု နည်းပေးကာ အကျဉ်းချုပ် ညွှန်ပြဟောကြားတော်မူသည်။ ပဋိသမ္ဘိဒါဉာဏ်လေးပါးသို့ ရောက်တော်မူပြီးသော အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်သည် နည်းပေါင်းအရာအထောင်အသိန်းတို့ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အဘိဓမ္မာတရားတော်များ ထင်လင်းလေတော့၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အဘိဓမ္မာတရားတော်မြတ်ကို ဆောင်တော်မူခဲ့၍ မိမိ၏အတူနေ ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သောနည်းဖြင့် တစ်ဖန်ပြန်၍ ဟောကြားတော်မူ၏။

အတူနေ တပည့်ရဟန်းငါးရာတို့သည် ကဿပ မြတ်စွာဘုရား လက်ထက်တော်အခါက လင်းနို့ငယ်မျိုး၌ ဖြစ်ကြ၍ လိုဏ်ခေါင်းတစ်ခု၌ တွဲလောင်းဆွဲကာနေကြစဉ် အဘိဓမ္မာပိဋကကို ရွတ်ဖတ်သရဇ္ဈာယ်ကြသော အဘိဓမ္မာပိဋကဆောင် ရဟန်းတော်နှစ်ပါးတို့၏ အဘိဓမ္မာတရားသံ၌ အာရုံနိမိတ်ယူခြင်းမျှဖြင့် စုတိပြတ်ကြွေသေလွန်ခဲ့ကြပြီးသော် နတ်ပြည်၌ ဖြစ်ကြကုန်၏။ လင်းနို့သားဖြစ်ဖူးသည့် နတ်သားငါးရာတို့သည် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့၏အကြား တစ်ခုသော ဗုဒ္ဓန္တရအသင်္ချေယျကာလပတ်လုံးအပါယ်သို့ မလားရောက်ကြဘဲ နတ်ပြည်၌ ဘဝတစ်ခုပြီးတစ်ခုဖြစ်ကြကာ နေခဲ့ကြပြီးလျှင် ဂေါတမဘုရားရှင်ထက်တော်အခါ၌ လူ့ပြည်၌ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားရှင်တန်ခိုးပြဋိဟာ ပြတော်မူသည်ကို ကြည်ညိုသဒ္ဓါဖြစ်ပွားကြကာ အရှင်သာရိပုတ္တရာမထေရ်၏ထံ၌ ရှင်ရဟန်းပြုကြ၏။ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရား ဟောကြားလိုက်သော အဘိဓမ္မာတရားတော်မြတ်ကို နေ့စဉ်ဆောင်ယူတော်မူခဲ့၍ မိမိ၏အတူနေ တပည့်ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သောနည်းဖြင့် နေ့စဉ်ဟောကြားပို့ချတော်မူ၏။

မြတ်စွာဘုရားရှင်သည် ဝါတွင်းသုံးလပြည့်မြောက်သော သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရားတော်မြတ်ကို ဟောကြား၍ ပြီးဆုံးလေ၏။ ကုဋေပေါင်းရှစ်သောင်းသော နတ်၊ ပြဟ္မာတို့သည် သစ္စာလေးပါးတရား သိမြင်ကျွတ်တမ်းဝင်ကြကုန်၏။ မယ်တော်မိနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တာဝတိံသာနတ်ပြည်သို့ တန်ခိုးဖြင့် ကြွချီတော်မူ၍ မြတ်စွာဘုရားရှင်အား အဘယ်အခါ၌ လူ့ပြည်သို့ ဆင်းသက်တော်မူပါမည်နည်းဟု လျှောက်ထား၏။ မြတ်စွာဘုရားရှင်က သာရိပုတ္တရာသည် အဘယ်အရပ်၌ ရှိလေသနည်းဟု မေးတော်မူ၏။ မဟာမောဂ္ဂလာန်မထေရ်မြတ်က အရှင်သာရိပုတ္တရာမထေရ်သည် သင်္ကဿမြို့၌ ဝါကပ်ဆိုကြောင်း ပြန်လည်လျှောက်ထား၏။

မြတ်စွာဘုရားရှင်က သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သင်္ကဿမြို့တံခါး၌ ကြွဆင်းအံ့။ ဖူးမြော်လိုသူတို့သည် သင်္ကဿမြို့တံခါးသို့ လာရောက်ကြကုန်လော့ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားရှင်သည် သီတင်းကျွတ်လပြည့်နေ့၌ လူ့ပြည်သို့ ပြန်ကြွတော့အံ့ဟု သိကြားမင်းအား မိန့်တော်မူ၏။ သိကြားမင်းသည် ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းလေ၏။ ထိုစောင်းတန်းသုံးသွယ်အနက် လယ်ယာဘက်မှ ရွှေစောင်းတန်းသည် နတ်များအတွက်၊ လက်ဝဲဘက်မှ ငွေစောင်းတန်းသည် ပြဟ္မာကြီးများအတွက်၊ အလယ်မှ ပတ္တမြားစောင်းတန်းသည် မြတ်စွာဘုရားရှင်အတွက် ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်သည် နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူအံ့သောငှာ မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ ရေမီးအစုံစုံ တန်ခိုးပြဋိဟာကို ပြတော်မူ၏။ ယင်းနောက် အထက်ကောင်းကင်သို့ ကြည့်တော်မူသောအခါ အကနိဋ္ဌပြဟ္မာပြည်တိုင် အောင်သောအရပ်၌ အပိတ်အပင်အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တစ်ပြင်တည်းသာလျှင် ဖြစ်လေ၏။ အောက်အရပ်ကို ကြည့်တော်မူပြန်လျှင် အဝီစိငရဲတိုင်အောင်သောအရပ်၌ အပိတ်အပင်အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တစ်ပြင်တည်းသာလျှင် ဖြစ်လေ၏။ တူရူအရပ်၊ အထောင့်အရပ်တို့ကို ကြည့်တော်မူပြန်လျှင် ပတ်ဝန်းကျင်မှ စကြာဝဠာတိုက်ပေါင်း ထောင်ပေါင်းများစွာတို့သည် အပိတ်အပင်အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တစ်ပြင်တည်းသာလျှင် ဖြစ်ကုန်၏။ သို့ဖြစ်ရကား နတ်၊ ပြဟ္မာတို့ကလည်း လူတို့ကို မြင်ကြရကုန်၏။ လူတို့ကလည်း နတ်၊ ပြဟ္မာတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြကုန်၏။

တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူရာ၌ ရွှေစောင်းတန်းဖြင့် နတ်များဆင်းသက်လိုက်ပါလာကြ၍ ငွေစောင်းတန်းဖြင့် ပြဟ္မာကြီးများ သက်ဆင်းလိုက်ပါလာကြ၏။ အလယ်ပတ္တမြားစောင်းတန်းဖြင့် မြတ်စွာဘုရားရှင် သက်ဆင်းတော်မူ၏။ ပဉ္စသိခ်နတ်သားသည် ဗေဠုဝစောင်းကိုပိုက်လျက် စောင်းတီး၍ ပူဇော်မှုပြုလျက်လိုက်ပါလာ၏။ သုယာမနတ်မင်းသည် စာမရီသားမြီးယပ်ကိုခပ်လျက် ပူဇော်ကာလိုက်ပါလာ၏။ သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို တလွှဲလွှဲခပ်လျက် ပူဇော်လိုက်ပါလာ၏။ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကိုမှုတ်လျက် ပူဇော်လိုက်ပါလာ၏။ ကြွင်းသော စကြဝဠာတိုက်တို့၌နေကြသော နတ်တို့သည်လည်း အထူးထူးသောပူဇော်မှုကို ပြုကြလျက် လိုက်ပါကြလေ၏။ ငွေစောင်းတန်းမှ မဟာပြဟ္မာကြီးသည် ပြဟ္မာထီးဖြူကြီးကို ဆောင်းမိုးပူဇော်ကာ သက်ဆင်းလိုက်ပါလာကြ၏။

မြတ်စွာဘုရားရှင်သည် များစွာသော နတ်၊ ပြဟ္မာပရိသတ် အခြံအရံဖြင့်သက်ဆင်းတော်မူ၍ သင်္ကဿမြို့တံခါး စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင်ပင် အရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာရှိခိုးပူဇော်၏။ မြတ်စွာဘုရားရှင်၏ လက်ယာခြေတော်ကို ပထမဦးစီးချရာ အရပ်ဌာနသည် ခပ်သိမ်းသောဘုရားရှင်တို့၏ မစွန့်အပ်သော **“အဝိဇဟိတလေးဌာန”**တွင် တစ်ဌာနအပါအဝင် ဖြစ်လေတော့၏။ မြတ်စွာဘုရားရှင်သည် မယ်တော်မိနတ်သားအား ကျေးဇူးဆပ်အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့၌ လူ့ပြည်သို့ သက်ဆင်းကြွရောက်တော်မူသည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို “အဘိဓမ္မာအခါတော်နေ့”ဟု သတ်မှတ်ပြီး အထွတ်အမြတ်ထားကြပါသည်။

**“အဘိဓမ္မာအခါတော်နေ့”**၌ အဘိဓမ္မာတရားတော်မြတ်ကို နာကြားကြရသော သူတော်ကောင်းအပေါင်းတို့သည်လည်း ကျေးဇူးရှိသော သူတို့၏ ကျေးဇူးကိုသိ၍ ကျေးဇူးဆပ်ကြပြီးလျှင် စီးပွားဥစ္စာတိုးတက်ကြလျက် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းဟု ဆိုအပ်သော သစ္စာလေးပါးတရားတို့ကို သိမြင်ပြီးသည်၏အဆုံး၌ တရားထူးကိုရကြ၍ နိဗ္ဗာန်ချမ်းသာကို ကိုယ်စီကိုယ်င မျက်မှောက်ပြုနိုင်ကြပါစေဟူ၍ ဆုတောင်း ပတ္ထနာပြုရပါသည်။

# ရမည်းသင်းမြို့တွင် နှစ်ကျိုပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်ဘုရားကြီး အကျိုးတော်ဆောင်အဖွဲ့က စီစဉ်ကျင်းပသော နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကို ရမည်းသင်းမြို့တွင် စဉ်ဆက်မပြတ်ကျင်းပလာခဲ့ရာ (၁၇)ကြိမ်ပြည့်မြောက်ခဲ့ပြီဟုသိရပြီး နှစ်ကျိပ်ရှစ်ဆူဘုရားပင့်ဆောင်ကြသော ကားများကို ဌာနဆိုင်ရာများ၊ ရပ်ကွက်များ၊ အလှူ့ရှင်များ၊ အသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ကုမ္ပဏီများ၊ ပရဟိတအသင်းအဖွဲ့များက ပုံစံအမျိုးမျိုးပြုလုပ်၍ ကားများပေါ်တွင် ပလ္လင်တင်ကာ ယင်းပလ္လင်ပေါ်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပင့်ဆောင်ပြီး ထီးဖြူ ရွှေထီး၊ တံခွန်၊ ကုက္ကား၊ ဘုရားပန်းကုံး၊ သာသနာ့အလံများ၊ ရောင်စုံမီးစကြာစက်ဝိုင်းများဖြင့် အလှဆင်ကာ သာယာငြိမ့်ညောင်းသော ဓမ္မတေးသံသာများဖွင့်၍ မြို့တွင်းရပ်ကွက်အသီးသီးသို့ လှည့်လည်အပူဇော်ခံခြင်းဖြစ်သည်။



ယင်းသို့ လှည့်လည်ရာတွင် သီတင်းကျွတ်လပြည့်နေ့ ညနေ ၃ နာရီတွင် စုရပ်ဖြစ်သော ရန်အောင်မြင်သာသနာ့ဗိမာန်ရှေ့မှစ၍ ဘုရားပင့်ဆောင်သောကားများ စတင်အပူဇော်ခံထွက်ရှိသည်ဖြစ်ရာ ရပ်ကွက်အတွင်းနေ ပြည်သူများက ကြည်ညိုဖူးမြော်၍ နဝကမ္မဝတ္ထုငွေနှင့်အတူ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ သစ်သီးမျိုးစုံတို့ကို ဆက်ကပ်လောင်းလှူကြသည်။

ယခုနှစ်တွင် ထူးခြားစွာဖြင့် မန္တလေးမြို့မ တေးဂီတနှင့်အတူ နန်းခင်မွှေး၊ မိုးမင်း၊ အောင်ကျော်ဆန်း၊ ဇာနည်အောင် စသည့် အဆိုတော်များက ညှော့ခံဖျော်ဖြေကြရာ မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

“အရင်နှစ်ကထက် ပိုပြီးစည်ကားတယ်လို့ ပြောရမယ်။ တစ်နှစ်ထက်တစ်နှစ် ဘုရားပင့်ဆောင်ကြတဲ့ အဖွဲ့တွေကလည်း ဒီနှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲမှာ အားတက်သရောပါဝင်လာတာကို တွေ့ရတယ်။ တစ်မြို့လုံးလှည့်လည် အပူဇော်ခံတဲ့အတွက် များစွာ စိတ်ချမ်းမြေ့စရာကောင်းပါတယ်”ဟု အသက် (၇၀) ကျော် အဘိုးတစ်ဦးက ပြောသည်။

ယင်းသို့ နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲမှရရှိသော လှူဒါန်းငွေအစုစုတို့ကို ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်ဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးလုပ်ငန်းရပ်များအတွက် အသုံးပြုသွားသည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

❑

ပြည်တွင်းရေးရာ

# မန္တလေးမြို့တော်တွင် တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးပြည်သူ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၈**

ယနေ့သည် ဗုဒ္ဓဘာသာနွယ်ဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်နှင့်အညီ မန္တလေးမြို့အတွင်းရှိ အထင်ကရ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီ၊ ပုထိုး၊ ဓမ္မာရုံများတွင် ကုသိုလ်ပြုကြသူများ၊ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲများ၊ သံဃာတော်များ၏ ပဝါရဏာပွဲများ၊ ပူဇော်ကန်တော့ပွဲများကို ပျော်ရွှင်စွာ ကျင်းပကြပြီး ဓမ္မစကြာဝတ်အသင်းများနှင့် ဘုရားဖူးလာပြည်သူများသည် ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ လာရောက်ကပ်လှူပူဇော်ကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့တွင် နံနက် ၄ နာရီက မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ် **(ယာပုံ)**အား ရေတော်ဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌအရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော်မူအဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ သစ်သီး၊ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။

ထို့ပြင် ရွှေကျီးမြင်ဘုရား၊ ဝါခင်းဘုရား၊ ဘုရားနီဘုရား၊ တဝဂူဘုရား၊ ချမ်းသာကြီးချမ်းသာရဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရားနှင့် အောင်တော်မူအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ဘုရားတို့၌ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ မြို့နယ်များမှ ရပ်ကွက်ဓမ္မာရုံအသီးသီးတို့ရှိ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဝါတွင်းဆွမ်းသိမ်း သီလခံယူပွဲ၊ ဆွမ်းတော်ကြီး ကပ်လှူခြင်းတို့နှင့် ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်း ကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ညပိုင်းတွင် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ မဟာမုနိဘုရားကြီး၊ အောင်တော်မူ ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဘုရားအပြင် မန္တလေးချမ်းအေးသာစံမြို့နယ်ရှိ သမိုင်းဝင်ဆုတောင်းပြည့် ချမ်းသာရမြတ်စွာဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်တင်လှူခြင်းနှင့် ချမ်းသာရတံတား ပြုပြင်မွမ်းမံခြင်း အောင်ပွဲအထိမ်းအမှတ်၊ (၂၁)ကြိမ်မြောက် ချမ်းသာရဘုရား ဆွမ်း ၉၀၀၀၊ ရေတော် ၉၀၀၀၊ ပန်း ၉၀၀၀၊ ဆီမီး ၉၀၀၀၊ သစ်သီး ၉၀၀၀ ကပ်လှူပူဇော်ပွဲများသို့ လာရောက်ကြည်ညိုပူဇော်သူ ခုနစ်ရက်သားသမီးအပေါင်းတို့နှင့် စည်ကားလျက်ရှိသည်။



သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်ဘဝရှင်မင်းတုန်းမင်းတရားကြီး ကောင်းမှုပြုတည်ထားခဲ့သော မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးမြတ်စွာဘုရား၊ စန္ဒာမုနိဘုရားနှင့် ကုသိုလ်တော်ဘုရား စသည့် ဘုရားသုံးဆူတို့တွင် (၁၂၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ရှေးယခင်မှ ယနေ့တိုင် သီတင်းကျွတ်လဆန်း ၁၃ ရက်မှစတင်ပြီး ၁၀ ရက်တိုင်တိုင် ကျင်းပလေ့ရှိရာ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားနယ်မြေရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မန္တလေးနန်းမြို့တပ်နယ်မြေအပါအဝင် လေးပြင်လေးရပ်တို့မှ အလှူရှင်တို့က ဆွမ်းသပိတ်များ၊ ခဲဖွယ်ချိုချဉ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပဒေသာပင်တို့ကို ကားကြီး၊ ကားငယ်အသွယ်သွယ်တို့ဖြင့် လာရောက်လှူဒါန်း၍ ကျောက်တော်ကြီးမြတ်စွာဘုရားအား ဖူးမြော်ပူဇော်ကြသည်။ သီတင်းကျွတ်လပြည့်မှ လပြည့်ကျော် ၃ ရက်အထိ ဘုရားဂေါပကအဖွဲ့ကကြီးမှူး၍ ကုသိုလ်တော်ဘုရား၌ သံဃာတော် ၃၃၀၀၊ စန္ဒာမုနိဘုရား၌ ဆွေတော်မျိုးတော်တို့မှ သံဃာတော်အပါး ၁၂၇ ပါးနှင့် ဘဝရှင်မင်းတုန်းမင်းတရားကြီးနှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ သုဓမ္မာဒေါက်တာကျော်ဝင်းနှင့်အဖွဲ့ဝင်များကကြီးမှူး၍ လပြည့်ကျော် ၃ ရက် နံနက်တွင် ပဋ္ဌာန်းဆက်ပါရမီရှင်အပေါင်းတို့က သံဃာတော်အပါး ၁၅၀၀ တို့အား ဆွမ်းသပိတ်များ၊ စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူပူဇော်ကြမည်ဖြစ်သည်။ လပြည့်နေ့တွင် မန္တလေး မြို့သူမြို့သားများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲတော်လာပြည်သူများဖြင့် ကျောက်တော်ကြီးဘုရားပွဲတော်၌ ကြိတ်ကြိတ်တိုးစည်ကားသည်ကို တွေ့ရပြီး ညအိပ်လာရောက်ကြသော ပွဲတော်လာပြည်သူများအတွက် ရွှေမင်းသားလေးများ၊ ပွဲတိုင်းကျော် မန္တလေးဇာတ်ပွဲ၊ နှင်းခိုင်မန္တလေးဇာတ်ပွဲတို့က ကပြဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ညပိုင်းတွင် သက်တော်ထင်ရှား ဘုရားရှင်အား ရည်မှန်း၍ စေတီပုထိုး၊ ကျောင်း၊ ကန်၊ ဓမ္မာရုံတို့တွင် ဆီမီးပူဇော်ခြင်း၊ မန္တလေးနန်းမြို့ရိုးပတ်လည်၊ အိမ်ရာအဆောက်အအုံ၊ အစိုးရအဆောက်အအုံများ၊ ဈေးဝယ်စင်တာများ၊ ရပ်ကွက်များ၊ လမ်းများ၌လည်း ဖယောင်းဆီမီး၊ အလှဆင်မီးရောင်ပြေးမီးများ ထွန်းညှိကာလမ်းအလိုက် နိဗ္ဗာန်ဈေးများ စည်ကားစွာကျင်းပခြင်းဖြင့် မန္တလေးမြို့တော်တွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပလျက်ရှိသည်ကို ရှုမငြီးကြည်နူးဖွယ် တွေ့ရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ယဉ်ကျေးမှုအစဉ်အလာအရ တောင်တော်ဖွင့်ပွဲဆောင်ရွက်သည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်

**ကျိုက်ထို အောက်တိုဘာ ၂၈**

ကမ္ဘာ့အံ့ဖွယ်တန်ခိုးကြွယ်သော ဆံတော်ရှင်ဆုတောင်းပြည့်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ပေပေါင်း ၄၀၀၀ ကျော်မြင့်သော ပေါင်တောင်တန်းကြီး၏ အစွန်ဆုံးတောင်ထွတ်အပိုင်းတွင် တည်ရှိနေသည်။ ပွဲတော်ရာသီမှာ သီတင်းကျွတ်လပြည့်မှ ကဆုန်လပြည့်နေ့အထိ ရှစ်လကြာရှည်စွာကျင်းပပြီး နှစ်လုံးပေါက်လည်း အလွယ်တကူ တက်ရောက်ကြည်ညိုဖူးမြော်နိုင်၍ ပြည်တွင်း ပြည်ပဘုရားဖူးများနှင့် ခရီးသွားများ စဉ်ဆက်မပျက် သွားလာနိုင်သော ခရီးစဉ်တစ်ခုဖြစ်သည်။

နယ်မြေဒေသမှာ အစဉ်အမြဲ အေးချမ်းသာယာပြီး လုံခြုံမှုနှင့်အတူ ထာဝရငြိမ်းချမ်းသောနေရာဒေသရပ်ဝန်းဖြစ်၍လည်း ပြည်တွင်း ပြည်ပဘုရားဖူးများ အချိန်အခါမရွေး သွားလာနိုင်သော ခရီးစဉ်ဒေသအဖြစ် တည်ငြိမ်စွာ ရှိနေသည်။ မြို့ပေါ်နှင့် တောင်ခြေတွင် ခေတ္တတည်းခိုခန်းများ၊ ဟိုတယ်၊ မိုတယ်များစွာရှိပြီး တောင်ပေါ်တွင် ကျိုက်ထိုဟိုတယ်၊ မောင်းကိန်းဟိုတယ်နှင့် ရင်ပြင်တော်နှင့်အနီးဆုံး၌ ရိုးရိုးလေးဟိုတယ်သုံးလုံးကို သိသာစွာမြင်တွေ့နေရသည်။

ယခုနှစ်တွင် သီတင်းကျွတ်လပြည့်နေ့သည် ပွဲတော်ရာသီအစရက်ဖြစ်ပြီး တောင်တော်ဖွင့်ပွဲကို လပြည့်နေ့ နံနက်စောစောတွင် ရင်ပြင်တော်ပေါ်ရှိ အာရုံခံတန်ဆောင်း၌ ရိုးရာပွဲများတိုး၍ ကျင်းပမြဲဖြစ်ပါသည်။ တောင်တော်ဖွင့်ပွဲအကြို (သီတင်းကျွတ်လဆန်း ၁၄ ရက်) အကြိုညဖြစ်သော ၂၇ ရက်ညတွင် တိုင်းရင်းသားများ၏ ရိုးရာအကအဖွဲ့သားများက အဖွဲ့အလိုက်စုပေါင်း သီဆိုကခုန်ဖျော်ဖြေခြင်းများကို ရင်ပြင်တော်ပေါ်၌ ည ၇ နာရီတွင် ကျင်းပကြသည်။

ပွဲတော်အကြိုညတွင် ကျိုက်ထိုမြို့နယ်မှ ဆောင်လိုင်ကြီးဒိုးအဖွဲ့ ၆၂ ဦး၊ ငှက်ပျောတော ၆၂ ဦးနှင့် ပျဉ်းမဒိုးအဖွဲ့ ၅၃ ဦးတို့ကို ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစောငြိမ်း၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ၄၀၊ စပ်သွားဒိုးအဖွဲ့ ၅၃ ဦးနှင့် မွန်ယဉ်ကျေးမှုအဖွဲ့ ၄၆ ဦးကို ဦးဝင်းကိုက ဦးစီးဆောင်ရွက်သည်။ ကျိုက်ထိုမြို့နယ်ရှိ တရုတ်နယားအဖွဲ့ကလည်း ကပြကြမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

ယဉ်ကျေးမှုအစဉ်အလာအရ တောင်တော်ဖွင့်ပွဲ ဆောင်ရွက်ကြသည့် ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ သီတင်းကျွတ်အကြိုညမှာ ဘာသာသာသနာရေးဆိုင်ရာ ဆီမီးပူဇော်ပွဲလာရောက်ဆောင်ရွက်ကြသော အသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ ဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွားများမှာ ရင်ပြင်တော်ပေါ်တွင် နေရာပြည့်ယူထားကြသည်။

မွန်ပြည်နယ်ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးမှာ မွန်ပြည်နယ်အတွင်း တည်ရှိသော်လည်း ကရင်အမျိုးသား ပိုမိုများပြားစွာတည်ရှိနေထိုင်ရာ အရပ်ဒေသဖြစ်သောကြောင့် မွန်ရိုးရာအကများဖြင့် သီတင်းကျွတ်ညကို ကြိုဆိုသကဲ့သို့ ကရင်ဒိုးယိမ်းအဖွဲ့များ၏ ဒိုးယိမ်းအကများဖြင့်လည်း တောင်တော်ဖွင့်ပွဲကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ တောင်တော်ဖွင့်ပွဲ၏ အကြိုညမှာကား ပြည်တွင်းမှ အသင်းအဖွဲ့အလိုက် စုပေါင်းမီးပူဇော်ပွဲ၊ ဒေသဝန်းကျင်မှ တိုင်းရင်းသားပေါင်းစုံ ရိုးရာယဉ်ကျေးမှု ကခုန်ပွဲများနှင့် စည်ကားလျက်ရှိပြီး ပြည်တွင်းပြည်ပ ခရီးသွားဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ဒေသတစ်ခုလည်းဖြစ်သည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**



**အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်း ခရိုင် ကျောက်တန်း မြို့ရှိ ကျောက်တန်း ရေလယ်စေတီတော် ကူးတို့ဆိပ်၌ ဘုရားဖူးပြည်သူများ ဖူးမြော်နိုင်ရန် စက်တပ်သမ္ဗန်များကို ဤသို့ စောင့်ဆိုင်းနေစဉ်။**


(အောင်ကျော်ဦး)



**ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့ ညက ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီး အနောက်ဘက်မုခ်တွင် ဘုရားဖူးများ အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။**

ဓာတ်ပုံ-ဌေးအောင်

## ပြည်တွင်းရေးရာ



**❖ ဗိုလ်ချုပ်လမ်းမှ**

ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်ပါသည်။ ယာဉ်ကြောပိတ်ဆို့မှုကြီးစွာဖြစ်ပေါ်နေသော လမ်းများတစ်လျှောက်အတွက် အထပ်မြင့်အမြန်လမ်းမကြီး (Elevated Highway) တည်ဆောက်၍ ရှင်းလင်းကျော်လွှားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရပါသည်။

ပထမအဆင့် အဆိုပါစီမံကိန်းကို ဗိုလ်ချုပ်အောင်ဆန်းလမ်း ရေကျော်လမ်းဆုံအလွန်မှ မင်္ဂလာဒုံဥယျာဉ်စက်မှုမြို့အထိ ၂၀ ဒသမ ၅ ကီလိုမီတာ အရှည်ရှိသော လေးလမ်းသွားတံတား ပထမအဆင့်အဖြစ် တည်ဆောက်ပြီး ဒုတိယအဆင့်အဖြစ် အပြည်ပြည်ဆိုင်ရာ ဟံသာဝတီလေဆိပ်(ပဲခူး)အထိ ဆက်သွယ်ဆောင်ရွက်ရန် လျာထားသောစီမံကိန်းဖြစ်ပါသည်။

၎င်းစီမံကိန်းကို ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ Yooshin ကုမ္ပဏီမှ စီမံကိန်းဖြစ်မြောက်နိုင်ရေး အကြိုလေ့လာမှု (Pre-Feasibility Study) ဆောင်ရွက်ခဲ့ပြီး ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ တည်ဆောက်ရေးကုမ္ပဏီများဖြစ်သည့် Lotte E&C နှင့် Halla Corporation၊ မြန်မာနိုင်ငံမှ Capital Diamond Star Group (CDSG) ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းပါဝင်ကာ Operator အဖြစ် Korea Expressway Corporation မှ ဆောင်ရွက်မည့် Yangon Urban Expressway Development Project ဖြစ်ပါသည်။

**စီမံကိန်းအချက်အလက်များ**

စီမံကိန်းအမည်မှာ Yangon Urban Expressway Development Project (Phase I)ဖြစ်ပါသည်။

အကောင်အထည်ဖော်မည့် အစီအစဉ်မှာ အစိုးရနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ ပူးတွဲဆောင်ရွက်မှု အစီအစဉ်ဖြစ်ပါသည်။

စီမံကိန်းတန်ဖိုး (ပမာဏခန့်မှန်းခြေ)မှာ အမေရိကန်ဒေါ်လာ သန်း ၆၂၀ ခန့် ဖြစ်ပါသည်။

စီမံကိန်းအဆိုပြု လမ်းကြောင်းအနေဖြင့် ဗိုလ်ချုပ်လမ်းတွင် ရေကျော်လမ်းဆုံအလွန်မှ စတင်၍ ပုဇွန်တောင် လမ်းမကြီးအတိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်ကို ဖြတ်၍ သုဝဏ္ဏတံတားလမ်းဆုံသို့ ဦးတည်ကြောင်း သိရပါသည်။

သုဝဏ္ဏလမ်းဆုံသို့ မရောက်မီ မြန်မာ့ဂုဏ်ရောင်အိမ်ရာအနီးတွင် ရန်ကုန်-မန္တလေး ရထားလမ်းကို အပေါ်မှဖြတ်ကျော်ပြီး အမျိုးသားအားကစားရုံနှစ်ခုကြားမှ ဝင်၍ ဝေဇယန္တာလမ်းကို ဆက်သွယ်မည်ဖြစ်သည်။


၎င်းလမ်းတစ်လျှောက် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာမြို့နယ်များကို ဖြတ်သန်းပြီး အောင်မင်္ဂလာ အဝေးပြေးဂိတ်အလွန် မင်္ဂလာဒုံဥယျာဉ် စက်မှုမြို့တွင် အဆုံးသတ်ပါမည်။

**တည်ဆောက်မှုအခြေခံများ**

လမ်းအရှည်မှာ ၂၀ ဒသမ ၅ ကီလိုမီတာဖြစ်ကာ လမ်းအကျယ်-လေးလမ်းသွား ၁၈ မီတာဖြစ်ပါသည်။

လမ်းခွန်ကောက်မည့် နေရာကို သုံးနေရာ သတ်မှတ်ထားပြီး တံတားပေါ် အတက်/အဆင်းနေရာ-၁၅ နေရာရှိမည်ဖြစ်ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**




Location Map of Elevated Highway in Yangon (Phase 1)



## ပြည်တွင်းရေးရာ



**●အဘိဓမ္မာအခါတော်နေ့မှ**

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်တွင် (၉)ကြိမ်မြောက် ပဋ္ဌာန်း သိမ်းအောင်ပွဲအခမ်းအနားကိုကျင်းပခဲ့ပြီး ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ အောင်မင်းခေါင်ဘုရား၊ ဇိဏမာန်အောင်၊ မင်းဝံတောင်ဘုရား၊ စူဠာမဏိဘုရားများနှင့် လယ်ဝေးမြို့နယ် ဖောင်တောင်ချက်မ၊ ရန်အောင်မြင် ရွှေလက်လှဘုရားနှင့် တပ်ကုန်းမြို့နယ်ရှိ ဘုရားပုထိုးများတွင် ဘုရားဖူးများနှင့် စည်ကားလျက်ရှိပြီး နေအိမ်များတွင်လည်း ဆီမီး၊ မီးရောင်စုံများ ထွန်းညှိပူဇော်ကြသည်။

အထူးသဖြင့် နေပြည်တော် သတ္တသတ္တာဟ ဗုဒ္ဓဂယာဘုရားတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည့်အပြင် နေပြည်တော် ရေပန်းဥယျာဉ်**(အပေါ်ပုံ)**၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိုင်းရင်းသားကျေးရွာ၊ ရေပူစမ်းတို့တွင်လည်း အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် (၉၂)နှစ်ပြည့် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖယ်ရီဒန် စီနာလီယိုဂလူး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ကျောက်တန်းမြို့တွင် လှည့်လည်ပူဇော်

**ကျောက်တန်း အောက်တိုဘာ ၂၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ကျောက်တန်းမြို့တွင်းသို့ ဒေသစာရီ လှည့်လည် အပူဇော်ခံပွဲကို ယမန်နေ့ ညနေ ၄ နာရီတွင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ပရိယတ္တိ ဘုန်းတော်ကြီးကျောင်းရှေ့ ယာယီစံကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျင်းပရေးဥက္ကဋ္ဌက အကြိမ်(၁၀၀)မြောက် မြို့တွင်းသို့ဒေသစာရီလှည့်လည်အပူဇော်ခံကြွချီတော်မူမည့် အစီအစဉ်ဆောင်ရွက်ချက်များ တင်ပြပြီး တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက အခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ယာယီစံကျောင်းတွင် ကိန်းဝပ်တော်မူသည့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များအား လမ်းအလိုက်အဖွဲ့ရှစ်ဖွဲ့တို့က ပင့်ဆောင်ကြပြီး မြို့တွင်းသို့ အပူဇော်ခံကြွချီကြသည်။

အနောက်ပိုင်းရပ်ကွက်မှ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီသည့် အလယ်ပိုင်း၊ အရှေ့ပိုင်း၊ ရွှေကုန်း၊ ဆင်ကန်၊ စံချိန်မီ၊ အနောက်ပိုင်းရပ်ကွက်တို့မှ အလှူရှင်ပြည်သူများက လှူဖွယ်ပစ္စည်းများ လှူဒါန်းကြပြီး အကျွေးအမွေးများဖြင့်လည်း ဧည့်ခံကြသည်။

**(၇၄)**

❖ စာမျက်နှာ ၈ မှ

တည်ဆောက်ရေးကာလကို ငါးနှစ်ဟု အဆိုပြုတင်ပြထားသော်လည်း ခွင့်ပြုချက်ရရှိပါက စီမံကိန်းလုပ်ငန်းခွင် အပိုင်းသုံးပိုင်းအား တစ်ပြိုင်တည်း တည်ဆောက်ခြင်းဖြင့် ဆောလျင်စွာ ပြီးစီးနိုင်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

အပိုင်း(၁)ပိုင်း တည်ဆောက်ပြီးစီးပါက ယင်းအပိုင်းအား ချက်ချင်း ဖွင့်လှစ်အသုံးပြုနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရပါသည်။

**လမ်းအသုံးပြုခသတ်မှတ်ခြင်း**

ကနဦးနှုန်းထားကို အပိုင်း(၃)ပိုင်းတွင် (၁)ပိုင်းစီအတွက် ယာဉ်တစ်စီးလျှင် အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော ငွေကောက်ခံရန် လျာထားပြီး လမ်းအစအဆုံး ဖြတ်သန်းပါက စုစုပေါင်း သုံးဒေါ်လာ ကျသင့်ပါမည်။ အတက်အဆင်းအတွက် အမေရိကန် ၁ ဒသမ သုညဒေါ်လာနှုန်းကောက်ခံရန် တင်ပြထားပါသည်။

နိုင်ငံတော်ထည့်ဝင်ငွေ လျာထားသော နိုင်ငံတော်ထည့်ဝင်ငွေမှာ ၂၀ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံတော်ထည့်ဝင်ငွေ (Subsidy) အတွက် သက်သာသော အတိုးနှုန်းဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း (ODA Loan) ဖြင့် ချေးငွေရယူနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဤစီမံကိန်းမှာ နိုင်ငံတော်အစိုးရနှင့် ကိုရီးယားနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီကြီးများ၊ ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများ အကျိုးတူပူးပေါင်းသည့် Public Private Partnership (PPP) စနစ်ဖြင့် ပူးတွဲဆောင်ရွက်မည့် အစီအစဉ်ဖြစ်ပါသည်။

ယခုတင်ပြသည့် ကနဦး အဆိုပြုချက် (Concept Proposal) ကို ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးများ တင်ပြလာခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနက လေ့လာသုံးသပ်မှုများ၊ ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။


အသေးစိတ်အချက်အလက်များကို ညှိနှိုင်းအတည်ပြုချက်ရရှိပါကလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။


မကြာခင် အချိန်ကာလတွင် အထပ်မြင့် အမြန်လမ်းမကြီး (Elevated Highway) များ ရန်ကုန်မြို့တော်အတွင်း ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ရန်ကုန်မြို့နေပြည်သူတို့၏ လူမှုစီးပွားဘဝထိခိုက်မှုများကို အမြန်ဆုံးဖြေလျှော့ပေးနိုင်ရေး၊ အာဆီယံနိုင်ငံများအတွင်း မိမိနိုင်ငံ၏ မြို့ကြီးများ၌ နိုင်ငံတကာအဆင့်မီတံတားများ ပေါ်ထွန်းလာခြင်းဖြင့် မြို့ကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရေး၊ ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ဖြစ်သည်နှင့်အမျှ နိုင်ငံတကာ ကုန်စည်စီးဆင်းမှုများကို လွယ်ကူချောမွေ့စေခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို အလျင်အမြန်ဝင်ရောက်လာစေနိုင်ရေးတို့အတွက် ယခုကဲ့သို့ အထပ်မြင့် အမြန်လမ်းမကြီး တည်ဆောက်ရန် လျာထားတင်ပြလာခြင်းဖြစ်ရာ အနာဂတ် ရန်ကုန်မြို့၏ မြင်ကွင်းကို မြင်ယောင်မိရင်း ကျေနပ်သဘောကျနေမိပါတော့သည်။

❒❒

**Elevated Highway စီမံကိန်းတည်နေရာပြမြေပုံ**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်**

ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများအား ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။


မဲဆန္ဒရှင်ပြည်သူများ ပိုမိုရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရေးအတွက် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများအား ထပ်မံဖြည့်စွက် ထုတ်ပြန်အသိပေးကြေညာ အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှန်ခြစ်(✔)ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ


နမူနာ-၁


နမူနာ-၂


နမူနာ-၃


နမူနာ-၄


နမူနာ-၅


နမူနာ-၆


နမူနာ-၇

ကိုယ်စားလှယ်လောင်းအမည်အကွက်နှင့် ပါတီသင်္ကေတအကွက် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်


နမူနာ-၈

ပါတီသင်္ကေတအကွက်နှင့် ကွက်လပ် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်


နမူနာ-၉

အမှန်ခြစ်ကို စောက်ထိုးခြစ်ထားသော မဲလက်မှတ်


နမူနာ-၁၀

အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်


နမူနာ - ၁၁

ခိုင်လုံမဲနမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်၏ ကျောဘက်တွင် တာဝန်ခံ အမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ရုံး၏ တံဆိပ်ပါရှိသောမဲလက်မှတ်

စာမျက်နှာ ၁၁ သို့ ✪

## ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၁ ဒသမ ၆၆ လက်မ၊ သံတွဲမြို့တွင် သုည ဒသမ ၀၉ လက်မ၊ တောင်ကုတ်မြို့တွင် သုည ဒသမ ၈၃ လက်မနှင့် မြောင်းမြမြို့တွင် သုည ဒသမ ၆၃ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

## ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှန်ခြစ်(✔)ခြစ်၍ ဆန္ဒပြုရာတွင် ပယ်မဲနမူနာများ

❂ စာမျက်နှာ ၁၀ မှ



ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်

နမူနာ-၁



တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲလက်မှတ်

နမူနာ-၂



လုံးဝဆန္ဒပြုမထားသောမဲလက်မှတ်

နမူနာ-၃



အစွန်းအထင်းပါသောမဲလက်မှတ်

နမူနာ-၄



အမှတ်အသားပြုထားသောမဲလက်မှတ်

နမူနာ-၅




တာဝန်ခံ၏လက်မှတ် မပါသောမဲလက်မှတ်

နမူနာ-၆




ကြက်ခြေခတ်၍ ဆန္ဒပြုထားသောမဲလက်မှတ်

နမူနာ-၇




မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်

နမူနာ-၈




နမူနာ-၉

မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်




နမူနာ-၁၀

မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



နမူနာ-၁၁

ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၆ ပါ မဲလက်မှတ်၏ နောက်ကျောဘက်

တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ် (မဲလက်မှတ်၏ကျောဘက်တွင် လက်မှတ်ထိုး၍ တံဆိပ်ထုရခြင်း ဖြစ်သည်။)

## ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီးတွင် ရွှေခေါင်းလောင်း၊ ငွေခေါင်းလောင်းများလှူဒါန်း

**သီပေါ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာ၌ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်း သမိုင်းဝင်ဘော်ကြိုမုဋ္ဌောစေတီတော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်ထံ ဆက်သွယ်လှူဒါန်းမှုဖြင့် ဦးလှအောင်-ဒေါ်ညိုညိုနွဲ့ (Bagan Regalia Hotel) မိသားစုတို့က ရွှေခေါင်းလောင်းနှင့် ငွေခေါင်းလောင်းနှစ်စုံ လှူဒါန်းပွဲကို သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဘော်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ ဘော်ကြိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဒရ အရှင်သူမြတ်ထံမှ ကိုးပါးသီလနှင့် အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ဘော်ကြိုဘုရားကြီးအတွင်း ပရိဝုဏ်အတွင်းရှိ အရှေ့အရပ်နှင့် မြောက်အရပ်ဒေသတို့တွင်




ခေါင်းလောင်းတော်ကို ချိတ်ဆွဲပြီး ကောင်းမှုကုသိုလ်အတွက် ရွှေခေါင်းလောင်း၊ ငွေခေါင်းလောင်း ကိုးချက်စီ တီးခတ်ပြီး ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လမ်းခွဲလိုက်ပြန်ပြီ ဆိုတဲ့ အမ်မာစတုန်းနဲ့ အန်ဒရူးဂါးဖီးဒ်

ဟောလိဝုဒ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသမီးအမ်မာစတုန်းနဲ့ မင်းသား အန်ဒရူးဂါးဖီးဒ်တို့နှစ်ဦးရဲ့အချစ်ဇာတ်လမ်းဟာ တစ်ကယ်ပဲအဆုံးသတ်သွားပြီလို့ ဒေသခံမီဒီယာတွေက ထုတ်ဖော်ရေးသားလာခဲ့ကြပါတယ်။ အရင်ကလည်း



လမ်းခွဲလိုက်ပြီဆိုတဲ့ ကောလာဟလတွေထွက်ခဲ့ဖူးပေမယ့် ဒီတစ်ကြိမ်မှာတော့ တစ်ကယ်ပဲ လမ်းခွဲခဲ့တာဖြစ်တယ်လို့ MTV Newsက ရေးသားဖော်ပြခဲ့ပါတယ်။

ပင့်ကူလူသားရုပ်ရှင်ဇာတ်လမ်းတွဲမှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြတဲ့ သူတို့နှစ်ဦးကို ဟောလိဝုဒ်ရဲ့လမ်းတွေပေါ်မှာ အတူတွဲမတွေ့ရတော့သည်မှာလည်း အတော်ကြာခဲ့ပြီဖြစ်ပါတယ်။

သူတို့နှစ်ဦးသည် ချစ်သူများအဖြစ်လေးနှစ်တာကာလအထိ အတူလက်တွဲခဲ့ကြပြီး ယခုနှစ်အစပိုင်းတွင် သူတို့ရဲ့ များပြားလှသည့် အနုပညာလုပ်ရှားမှုများကြောင့် တစ်ဦးနှင့်တစ်ဦးအချိန်မပေးနိုင်ဘဲ လမ်းခွဲခဲ့ပြီဆိုသည့် ကောလာဟလများထွက်သည်အထိ ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ မေလက နှစ်ယောက်အတူ တွဲရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို မီဒီယာစာမျက်နှာပေါ်မှာ ထပ်မံတွေ့ရှိခဲ့ရပြီး သူတို့၏အချစ်ဇာတ်လမ်းလည်း ဆက်ခဲ့ကြပါတယ်။ ယခုတစ်ကြိမ်မှာတော့ ဩဂုတ်လအတွင်းမှစတင်ကာ သူတို့နှစ်ဦးကို အတူတွဲမတွေ့ရတော့ပါဘူး။

အဆိုပါလမ်းခွဲခဲ့သည့်သတင်းနှင့်ပတ်သက်ပြီး သူတို့နှစ်ဦးရဲ့ မိတ်ဆွေတွေကမူ လမ်းခွဲခဲ့သည်မှာ သေချာကြောင်း ပြောဆိုခဲ့ကြသော်လည်း ကာယကံရှင်များကိုယ်တိုင်ကမူ ယနေ့အချိန်အထိ တစ်ခွန်းမျှ ထုတ်ဖော်ပြော ကြားခြင်းမရှိသေးပေ။

လတ်တလောမှာ သူတို့နှစ်ဦးဟာ တစ်ယောက်တစ်နေရာစီမှာ အနုပညာလုပ်ရှားမှုများအသီးသီးလုပ်ကိုင်လျက်ရှိပါတယ်။ အန်ဒရူးဟာ ထိုင်ဝမ်သို့သွားရောက်ကာ "Silence"ရုပ်ရှင်ကို ရိုက်ကူးလျက်ရှိပြီး အမ်မာကမူ သူရဲ့နွေရာသီနေ့ရက်များကို လော့စ်အိန်ဂျလိစ်မှာပဲ အချစ်နှင့် ဂီတရုပ်ရှင် "La La Land"ကို ရိုက်ကူးရင်း ကုန်ဆုံးလျက်ရှိပါတယ်။

## သရုပ်ဆောင်တစ်ဦးအဖြစ် ပြန်လည်မြင်တွေ့ရတော့မယ့် ဂျက်ဆီကာဂျုန်



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် "Girls' Generation"မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဂျက်ဆီကာဂျုန်သည် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ပူးပေါင်းထုတ်လုပ်မည့် ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေသခံမီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။

တရုတ်ဖျော်ဖြေရေးအေဂျင်စီ စီနာကလည်း ဂျက်စီကာသည် ဟောင်ကောင်မင်းသား ဝိလီယံချန်နှင့် တွဲဖက်ကာ ရုပ်ရှင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၇ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျက်ဆီကာသည် ၂၀၁၂ခုနှစ်က တောင်ကိုရီးယားရုပ်ရှင် "Wild Romance"တွင် ပါဝင်သရုပ်ဆောင်ခဲ့ရာ ယခုရုပ်ရှင်သည် သူ့အတွက် ဒုတိယမြောက်ရုပ်ရှင်လည်း ဖြစ်သည်။ သို့သော် ပထမဦးဆုံးရိုက်ကူးခဲ့သောရုပ်ရှင်တွင်မူ ဇာတ်ပို့တစ်ဦးအနေဖြင့်သာ ပါဝင်ခွင့်ရခဲ့သည်။

ယခုရိုက်ကူးမည့်ရုပ်ရှင်ကို "Love Delivery"ဟု အမည်ပေးထားပြီး ယင်းရုပ်ရှင်သည် အချစ်နှင့်ဟာသရောနှောထားသော ဇာတ်လမ်းအမျိုးအစားဖြစ်ကာ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ပြသ သွားနိုင်ရန် ရည်ရွယ်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ဂျက်ဆီကာသည် ပြီးခဲ့သည့်နှစ်က " Girls' Generation "မှ နှုတ်ထွက်ခဲ့ပြီး ဖက်ရှင်ဒီဇိုင်နာတစ်ဦးအဖြစ် ရပ်တည်လုပ်ရှားခဲ့သည်။ ထို့ပြင် သူသည် တရုတ်နိုင်ငံတွင် အနုပညာလုပ်ရှားမှုများကို ဆက်လက်ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံအတွင်း ကျင်းပခဲ့သော တေးဂီတဖျော်ဖြေပွဲများတွင်လည်း ပါဝင်ဖျော်ဖြေခဲ့သည်။

### တစ်ပတ်အတွင်း ကြည့်ရှုစရာ

## The Visit

ဒါရိုက်တာ M.Night Shyamalan ရိုက်ကူးထားပြီး သရုပ်ဆောင် Olivia De Jonge, Ed Oxenbould, Deanna Dunagan, Peter McRobbie တို့ ပါဝင်သရုပ်ဆောင်ထားပြီး Universal Picture မှ တင်ဆက်ထားသည့် သဲထိတ်ရင်ဖိုဟာသရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Becca နှင့်ညီငယ်ဖြစ်သူ Tgler တို့နှစ်ယောက်သည် အမေရိကန်နိုင်ငံ ဟင်ဘယ်နီးယားပြည်နယ် လယ်တောအိမ်လေးတွင် နေထိုင်ကြသည့် အဖိုးနှင့်အဖွားဆီသို့ သွားရန်သူတို့နှင့်အတူနေထိုင်သည့် မိခင်ဖြစ်သူအိမ်မှ ရထားစီးပြီး ခရီးထွက်လာကြပါသည်။ အဖိုးနှင့်အဖွားဖြစ်သူ Nana နှင့် Pop Pop တို့သည် အလည်အပတ်ရောက်လာကြသော ညီအစ်ကိုနှစ်ယောက်ကိုလှိုက်လှိုက်လှဲလှဲကြိုဆိုကြပြီးအတူ ပျော်ရွှင်စွာနေထိုင်ကြသည်။ အတူနေထိုင်ကြပြီး ရက်များကြာမြင့်လာသောအခါ ခင်မင်နှစ်လိုဖွယ်ကောင်းသော အဖိုးနှင့်အဖွားနှစ်ယောက်၏အမူအကျင့်များ ထူးခြားနေကြသည်ကို သတိထားမိလာကြသည်။ ညီအစ်ကိုနှစ်ယောက်သည် အဖိုးနှင့်အဖွားများ၏ ထူးခြားချက်များကို တဖြေးဖြေးသိလာသည်နှင့်အမျှ ကြောက်မက်ဖွယ်ရာ လျှို့ဝှက်ချက်တစ်ခုကိုပါ သိရှိလာသည့်အချိန်တွင် သူတို့နှစ်ယောက်သည် လယ်တောအိမ်လေးတွင် ဆက်နေထိုင်ရန် ဖြစ်မဖြစ်ဆိုသည် ဆုံးဖြတ်ရပုံကို ရိုက်ကူးတင်ဆက်ထားပြီး ရန်ကုန်မြို့အဆင့်မြင့် Mingalar Sanpya ရုပ်ရှင်ရုံကြီးတွင် ရုံတင်ပြသနေပြီဖြစ်သည်။

**(Alez)**




## ရုပ်မြင်သံကြားအစီအစဉ်များ

၂၈ - ၁၀ -၂၀၁၅ (ကြာသပတေးနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (ညွှန့်ညွှန့်စိန်)
- ၆း၃၀ "ဗလာ" (ငှက်ပျောကြော်၊ အေးအေးခိုင်)
- ၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၂)
- ၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၂၄)
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၅၅ ပြည်သူ့နီတိ "အမြင်"
- ၉း၂၀ ဗဟိုမြို့ပြ သည်းခွရုပ်ရှင်ပြအကလေး ၂၀၁၅
- ၉း၄၀ တေးဂီတအစီအစဉ်
- ၁၀း၀၀ မြန်မာ့ဗွီဒီယိုဇာတ်လမ်း "သင်နှင့်တကွ အပေါင်းအပါများ သိသာရန်" (လူမင်း၊ ထွန်းအိန္ဒြာဗို၊ အေသင်ချိုဆွေ) (ဒါရိုက်တာ-နေနော်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4


- ၅း၀၀ ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
- ၁၀း၅၅ Food & Decor
- ၁၁း၃၀ MRTV-4 Stage
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈၂)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowerfs & Butterflies"
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၉၇)
- ၅း၀၅ ခေတ်သစ်ပျိုမေ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၈)
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၉)
- ၉း၂၀ MRTV-4 ရုပ်သံဇာက်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈၃)
- ၉း၅၀ အနုပညာမိုးကောင်းကင်
- ၁၀း၁၀ Education Talk [မိဘဆရာအသင်းဖွဲ့စည်းပုံနှင့် ရွေးချယ်တင်မြှောက်ခြင်း]
- ၁၀း၅၅ MRTV-4 Stage
- ၁၁း၂၀ World of Knowledge (Inside War Mengele Twins)
- ၁၂း၁၀ "သတိပဋ္ဌာန်ကြွေးကြော်သံ" (ပထမပိုင်း) တရားတော် (ရွှေမင်းဝံဆရာတော်)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၀၈ မျိုးချစ်တပ်မတော်
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၈၅)
- ၆း၀၆ Amazing Cities
- ၆း၁၅ Meet With The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၃၁) - ရယ်စရာပျော်စရာဟာသကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၃၈)

### mitv

- 07:03 News
- 07:26 A Heart......Filled With Noble Volunteerism
- 07:40 Travels In Monywa- Moe Hnyin Sambuddhe Pagoda
- 07:52 Talented Musicians
- 08:03 News
- 08:27 An Ardent Aficionado Of Traditional Design
- 09:26 Myanmar Handicrafts
- 09:56 Wholesale Fish
- 10:26 Super Traditional Fencing Form (Ep-3)
- 10:42 Insight Myanmar: Pace Takes Steps for Election
- 07:25 A Famous Pagoda in the Sea
- 07:51 Delicacies From Magwe
- 08:26 Myanmar Traditional Identity (EP- 2) Myanmar Chinthe (Myanmar Lion)
- 08:40 My Tour Around Hopone City
- 08:53 Kyaikhteeyoe: Mountain Drivers
- 09:24 Let's Cook (EP-7) Seafood Baguette Pizza and Sizzling Garlic Prawn
- 09:48 Pretty Play Things From Pakokku
- 09:54 Wholesale Fish



## ကွင်းလယ်မှာကစားနိုင်ရန် သဘာ၀ကပေးသော လက်ဆောင်ရရှိထားတဲ့ ဝိန်းရွန်းနီ

မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီမှာ တိုက်စစ်နေရာအပြင် ကွင်းလယ်နေရာတွင်ပါ ကစားနိုင်ရန်အတွက် သဘာ၀ကပေးသော လက်ဆောင်ရရှိထားသူဖြစ်သည်ဟု ယခင်ဘာစီလိုနာ ကွင်းလယ်ကစားသမားဟောင်း ဇာဗီကချီးကျူးစကား ပြောကြားခဲ့သည်။ ရွန်းနီသည် ယခုနှစ်တွင် စုစုပေါင်းပွဲစဉ် ကိုးပွဲ၀င်ရောက်ကစားထားရာ သွင်းဂိုး နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီးနောက် ၎င်း၏ ခေါင်းဆောင်အရည်အသွေးပေါ် သံသယဖြင့် စောင့်ကြည့်ခံနေရသောအခြေအနေနှင့် ရင်ဆိုင်နေရသည်။


သို့သော် ဇာဗီက "ဝိန်းဟာ အရင်ကတည်းက ကျွန်တော်နှစ်သက်သဘောကျရတဲ့ ကစားသမားဖြစ်ပြီး အဲ့ဖွယ်စွမ်းဆောင်ရည်တွေနဲ့ ပြည့်နှက်နေတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ သူက ဘယ်နေရာမှာပဲဖြစ်ဖြစ် ကစားနိုင်တဲ့ကစားသမားမျိုးပါ။ မိနစ် ၉၀ လုံးလုံး မနားမနေ အတက်အဆင်းလုပ်ပြီး ကစားနိုင်တာကြောင့် ကွင်းလယ်နေရာမှာ ထားကစားခိုင်းလို့လည်း အဆင်ပြေတဲ့ အနေအထားရှိပါတယ်"ဟု ဆိုသည်။

မန်ယူအသင်းသည် ရွန်းနီအား ဗဟိုတိုက်စစ်နေရာတွင်ထားပြီး ကစားခိုင်းနေသဖြင့် တိုက်စစ်အားနည်းမှုကို ရင်ဆိုင်နေရသောကြောင့် ရွန်းနီထက် မာရှယ်လ်ကိုသာ အဆိုပါနေရာတွင်ထားကာ ကစားသင့်သည်ဟု ဝေဖန်မှုများရှိနေရာ ဇာဗီက ယခုကဲ့သို့ အားပေးစကားပြောကြားခဲ့ခြင်းဖြစ်သည်။

ရှိုင်းယန်ဟောဒင် ရေးသားသည်

## ဘာစီလိုနာမှ မက်ဆီထွက်ခွာမည်မဟုတ်

မက်ဆီအနေနဲ့ ဒဏ်ရာပြဿနာကြုံတွေ့နေစဉ်မှာ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ဖို့ ချိတ်ဆက်နေတယ်ဆိုတဲ့ သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ပေမယ့် မက်ဆီဟာ ဘာစီလိုနာမှာပဲ ဆက်ရှိမှာ သေချာတယ်လို့ ဘာစီလိုနာဥက္ကဋ္ဌ ဘာတိုမူက ဒေါသတကြီး တုံ့ပြန်လိုက်ပါတယ်။ မက်ဆီက စပိန်မှာ အခွန်ရှောင်လွှဲမှုပြဿနာနဲ့ ရင်ဆိုင်နေရတာကြောင့် ပရီမီယာလိဂ်ကိုပြောင်းရွှေ့ဖို့ အလေးအနက်စဉ်းစားလာနေပြီလို့ အစောပိုင်းသတင်းစာတွေမှာ အကျယ်တဝင့် ဖော်ပြခဲ့ပါတယ်။



မက်ဆီက လောလောဆယ် ဒူးဒဏ်ရာကြောင့် ဘာစီလိုနာအတွက် ၀င်ရောက်ကစားပေးနိုင်ခြင်းမရှိချိန်မှာ အခုလို ဘာကာက ထွက်ခွာတော့မယ်ဆိုတဲ့သတင်းတွေထွက်လာတာပါ။ ဘာတိုမူကတော့" လူတွေက မက်ဆီ ဘာကာကထွက်တော့မယ်ဆိုပြီး လျှောက်ရေးနေတာ၊ လျှောက်ပြောနေကြတာ၊ တကယ်ဆို ဒါက ရှက်ဖို့ကောင်းပါတယ်။ မဟုတ်ဘူးဆိုတာ လူတိုင်းသိနေတာပဲလေ။ မက်ဆီက မက်ဒရစ်-ဘာကာပွဲကျရင် ပြန်လည် ၀င်ရောက်ကစားနိုင်တော့မှာပါ။ လီယို(မက်ဆီ)ရော သူ့အဖေကရော သူတို့ တခြားကလပ်မှာ ပြောင်းရွှေ့ကစားဖို့ စဉ်းတောင်မစဉ်းစားမိပါဘူးလို့ ကျွန်တော့်ကိုပြောပြီးသားပါ။ မက်ဆီနဲ့ ဘာကာနဲ့ စာချုပ်သက်တမ်းက သုံးနှစ်ကျန်နေပါသေးတယ်။ သူက ဒီကအခွန်မှုဝါဒအပေါ် ဒေါသထွက်နေတာတော့ အမှန်ပါ။ ဒါပေမယ့် ဒါကလည်း သူ့အကြံပေးကကိစ္စတွေအားလုံး ပြီးပြတ်အောင် လုပ်ဆောင်ပေးပါလိမ့်မယ်"လို့ 8tv နဲ့ အင်တာဗျူးပြုလုပ်စဉ်မှာ ဖွင့်ဟခဲ့ပါတယ်။

မက်ဆီအပြင် တိုက်စစ်မှူး နေမာကိုလည်း ယူရို ၆၃၃ သန်း အကုန်အကျခံကာ စာချုပ်သစ်ချုပ်ဆိုသွားမှာဖြစ်ပြီး သူ့လက်ထက်မှာ အသင်းရဲ့ အဓိကဘယ်ကစားသမားကိုမှ ပြောင်းရွှေ့ခွင့်ပေးမှာမဟုတ်သလို ရောင်းချသွားမှာလည်း မဟုတ်ဘူးလို့ ဘာတိုမူက အာမခံချက်ပေးခဲ့ပါတယ်။

## ချယ်လ်ဆီးနဲ့ လမ်းခွဲဖို့ နီးစပ်လာပြီလား မော်ရင်ဟို

ကပ်ပီတယ်ဝမ်းဖလား ပွဲစဉ်တွင် ချယ်လ်ဆီးက စတုတ်စီးတီးအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့သောကြောင့် နည်းပြ မော်ရင်ဟိုမှာ ချယ်လ်ဆီးနှင့် လမ်းခွဲရန် တဖြည်းဖြည်းနီးစပ်လာပြီဖြစ်ကြောင်း အင်္ဂလန်မီဒီယာများက ရေးသားကြသည်။

ချယ်လ်ဆီးဘုတ်အဖွဲ့၀င်များက ဝက်စ်ဟမ်းအား ရှုံးနိမ့်ပြီးနောက် ချယ်လ်ဆီး၏ လာမည့် ပွဲစဉ် သုံးပွဲရလဒ်ကိုသာ စောင့်ကြည့်မည်ဖြစ်ပြီး အကယ်၍ အဆိုပါ ပွဲများတွင် ရလဒ်မကောင်းခဲ့လျှင် မော်ရင်ဟိုအား ထုတ်ပယ်တော့မည်ဖြစ်သည်ဟုလည်း ယင်းမီဒီယာများက ဆက်လက်ဖော်ပြထားသည်။

စတုတ်စီးတီးနှင့်ကစားခဲ့သည့် ကပ်ပီတယ်ဝမ်းပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီး လီဗာပူးနှင့်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်နှင့် ဒိုင်နမိုကိဗ်နှင့် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်များ၏ ရလဒ်အားစောင့်ကြည့်နေပြီး အကယ်၍ အပြောင်းအလဲတစ်စုံတစ်ရာ မဖော်ဆောင်နိုင်ခဲ့လျှင် မော်ရင်ဟိုအား သေချာပေါက်ထုတ်ပယ်ရန် စီစဉ်ထားပြီးဖြစ်သည်။ မော်ရင်ဟို၏ နေရာတွင် ယခင် ချယ်လ်ဆီးနည်းပြဟောင်းများဖြစ်သည့် ကာလို့စ်အန်စလော့တီနှင့် ဂူဟစ်ဒင့်တို့အား ခေါ်ယူရန် ချိတ်ဆက်မှုများလည်း အသင့်ပြုလုပ်ထားပြီးဖြစ် သည်။

သို့သော် မော်ရင်ဟိုက ယခု ကပ်ပီတယ်ဝမ်းဖလားပွဲ အရှုံးအတွက် ပင်နယ်တီလွဲချော်ခဲ့သည့် ဟာဇက်အပြင် မည်သည့်ကစားသမားကိုမျှ အပြစ်တင်ရန် အကြောင်းမရှိကြောင်းဆိုခဲ့သော်လည်း ၎င်း၏ ချယ်လ်ဆီးအနာဂတ်နှင့်ပတ်သက်၍ မှတ်ချက်ပေးရန်ကိုမူ ငြင်းဆန်ခဲ့သည်။

**အောက်တိုဘာ ၂၈ ရက်နေ့**
**ကက်ပီတယ်ဝမ်းဖလား(၁၆ သင်းအဆင့်) အနိုင်/အရှုံးရလဒ်များ**

| | | |
|---|---|---|
| အဲဗာတန် | ၅ - ၄ | နော့ဝှစ်ချ် |
| ရှက်ဖီး | ၃ - ၀ | အာဆင်နယ် |
| ဟားလ်စီးတီး | ၆ - ၅ | လက်စတာ |
| စတုတ်စီးတီး | ၆ - ၅ | ချယ်လ်ဆီး |

မောင်မောင်ဇော်

## ပရီမီယာလိဂ်ရင်ခုန်သံ – ၁၁

**ပရီမီယာလိဂ်ပွဲစဉ် ၁၁ ကို အောက်တိုဘာ ၃၁ ရက်နဲ့ နိုဝင်ဘာ ၁ ရက်တွေမှာ ကျင်းပသွားဖို့ရှိတယ်။ ပွဲစဉ် ၁၀ တုန်းကတော့ ချယ်လ်ဆီးဟာ ဝက်စ်ဟမ်းကိုရှုံးပြီး ဒီရာသီမှာ ငါးပွဲမြောက်အရှုံးနဲ့ ရင်ဆိုင်ရတယ်။ အခု ပွဲစဉ် ၁၁ မှာလည်း ချယ်လ်ဆီးဟာ လီဗာပူးနဲ့ ဆုံတွေ့ရမယ်။ ဒီတော့ ချယ်လ်ဆီးနိုင်ပွဲပြန်ရမလားဆိုတာ စောင့်ကြည့်ရတော့မယ်။**

ရှိုင်းမင်းမင်း



**ချယ်လ်ဆီး - လီဗာပူး ည ၇း၁၅ (၃၁-၁၀-၁၅)**

ချယ်လ်ဆီးရဲ့ ဒီရာသီခြေစွမ်းက အတော်လေး ယိမ်းယိုင်မှုရှိတာ ထင်ရှားလွန်းတယ်။ အထူးသဖြင့် ခံစစ်ကစားပုံက အခုအချိန်အထိ ကျစ်လျစ်မှုမရှိသေးဘူး။ ဒါပေမယ့် လီဗာပူးကလည်း ဂျာဂင်ကလော့လက်ထက်မှာ တည်ဆောက်ဆဲအဆင့်သာရှိပြီး ခြေစွမ်းထက်မြက်မှု မရှိသေးသလို ချယ်လ်ဆီးရဲ့အိမ်ကွင်းလည်းဖြစ်နေတယ်။ သရေကျဖို့များတဲ့ပွဲပါ။

**ဆွမ်ဆီး - အာဆင်နယ် ည ၉း၃၀ (၃၁-၁၀-၁၅)**

ဆွမ်ဆီးက ပွဲစဉ် (၁၀) မှာ ဗီလာကိုအနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းက အကောင်းဆုံးပုံစံမှာမရှိခဲ့ဘူး။ အထူးသဖြင့် ဆွမ်ဆီးခံစစ်ပိုင်းက တည်ငြိမ်မှုမရှိသေးဘူး။ အာဆင်နယ်ကတော့ ခြေစွမ်းတည်ငြိမ်နေတယ်။ အိုဇေးလ်၊ ဆန်းချက်ဇ်၊ ကာဇိုလား၊ ကိုကွာလင်တို့ ခြေစွမ်းပြနေလို့ ကွင်းလယ်အားကောင်းမွန်မှုရှိတယ်။

**ဝက်စ်ဘရွန်း - လက်စတာ ည ၉း၃၀ (၃၁-၁၀-၁၅)**

လက်စတာရဲ့ခြေစွမ်းပိုင်းက မဆိုးဘူး။ ပွဲစဉ် (၁၀) တုန်းကလည်း ပဲလေ့စ်ကိုအနိုင်ရခဲ့တယ်။ ဂျိမ်းဗာဒီ ခြေစွမ်းပြနေတာကြောင့် တိုက်စစ်ကလည်း ဂိုးသွင်းခြေငြိမ်နေတယ်။ ဒါပေမယ့် လက်စတာရဲ့ခံစစ်က အဝေးကွင်းပွဲတွေမှာ တည်ငြိမ်မှုအားနည်းတတ်တာကို တွေ့ရတယ်။ ဒါကြောင့် ဝက်စ်ဘရွန်းတို့ အိမ်ကွင်းမှာ သရေလောက် ကစားနိုင်မှာပါ။

**ခရစ္စတယ်ပဲလေ့စ် - မန်ယူ ည ၉း၃၀ (၃၁-၁၀-၁၅)**

ပဲလေ့စ်က အခုနောက်ပိုင်း ခြေအနည်းငယ်ကျဆင်းလာတယ်။ နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ရသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေမငြိမ်ဘူး။ ပဲလေ့စ်ဟာ သူတို့ရဲ့ အိမ်ကွင်းမှာ ကစားရခက်တဲ့အသင်းတစ်သင်း ဖြစ်ပေမယ့် မန်ယူကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတယ်။

**မန်စီးတီး - နော့ဝှစ်ချ် ည ၉း၃၀ (၃၁-၁၀-၁၅)**

နော့ဝှစ်ချ်က ခြေစွမ်းပိုင်းကျဆင်းလွန်းနေတယ်။ နောက်ဆုံး သုံးပွဲဆက်ရှုံးနိမ့်ခဲ့ရပြီး နောက်ဆုံးငါးပွဲမှာ ၁၂ ဂိုးအထိ ပေးခဲ့ရတဲ့ ခံစစ်ပိုင်းက အားနည်းလွန်းတယ်။ မန်စီးတီးကတော့ ဒီလိုပွဲစဉ်မျိုးကို အမှားအယွင်း အဖြစ်ခံမှာမဟုတ်ဘူး။ မန်စီးတီးရဲ့ အိမ်ကွင်းလည်းဖြစ်သလို ခြေစွမ်းကလည်း အစစကွာဟနေတယ်။

**နယူးကာဆယ် - စတုတ် ည ၉း၃၀ (၃၁-၁၀-၁၅)**

စတုတ်က ဝက်ဖို့ဒ်ကို ရှုံးခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာသေချာတယ်။ ပြီးတော့ စတုတ်ရဲ့ အဝေးကွင်းခံစစ်ကစားပုံကလည်း ကောင်းမွန်မှုရှိပြီး အဝေးကွင်း ငါးပွဲမှာ တစ်ပွဲသာရှုံးသေးတယ်။ နယူးကာဆယ်ကတော့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ခံစစ်ကစားပုံကျစ်လျစ်မှုမရှိဘူး။

**ဝက်ဖို့ဒ်- ဝက်စ်ဟမ်း ည ၉း၃၀ (၃၁-၁၀-၁၅)**

ချယ်လ်ဆီးကိုအနိုင်ရခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းကစားပုံ အတော်လေးကောင်းမွန်မှုရှိတယ်။ ခြေစွမ်းလည်း တောက်လျှောက်တည်ငြိမ်မှုရှိပြီး အဝေးကွင်းပွဲစဉ်တွေမှာလည်း ရှုံးပွဲမရှိသေးဘူး။ ဝက်ဖို့ဒ်က စတုတ်ကို အနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းက သာမန်ထက်လုံး၀မပိုဘူး။ ဝက်ဖို့ဒ်ကွင်းဖြစ်ပေမယ့် ဝက်စ်ဟမ်းပဲ နိုင်ပွဲဆက်ဖို့ရှိတယ်။

**အဲဗာတန်- ဆန်းဒါးလန်း ည ၈း၀၀ (၁-၁၁-၁၅)**

အာဆင်နယ်ကိုရှုံးနိမ့်ခဲ့ပြီး သုံးပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့ရတယ်ဆိုပေမယ့် အဲဗာတန်ခြေမညံ့ဘူး။ လီဗာပူး၊ မန်ယူ၊ အာဆင်နယ်တို့နဲ့ ဆက်တိုက်ကစားခဲ့ရလို့သာ ရလဒ်ဆိုးခဲ့တာဖြစ်ပြီး ဒီပွဲမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်မှာလည်း သေချာတယ်။ ဆန်းဒါးလန်းခြေကလည်း အားနည်းမှုတွေများလို့ အဲဗာတန်နိုင်ပွဲပြန်ရမှာပါ။

**ဆောက်သမ်တန် - ဘုန်းမောက် ည ၁၀း၃၀ (၁-၁၁-၁၅)**

ဒီရာသီမှာ ဆောက်သမ်သန်ရဲ့ ခြေကအကောင်းဆုံးပုံစံမှာမရှိသေးဘူးလို့ဆိုနိုင်ခဲ့သလို ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိသေးဘူး။ ဒါပေမယ့် ဘုန်းမောက်လည်း ခံစစ်ပိုင်းအားနည်းမှုများပြီး ခြေစွမ်းကပိုပြီးတော့တောင် တည်ငြိမ်မှုမရှိတာတွေ့ရတယ်။ ဆောက်သမ်တန်ရဲ့ အိမ်ကွင်းလည်းဖြစ်လို့ ဆောက်သမ်တန်ပဲ အနိုင်ရမယ်။

**စပါး- အက်စ်တွန်ဗီလာ နံနက် ၂း၃၀ (၃-၁၁-၁၅)**

အက်စ်တွန်ဗီလာက ဒီရာသီမှာ ခြေစွမ်းပိုင်း အားနည်းလွန်းနေပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း နောက်ဆုံး ခြောက်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရသလို ခံစစ်ကစားပုံကလည်း အမှားအယွင်းတွေ များလွန်းတယ်။ စပါးကတော့ အိမ်ကွင်းမှာ ကစားရမှာဖြစ်သလို ဒီလိုပွဲစဉ်မျိုးမှာလည်း အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ဘူး။

# အနေ့းယာဉ်လုပ်သားများ အလုပ်အကိုင်ပါး၍ ဝင်ငွေနည်းလာ

**ရေတာရှည် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နယ် အတွင်း ခရီးသည်နှင့်ကုန်ကို အဓိကအားထားနေရသော အနေ့းယာဉ်ဆိုက်ကားနင်းသူများမှာ ဆိုင်ကယ်ကယ်ရီ များပေါ်များလာပြီး အလုပ်ရရှိမှုနည်းပါးလာသည့် အတွက် ဝင်ငွေလျော့ကျကာ ဆိုက်ကားနင်း၍ အသက် မွေးဝမ်းကျောင်းပြုသူအရေအတွက် သိသာစွာကျဆင်း သွားကြောင်း ဆိုက်ကားနင်းသူအများစုက ပြောသည်။

ယခင်က ဆိုင်ကယ်ကယ်ရီလုပ်ငန်းများ နည်းပါးသေး သောကြောင့် ဆိုက်ကားနင်းသူများမှာ ဝင်ငွေပုံမှန်ရရှိ ခဲ့ပြီး ယခုနောက်ပိုင်းတွင် ဆိုင်ကယ်ကယ်ရီလုပ်ကိုင်သူ များ ပေါ်များလာခြင်းကြောင့် ယင်းလုပ်ငန်းများမှာ ဝင်ငွေနည်းပါးလာ၍ ဆိုက်ကားနင်းသူတချို့မှာ ရပ်ဆိုင်းသွားရသည်များလည်းရှိကြောင်း ၎င်းမြို့နယ်မှ ဆိုက်ကားနင်းသူတစ်ဦးက ပြောသည်။

"အရင်ကဆိုရင် တစ်ရက်ကို ကျပ် ၅၀၀၀ လောက်ပုံမှန် ဝင်ငွေလေးရှိနေတော့ မိသားစုစားဝတ်နေရေးအတွက် အထိုက်အလျောက်အဆင်ပြေတယ်။ ခုကြတော့ ဆိုင် ကယ်ကယ်ရီဆွဲသူတွေက ကြုံသလိုဆွဲနေကြတော့ ကျွန် တော်တို့ ဆိုက်ကားနင်းသူတွေအတွက် အခက်အခဲတွေ ဖြစ်ကုန်တယ်။ တစ်နေ့ကို ကျပ်နှစ်ထောင်၊ သုံးထောင် တောင် ရအောင်မနည်းကိုရှာနေကြရတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခင်က ယင်းမြို့နယ်တစ်ခုလျှင် ဆိုက်ကားအစီးရေ ၁၅၀ အထက်ရှိခဲ့သော်လည်း ယခုလက်ရှိတွင် အစီးရေ ၉၀ ပင်မပြည့်တော့ဘဲ တခြားလုပ်ငန်းများသို့ ပြောင်းလဲ လုပ်ကိုင်ကြကြောင်း သိရသည်။

ဆိုက်ကားတစ်စီးလျှင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့သို့ လိုင်စင်ကြေးကျပ် ၈၅၀၀ ကို တစ်နှစ်စာပေးသွင်း ပြီးမှ ဆိုက်ကားနင်းခွင့်ရနေသော်လည်း ကြုံသလိုဖြစ်သလို ပြေးဆွဲနေသော ဆိုင်ကယ်ကယ်ရီများမှာ မည်သည့်အဖွဲ့ အစည်းကိုမှ ငွေပေးသွင်းရခြင်းမရှိသည့်အတွက် အခွင့် အလမ်းတစ်ပန်းသာလျက်ရှိကြောင်း အဆိုပါ အနေ့း ယာဉ်လုပ်သားများက ပြောသည်။ အနေ့းယာဉ်လုပ်သား များ ဝင်ငွေအခွင့်အလမ်းနည်းပါးလာခြင်းနှင့်အတူ မှီခို နေသောမိသားစု စားဝတ်နေရေးမှာလည်း စီးပွားရေး ကျပ်တည်းကာ အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း ၎င်းတို့ကပင် ပြောပြသည်။

**ကိုလွင်(ဆွာ)**

## မုံရွာမြို့တွင် စေတနာ ဆေးပေးခန်းများဖွင့်လှစ်

**မုံရွာ အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ပြည်သူများ ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်အတွက် စေတနာဆေးခန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလ္လာရပ်ကွက် ဗန္ဓုလလမ်းတွင် အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးလူမှု ရေးဝန်ကြီးမှလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနကုသရေးဦးစီး မှူးတို့က အမှာစကား ပြောကြားခဲ့သည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်း ပြည်သူ့ ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်နှင့် တာဝန် ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများနှင့် ရပ်မိရပ်ဖများတက်ရောက်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

## ရေနံချောင်းဒေသကောလိပ်မြတ်ဆရာပူဇော်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရေနံချောင်းဒေသကောလိပ် (၁၉၇၇-၁၉၈၂) အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၉ရက် စနေနေ့ ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ M3 Resturent တွင် ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကန်တော့ခံပေးပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေများကို အောက်ပါကော်မတီများထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့ ဦးမြင့်ငွေ ၀၉- ၅၁၄၃၆၁၄၊ ဒေါ်မြင့်မြင့်ငွေ ၀၉-၇၉၉၉၉၀၈၈၈၊ ဒေါ်ငွေငွေရီ(ဘီကျူး) ၀၉-၇၃၀၀၇၂၀၅၊ နေပြည်တော် ဦးဝင်းအောင် ၀၉-၅၀၃၅၀၅၂၊ ဒေါက်တာဝင်းသန့် ၀၉-၄၉၂၂၁၆၇၀၊ မန္တလေးမြို့ ဒေါက်တာအောင် ကျော့ဘုန်း ၀၉-၉၁၀၄၃၈၈၇၊ ဦးအောင်မြတ်ခိုင် ၀၉-၂၀၂၈၃၀၀၊ ဦးသန်းလှ ၀၉-၆၈၀၀၇၁၂၊ မကွေးမြို့ ဒေါ်သန္တာမြင့် ၀၉-၄၀၁၅၆၀၆၆၁၊ ရေနံချောင်းမြို့ ဦးမောင်မောင်စိုး ၀၉-၅၃၃၇၃၁၅၊ ချောက်မြို့ ဦးဝင်းနိုင် ၀၉-၃၃၂၄၇၄၉၁၊ တောင်တွင်းကြီးမြို့ ဒေါ်ခင်အုန်းသန်း ၀၉-၂၅၃၇၂၃၄၆၈၊ အောင်လံမြို့ ဒေါ်မြမြဝင်း ၀၆၉-၂၀၀၄၂၉၊ နတ်မောက်မြို့-မြို့သစ်မြို့ ဒေါ်အေးအေးဝင်း ၀၉-၉၆၀၁၀၀၄၁၆၊ သရက်မြို့ ဦးမင်းသူ ၀၉-၅၁၀၈၃၃၆၊ ပြည်မြို့-ကံမမြို့ ဒေါက်တာကျော်မင်း ၀၉-၅၃၁၂၃၉၇၊ မင်းဘူးမြို့-စကုမြို့-မင်းလှမြို့ ဦးကျော်စိုး လွင် ၀၉-၅၁၈၈၃၆၉၊ ပွင့်ဖြူမြို့-စလင်းမြို့-ဆင်ဖြူကျွန်းမြို့ ဒေါက်တာချစ်ကိုကို ၀၉-၄၀၁၅၇၂၀၅၆၊ ကျောက်ပန်းတောင်းမြို့ ဦးဇော်မင်းစိုး ၀၉-၄၃၀၆၃၂၇၅တို့ ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(ကြေးမုံ)**

## မြဝတီမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

**မြဝတီ အောက်တိုဘာ ၂၈**



ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာ အခြေခံပညာ အလယ် တန်းကျောင်း(ခွဲ)တွင် အရန်မီးသတ်တပ်ဖွဲ့ ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၂/၂၀၁၅) ဖွင့်ပွဲကို အောက်တို ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင် ကိုဦးက ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများနှင့် ကုန်ထုတ်အရင်း အနှီးများကို မီးဘေးအန္တရာယ်မှ တားဆီး ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ် နိုင်ရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်(၄) ရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ် ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံး ရေးစွမ်းရည်များကို အစဉ်ထက်မြက်စေရေး လေ့ကျင့်သွားကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရ ခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြ ပြီး အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကို ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

သင်တန်းကာလမှာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

❐


### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆/အယ်လ်၊ မြေကွက်အမှတ် - ၁၁၈ အေ^၅ / ၃အေ ၁အေ ၊ ဧရိယာ (၀.၀၄၄) ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ ကုက္ကိုင်းရိပ်သာ လမ်း၊ အမှတ် (၅က/၁) ဟုခေါ်တွင် သော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံး ကို မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ် အမှတ် (၁၉၈၈/၉၃) အရ ပိုင်ဆိုင်လာသူ ဒေါ်အေးမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ် တစ်ပိုင်းပေးအပ်ထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားများနှင့်တကွ ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးညွန့်ဝင်း (စဉ်-၇၁၁၉) H.G.P, LL.B, D.B.L, D.M.L Post Graduate Dip. in Global English
ဒေါ်စင်အေးသန်း (စဉ်-၉၁၁၉) LL.B, D.B.L, D.I.L, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေများ
ဦးပြည့်ဖြိုးသူ (စဉ်-၄၆၁၄၀) ဒေါ်ထွေးထွေးခိုင် (စဉ်-၃၈၅၃) ဒေါ်နော်စုလှဖြူ (စဉ်-၄၅၃၆၈)
အထက်တန်းရှေ့နေများ
အမှတ် ( ၁၈/၆၀ )၊ ပထမထပ်၊ ပဟာပန္ဒလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀ ၂၆၈၄၆ ၊ ၀၉ ၇၉၁၅၆၁၆၈၂



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ဘီ)ရပ်ကွက်၊ မြေကွက်အမှတ်(၄၇)၊ ကုန်းဘောင်အိမ်ရာ၊ မြေဧရိယာပေ(၄၀×၆၀)ရှိ ဦးကျော်ဝမ်းစိန် အမည်ပေါက် ပါမစ်မြေကွက်အား အဆင့်ဆင့်လွှဲပြောင်းအရောင်းအဝယ်ပြုလုပ်ခဲ့ကြရာ ယခု ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဦးကျော်ငြိမ်း[၅/မရန(နိုင်)၀၁၃၈၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်သဇင်မျိုး(LL.B,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၂၄၄၂၈)
အမှတ်(၂/အေ)၊ (၂၀၅)၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၄၈၇၁၃၊ ၀၉-၇၃၀၆၀၈၉၇



### အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးအောင်မြင့်ဦး[၁၂/မဂတ(နိုင်)၀၈၃၆၆၅]မှ အများသိစေရန် အောက်ပါ အတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ အထက်မန္တလေး၊ လမ်းသွယ်(၃)လမ်း၊ အမှတ်(၂၁)၊ မြေညီထပ်(ခေါင်းရင်းခန်း)နှင့်ပတ်သက်သော အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်တော်ဦးအောင်မြင့်ဦးနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ (၁၈-၂-၂၀၁၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာပါကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ဦး[၁၂/မဂတ(နိုင်)၀၈၃၆၆၅]**



### အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၄၁)တွင် နေထိုင်သော (၁)ဒေါ်အိအိခိုင်[၁၂/ဒဂတ(နိုင်) ၀၃၀၈၁၀]၊ (၂)ဒေါ်မြင့်မြင့်စန်း[၁၂/သဃက (နိုင်)၀၉၃၉၇၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေအပ်ပါသည်။

အထက်ဖော်ပြပါ ဒေါ်အိအိခိုင်နှင့် ဒေါ်မြင့်မြင့်စန်းတို့သည် ၎င်းတို့ပူးတွဲ ပိုင်ဆိုင်သော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အိမ်အမှတ်(၄၁)၊ မြေကွက်အမှတ်(၂၈၁)၊ မြေတိုင်းအမှတ်(လေးဒေါင့်ကန်)၊ မြေအမျိုးအစား(နှစ်-၆၀၊ မြေငှားဂရန်)၊ မြေဧရိယာအလျားပေ(၂၅)× အနံပေ(၅၀)ရှိ မြေကွက်ပေါ်တွင် ၂ခန်းတွဲ (၆)ထပ် RCတိုက် တစ်လုံးကို ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း/အထက် ရပ်ကွက်၊ သုဓမ္မာလမ်း၊ အိမ်အမှတ်(၁၅)တွင် နေထိုင်သော ကန်ထရိုက်တာ ဦးဝင်းဇော်[၁၂/ ကမန(နိုင်)၀၅၄၃၉၉]ဆိုသူနှင့် ၇-၅-၂၀၁၄ရက်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် စာချုပ်ချုပ-ဆို ခဲ့ကြပါသည်။ တိုက်ခန်းဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ၎င်းရပိုင်ခွင့်ရှိသော အခန်း များအား ရောင်းချ၊ ပေါင်နှံ၊ တစ်ဆင့်လွှဲပြောင်းခြင်းများအတွက်လည်းကောင်း၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ပေးထားခဲ့ပါသည်။ ယခုအခါ ၎င်းကန်ထရိုက်တာ ဦးဝင်းဇော် အနေဖြင့် ထိုတိုက်ခန်းအား အကြောင်းအမျိုးမျိုးကြောင့် ဆောက်လုပ်နိုင်ခြင်းမရှိတော့ကြောင်း အကြောင်းကြားလာသဖြင့် နှစ်ဦးသဘောတူ တိုက်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းအား ၁၀-၉-၂၀၁၅ရက် တွင် တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း စာချုပ်ချုပ်ဆိုခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်သစ်ဆောက်လုပ်ရန်လုပ်ငန်းများကို မြေရှင်နှစ်ဦးတို့မှ မိမိတို့သဘောဆန္ဒအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကန်ထရိုက်တာအား လွှဲပြောင်းပေးအပ်ထားသော ကိုယ်စားလှယ်လွှဲစာနှင့် ခံစားခွင့်အရပ်ရပ်တို့ကိုလည်း ပြန်လည် ရုပ်သိမ်းပါကြောင်း၊ ၎င်းကန်ထရိုက်တာနှင့်ဆက်စပ်၍ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းလက်ခံထား ရှိသူများအား မြေရှင်များမှ တာဝန်မယူတော့ပါကြောင်း ၎င်းတို့၏ကိစ္စရပ်များကို ကန်ထရိုက်တာ ဦးဝင်းဇော်နှင့်သာ ဆက်လက်ရှင်းလင်းကြပါရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဝင်း(LL.B, DA)**
**ဥပဒေအကျိုးဆောင်ရှေ့နေ(စဉ်-၁၆၆၆၇)**
**အမှတ်-၄၉၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်၊ ရေကျော်၊ ၇-လွှာ၊ အခန်း(H)**
**ဖုန်း-၀၉-၂၅၆၁၀၆၁၀၀**








### Brooklyn International Co.,Ltd
### HR/Payroll Executive

လုပ်ဆောင်ရမည့်တာဝန်များ
-Preparation and processing of monthly payroll
-Overtime calculation,Tax deduction and other benefits

လိုအပ်သောအရည်အချင်းများ
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- HR လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

အလုပ်လျှောက်လွှာအားအီးမေးလ်ဖြင့် brooklyn.intl.co@gmail.com (သို့)အမှတ်၂၅၇၊ မြေညီထပ်၊ ၃၉လမ်း၊ (အထက်) ကျောက်တံတားမြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၀၀၉၃၂၁၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ကမ္ဘာ့လေထု (Earth's Atmosphere)

**ယခင်သီတင်းပတ်မှ အဆက်**

### သာမိုစဖီးယား

မီဇိုစဖီးယားအပေါ်ဘက်ရှိ လေထုအလွှာကို သာမိုစဖီးယားဟုခေါ်သည်။ ၎င်းလေထုလွှာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၈၇ ကီလိုမီတာမှ ၅၀၀ ကီလိုမီတာအတွင်းရှိ လေထုလွှာပင်ဖြစ်သည်။ အနိမ့်အမြင့် ကွာခြားချက်ကီလိုမီတာ ၄၀၀ ကျော်ရှိသည့် လေထုလွှာဖြစ်၍ အနိမ့်အမြင့် ခြားနားချက်အများဆုံး လေထုလွှာဖြစ်သည်။

အပူချိန်သည် ဤလေထုအလွှာ၏ အောက်ခြေပိုင်း (၈၇ ကီလိုမီတာဝန်းကျင်)တွင် အနုတ် ၁၀၀ ဒီဂရီစင်တီဂရိတ်ရှိသောကြောင့် ကြောက်ခမန်းလိလိ အေးလှသော်လည်း အထက်ဘက်ပိုင်းသို့ ရောက်လာသောအခါ အပေါင်း ၅၀၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာသဖြင့် အပူချိန်ကွာဟချက်ကြီးမားလွန်းလှပေသည်။ ကမ္ဘာ့လေထုအလွှာ ငါးလွှာအနက် အပူဆုံးလေထု လွှာဖြစ်နေပေသည်။

သို့ကြောင့်လည်း အာကာသအတွင်းမှ ကမ္ဘာ့လေထုအတွင်းသို့ ဝင်ရောက်လာသော ဥက္ကာပျံ (Meteroid) ကြယ်ပျံ (Meteor) စသည်တို့သည် ဤလေထုလွှာအတွင်း၌ အများဆုံး လောင်ကျွမ်းခြင်းခံကြရသည်။ အော်ရိုလာ (Aurora) ခေါ် တောက်ပသည့်အလင်းတန်းတို့သည်လည်း ဤလေထုလွှာထဲတွင် အများဆုံးဖြစ်ပွားကြပေသည်။

### အက်ဆိုစဖီးယား

ကမ္ဘာ့လေထုလွှာ၏ အပေါ်ဆုံးအလွှာပင်ဖြစ်သည်။ ဤလေထုအလွှာ၏ အဆုံးသည် အာကာသ (Space) ၏ အစပင်ဖြစ်ချေသည်။ ၎င်းတို့၏ နယ်နိမိတ်စည်းကို အက်ဆိုပေါ့စ် (Exopause) ဟုခေါ်သည်။ ၎င်းလေထုလွှာသည် ရေမျက်နှာပြင်အထက် အမြင့် ၅၀၀ ကီလိုမီတာမှ အထက် လေထုလွှာပင်ဖြစ်သည်။ (တချို့သော ပညာရှင်တို့က ၁၀၀၀ ကီလိုမီတာအမြင့်အထိဟု ယူဆသတ်မှတ်ကြသည်။)

ဤလေထုလွှာတွင် ခေတ်ငွေ့မှာမဆိုသလောက်သာရှိတော့၍ ဟိုက်ဒြိုဂျင်နှင့် ဟီလီယမ်တို့လည်း အနည်းငယ်မျှသာပါဝင်တော့သည်။ အပူချိန်မှာ လေထုလွှာအစမှ အဆုံးအထိ +၅၀၀ ဒီဂရီစင်တီဂရိတ်ခန့်အတွင်း မပြောင်းလဲဘဲ တစ်သမတ်နီးပါးရှိနေသည်ဖြစ်၍ အပူချိန်ပြောင်းလဲမှုအနည်းဆုံး လေထုအလွှာပင် ဖြစ်ပေသည်။

လူတို့လွှတ်တင်ထားသော ဂြိုဟ်တုတစ်ချို့သည် ဤလေထုလွှာအတွင်းမှပင် ကမ္ဘာကို လှည့်ပတ်နေကြသည်။ သို့သော် ဂြိုဟ်တုအများစုမှာ ဤလေထုအလွှာအထက်ဘက်ရှိ အာကာသအတွင်းမှ လှည့်ပတ်နေကြသည်။

ကမ္ဘာ့လေထုသည် မြေပြင်နှင့် အနီးဆုံး ထရိုပိုစဖီးယားအလွှာတွင် လေထုအထူဆုံးဖြစ်ပြီး အထက်ဘက်သို့ ရောက်လာလေလေ လေထုပါးလွှာလာလေလေဖြစ်၍ အဆုံးတွင် လေထုမရှိတော့ပေ။ လေထုလွှာမည်သည့်နေရာ၌ ဆုံးသွားသည်ကို အတိအကျ ပြောဖို့ရန် မလွယ်ကူလှပေ။ သို့သော် ကီလိုမီတာ ၂၀၀ (မိုင် ၁၂၀) ထက်မြင့်သွားက လေထုမဆိုသလောက်သာ ရှိတော့ကြောင်းကိုမူ ပညာရှင်တို့အခိုင်အမာ သိရှိလက်ခံထားကြပြီးဖြစ်သည်။

ကမ္ဘာဂြိုဟ်သည် နေစကြဝဠာ (Solar System) အတွင်း သက်ရှိများ အသက်ရှင်နေထိုင်ရန် လိုအပ်သောလေ (အဆိပ်ခေတ်ကင်းစင်၍ အောက်ဆီဂျင်ပါဝင်သည့်လေ) ကိုရရှိနိုင်သည့် တစ်လုံးတည်းသော ဂြိုဟ်ပင်ဖြစ်ပေသည်။ သို့ကြောင့်ပင် လူသားတို့ အာကာသအတွင်းရှိ တခြားဂြိုဟ်နှင့် အရံဂြိုဟ်လများစသည်တို့သို့ သွားရောက်စူးစမ်းလေ့လာကြသည့်အခါ ၎င်းတို့စီးနင်းလိုက်ပါသွားသည့် အာကာသယာဉ်အတွင်း၌ပင် နေနေကြရပြီး အပြင်ထွက်လေ့လာလိုပါက အထူးပြုလုပ်ထားသော အာကာသဝတ်စုံတို့ကို ဝတ်ဆင်၍ အောက်ဆီဂျင်ဘူးတို့ကိုပါ တပါတည်းယူဆောင်သွားကြရခြင်းဖြစ်ပေသည်။

မျက်မှောက်ကာလ စစ်ပွဲများ၊ လက်နက်စမ်းသပ်မှုများ၊ စက်ရုံအလုပ်ရုံများ၊ ယာဉ်စက်ယန္တယားများ၊ ဖန်လုံအိမ်ခေတ်ငွေ့များ၊ အလွန်အကျွံသစ်ထုတ်လုပ်မှု၊ အပြိုင်အဆိုင် သတ္တုတူးဖော်ထုတ်လုပ်မှု၊ စည်းကမ်းမဲ့ ငါးဖမ်းဆီးမှု၊ တရားမဝင် တောတွင်းတိရစ္ဆာန်များ သတ်ဖြတ်မှု စသည်တို့၏ ဘေးထွက်ဆိုးကျိုးများကြောင့် လေထု၊ ရေထုတို့ ညစ်ညမ်းယိုယွင်းပျက်စီးလာခဲ့ရပြီး ဇီဝထုလည်း လျော့ပါးမျိုးသုဉ်းလာခဲ့ရပြီဖြစ်ည်။ သို့ကြောင့်လည်း ကမ္ဘာမြေတစ်ဝန်း သဘာဝထက် လူ့ပယောဂကြောင့် ဖြစ်ရသည့် ဘေးဆိုးကြီးများကျရောက်မှု များပြားလာနေသည်ကို လူတိုင်းအသိပင်ဖြစ်သည်။

အမိနိုင်ငံတော်၌လည်း နှစ်ပေါင်း ၂၀ ကျော် စည်းကမ်းမဲ့ အရမ်းကာရော သတ္တုတူးဖော်ထုတ်လုပ်မှု (အထူးသဖြင့် မြစ်ချောင်းကမ်းပါးတို့တလျှောက် ရွှေမျှောတိုက်မှု) တို့၏ ဆိုးကျိုးအဖြစ် ရွှေထုတ်လုပ်သူတို့ ပြီးစလွယ် မြစ်ချောင်းထဲ စွန့်ပစ်ခဲ့သည့် စွန့်ပစ်မြေစာများကြောင့် မြစ်ချောင်းတို့ ရေစီးရေလာ မကောင်းဖြစ်လာပြီး တဖြည်းဖြည်း ကောလာရသလို မြစ်၊ ချောင်းရေမှာလည်း မကြည်နိုင်တော့ဘဲ အစဉ်အနည်များဖြင့် နောက်ကျိနေပေတော့သည်။ (ဥပမာ ဧယုမြစ်၊ ချင်းတွင်းမြစ်။) ထိုမှတဖန် မိုးတွင်းကာလအတွင်း မိုးကြီးသည့်နေ့ရက်တို့တွင် ချောင်းဖျားမှ အရှိန်အဟုန်ဖြင့် စီးဆင်းလာသော ချောင်းရေထုသည် ဤစွန့်ပစ်မြေစာတို့ဖုံးလွှမ်းတားဆီးထားသည့် နေရာအရောက်တွင် စီးဆင်းမှုအရှိန် တုံ့နှေးသွားရတော့ခြင်းကြောင့် ဘေးရှိမြစ်ကမ်းပါးတို့ ပိုတိုက်စားခံရသဖြင့် ကမ်းပါးပြိုချင်း၊ ရေကြီးရေလျှံခြင်းတို့ကို ဖြစ်ပေါ်စေပြန်သည်။

ထို့အတူ အမိနိုင်ငံ၏ အဖိုးတန်သစ်များ တရားဝင်ရော တရားမဝင်ပါ စည်းကမ်းမဲ့ မဆင်မချင် အလွန်အကျွံ ခုတ်လှဲထုတ်ယူမှုတို့ကြောင့် နိုင်ငံတော်၏ အဖိုးတန်သစ်တောကြီးများ ကွယ်ပျောက်လာရပြီး မြေဆီလွှာဆုံးရှုံးခြင်းနှင့်အတူ မြေပြိုခြင်း၊ ရာသီဥတုပိုမိုပူပြင်းခြောက်သွေ့လာခြင်းနှင့်အတူ ချောင်းများ၊ မြစ်ငယ်များနှင့် စိမ့်စမ်းများ ခန်းခြောက်လာခြင်း၊ လေပြင်းများကျက အကာအကွယ်ပေးမည့် သစ်ပင်ကြီးများမရှိတော့၍ အိုးအိမ်အဆောက်အအုံများ ပိုမိုပျက်စီးခြင်း၊ တောတောင်ရေမြေတို့ကို မှီတင်းနေထိုင်ကြရသည့် တောတွင်းတိရစ္ဆာန်တို့ နေထိုင်စရာ စားကျက်များ လျော့ပါးပပျောက်လာခြင်း စသည်တို့ဖြစ်ပေါ်လာရပေသည်။

လွန်ခဲ့သောလများ (ဇူလိုင်၊ ဩဂုတ်)က နိုင်ငံတစ်ဝန်းဖြစ်ပျက်ခဲ့သော မြစ်ကမ်းပါးပြိုခြင်း၊ ရေကြီးရေလျှံခြင်း၊ ချင်းတောင်တစ်ဝန်း မြေပြိုခြင်း၊ ပဲခူးရိုးမနေ ဆင်မိသားစု၏ ဘဝရှင်သန်ရပ်တည်ရေး နားခိုကျက်စားစရာ စားကျက်သစ်ရှာပုံတော်ဖွင့်ဖြစ်ရပ် အစရှိသည်တို့က အမိနိုင်ငံတော်၏ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်ကြီး အဘယ်မျှ ယိုယွင်းပျက်စီး ယိမ်းယိုင်လာနေပြီဖြစ်ကြောင်း မီးမောင်းထိုးပြသတိပေးတပ်လှန့်လိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။


သို့ဖြစ်ရာ မိမိတို့ လူသားပယောဂကြောင့် တစ်စတစ်စ ယိုယွင်းပျက်စီးလာနေသည့် ကမ္ဘာ့စဖီးယားကြီးများ ယခုထက်ပိုမဆိုးသွားရန် အချိန်မီ လူတိုင်းကိုယ်စီ လက်လှမ်းမီသလောက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်နေပြီဖြစ်ပေသည်။ သို့ဝိုင်းဝန်းစောင့်ရှောက်နိုင်မှသာ ကျွန်တော်တို့ မြေးမြစ်တီတွတ်တို့၏ အနာဂတ်ရေမြေတောတောင် သဘာဝဝန်းကျင်မှာ တော်သင့်ရုံကျပေမည်။

သင် တောတောင်ရေမြေသဘာဝ သယံဇာတတို့ကို ချစ်မြတ်နိုးတန်ဖိုးထား ပြုစုစောင့်ရှောက်သူ၊ နောင်လာမည့် မျိုးဆက်သစ် လူသားနွယ်ဝင်နှင့် သက်ရှိလောကတစ်ခုလုံးအတွက် ကောင်းမွေချန်ထားပေးခဲ့သူ၊ အမိမြေကမ္ဘာ ပြန်လည်စိမ်းလန်းစိုပြည် ကျန်းမာအဓွန့်ရှည်ရေးအတွက် ကျရာနေရာမှ ပါဝင်စွမ်းဆောင်သူ၊ သမိုင်းပေးတာဝန်ကျေပွန်သူ၊ မိခင်မြေကမ္ဘာ၏ သမီးကောင်းရတနာ၊ သားကောင်းရတနာများ ဖြစ်စေချင်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

Ref: The British Council စာကြည့်တိုက် သိပ္ပံဘာသာရပ်ဆိုင်ရာစာအုပ်များ

Internet: Earth's Spheres, Atmosphere

**ဘူမိလုလင်**




ကထိက နည်းပြ
UFL
Entrance
►ဖွင့်ပြီ◄
(၁၂/၅)၊လှည်းတန်းလမ်းမ၊ကမာရွတ်၊ဖုန်း-၀၉၄၂၀၁၃၂၁၀၃၊၀၉၅၀၀၃၇၉၉

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770


B.L.T Travels
ကျိုက်ထီးရိုး (နေ့စဉ်) 8000
ချောင်းသာ (နေ့စဉ်) 12000
09-796262652, 09-73163538

**ကားရောင်းမည်**
Honda Fit(2009) model
အိမ်စီး၊ ကားသန့်၊ မိုးပြာရောင်
(7I/----) Ph:09-43129218

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးအာကာစိုး[၁၂/ဥကတ(နိုင်)၁၈၃၆၇၃]၏ ပတ်စပို့အမှတ် (M-594568) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၂၅၄၅၄

**"စာရင်းစစ်ဝန်ထမ်းများ အလိုရှိပါသည်"**
NATIONAL INFRASTRUCTURE HOLDING CO.,LTD.
ဖုန်း-၀၁-၂၂၉၄၂၁/၀၁-၂၂၉၄၂၃
၁။ ကုမ္ပဏီမှ လုပ်ကိုင်လျက်ရှိသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါ စာရင်းစစ်ဝန်ထမ်းများ အလိုရှိပါသည်။
(က) စာရင်းစစ်အဖွဲ့ခေါင်းဆောင် (၈) ဦး
- B.Com, CPA, D.A ဘွဲ့ရရှိသူ၊ စာရင်းစစ်လုပ်ငန်းအတွေ့အကြုံ နည်းဆုံး (၅)နှစ်ရှိသူဖြစ်ရမည်။
(ခ) စာရင်းစစ် (၁၆) ဦး
- ဘွဲ့ တစ်ခုခုရရှိပြီး၊ စာရင်းစစ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ် ရှိသူဖြစ်ရမည်။
၂။ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများသည် ကိုယ်ရေးအချက်အလက်၊ ပညာရေး/ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၃)လအတွင်း ရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံတို့နှင့်အတူ ကုမ္ပဏီရုံး၊ တိုက်အမှတ်(၄၅/၄၆)၊ (၁၀)ရပ်ကွက်၊ ဗဟိုစည်အိမ်ရာဝင်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) စာတိုက်မှ ဖြစ်စေ ၁၅-၁၁-၂၀၁၅ ရက်အတွင်း ပေးပို့နိုင်ပါသည်။
ဝန်ထမ်းရေးရာဌာန
N.I.H CO.,LTD.

**မင်္ဂလာဆုတောင်း**
၂၉-၁၀-၂၀၁၅ရက်တွင် ကျရောက်သည့် ဖေဖေ ဦးရှုပ-မေမေ ဒေါ်အေးအေးမွန် (ခိုင်ခိုင်-ဆေးဆိုင်မင်္ဂလာတောင်ညွန့်)တို့၏ အနှစ်(၂၀)ပြည့် မင်္ဂလာနှစ်ပတ်လည်နှင့် ဦးကြီးမင်းစိုးကြည်-အန်တီမိုးစံပယ်တို့၏(၁၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နေ့ဝင်နှစ်ပေါင်းများစွာတိုင်ချစ်သောသား၊ သမီး၊ တူ၊ တူမများနှင့်အတူ အောင်မြင်ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။
ချစ်ခင်လေးစားစွာဖြင့်
ရဲဝင့်အောင် (Victoria University)
ပြည့်ဖြိုးအောင် (Brainworks, Total)
ဉာဏ်ဇင်ထူး (Engineering Foundation,YIUS)
ဉာဏ်သွေးဟန် (Brainworks, Total)
ကောင်းမြတ်စိုးကြည် [အမက(မူလွန်)ကမာဝက်]
ချမ်းမြေ့စိုးကြည် [အမက(မူလွန်)ကမာဝက်]
လင်းလက်ရည် [အမက(မူလွန်)ကမာဝက်]



ပြည်တွင်းရေးရာ

# ချောင်းဦးတွင် ဒေသရာသီဥတုနှင့်ကိုက်ညီသော ခရမ်းချဉ်မျိုးများ စိုက်ပျိုး

**ချောင်းဦး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ခရမ်းချဉ်သီးစိုက်တောင်သူများအနေဖြင့် ဒေသရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစိုက်ပျိုးနိုင်ရန်အတွက် ကုမ္ပဏီတစ်ခုက ချောင်းဦးမြို့နယ် ကင်ပွန်းတော်ကျေးရွာအုပ်စု ရှမ်းထူးကျေးရွာတွင် စတင်စမ်းသပ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မုံရွာခရိုင်အတွင်းရှိ ခရမ်းချဉ်စိုက်ဒေသများတွင် အချို့တောင်သူများအနေဖြင့် အာမခံချက်မရှိသည့် နိုင်ငံခြားမျိုးများကိုစိုက်နေကြပြီး မျိုးမှား၍ပျက်စီးမှုရှိရာတွင် အာမခံချက်မရှိသည့်အတွက် ဆုံးရှုံးမှုများရှိခဲ့သည်။

"ပထမဦးဆုံးစတင် စမ်းသပ်ခြင်းဖြစ်ကြောင်း၊ ယမန်နှစ်က မတ္တရာမြို့နယ်တွင် စမ်းသပ်လုပ်ကိုင်ပါတယ်။ အခုဒီချောင်းဦးမြို့နယ်မှာရှိတဲ့ မြေအမျိုးစားနှင့် ကိုက်ညီမှုရှိတဲ့ ခရမ်းချဉ်မျိုးစေ့ စီးပွားဖြစ်ထုတ်လုပ်ဖို့ လျာထားပါတယ်" ဟု စိုက်ခင်းတာဝန်ခံက ပြောသည်။

မျိုးမှား၍ အာမခံချက်မရှိသည့်အတွက် ဒေသရာသီဥတုနှင့်လည်း ကိုက်ညီမှုရှိမည့် အာမခံချက်လည်းရှိမည့်မျိုးကို ဒေသတွင်းမှာပင် စမ်းသပ်စိုက်ပျိုးပြီး ထွက်ရှိသည့် ခရမ်းချဉ်သီးနှံက မျိုးစေ့တွေကို ဖြန့်ဝေရောင်းချပေးသွားမည်ဖြစ်သည်။

"လက်ရှိပြည်တွင်းမှာ ဖြန့်ဝေနေတဲ့ ကုမ္ပဏီတွေက မှတ်ပုံတင်ပြုလုပ်ပြီး ဖြန့်ဝေကြတာ၊ မျိုးမှားလို့ ပျက်စီးမှုရှိခဲ့ရင်လည်း ပြန်လည်သိမ်းပေးတယ်။ အခုဖြန့်ဝေမဲ့ ကုမ္ပဏီအနေနဲ့လည်း အာမခံချက်ရှိဖို့လိုမယ်။ တာဝန်ယူမှုရှိဖို့လိုမယ်။ ဒါမှ ကျွန်တော်တို့ တောင်သူတွေအနေနဲ့လည်း အသုံးပြုရဲမှာဖြစ်ပါတယ်။ ဒီမှာလာပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးတွေထုတ်လုပ်မယ်ဆိုတော့ ကောင်းပါတယ်"ဟု မင်းခေါင်ကျေးရွာမှ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ဒေသနှင့်ကိုက်ညီသော ခရမ်းချဉ်မျိုးထုတ်လုပ်ရန်အတွက် တရုတ်နိုင်ငံ အခြေစိုက်ကုမ္ပဏီသည် ချောင်းဦးမြို့နယ် ရှမ်းထူးကျေးရွာတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ညောင်တုန်းမြို့အတုလမာရဇိန်သွန်းဘုရားကြီး ဆီးမီး၊ ပန်း၉၀၀၀ ပူဇော်ပွဲ ကျင်းပမည်

**ညောင်တုန်း အောက်တိုဘာ ၂၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အတုလမာရဇိန်သွန်းဘုရားကြီးတွင် သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တို့တွင် အမှတ် (၂) အမျိုးသားလူငယ်အသင်းနှင့် ဘုရားဂေါပကအဖွဲ့တို့ကကြီးမှူး၍ သီတင်းကျွတ်မီးထွန်းပွဲတော် ဆီးမီး၊ ပန်း ၉၀၀၀ ကျော်ပူဇော်ကန်တော့ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် မိုးဟုတ်ဘုရားကြီး၊ နိုင်ငံအေးဘုရားကြီးတွင်လည်း ဆီးမီး၊ ပန်း ၉၀၀၀ ဆက်ကပ် လှူဒါန်းပူဇော်မည်ဖြစ်ပြီး ဥသျှစ်လှူစေတီများတွင်လည်း ဆီးမီး၊ ပန်းများဖြင့် ထွန်းညှိပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ထို့ပြင် အောင်ရတနာလမ်း၊ မိုးဟုတ်ဘုရားကြီးလမ်းတစ်လျှောက်၊ တောရကျောင်းလမ်း၊ ညာဏဗလလမ်းနှင့် မြို့မလမ်းမတော်လမ်း တစ်လျှောက်တို့တွင် မြတ်စွာဘုရားအား ဆီးမီးရောင်စုံများ ထွန်းညှိပူဇော်ခြင်းများ၊ စတုဒိတာ အကျွေးအမွေးများ၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်များ လှူဒါန်းပေးကမ်းခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသော ဈေးသည်များ၊ ဘုရားဖူးလာ ညည့်သည်များ စတင်လာရောက်နေကြပြီး စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားပွဲတော်ကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါနှစ်ပေါင်း ၁၂၀ ကျော်ခန့်ရှိ သွန်းဘုရားကြီးအား ဘက်စုံမွမ်းမံပြင်ဆင်လျက်ရှိရာ ဘုရားအဝင်မုခ်ဦး၊ အာရုံခံတန်ဆောင်းတော်ကြီးအတွင်းရှိ ကျောက်တိုင်ကျောက်ပြားများ၊ လျှပ်စစ်မီးသီးများ၊ ဘုရားမျက်နှာရှေ့ အုတ်တံတိုင်းကျောက်တိုင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# စာရေးတံမဲ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၈**

သီတင်းကျွတ် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တာမွေမြို့နယ် အရိုးကုန်း ရပ်ကွက်(၁၄၇)လမ်း မိသားစု၏ စတုတ္ထအကြိမ်မြောက် စာရေးတံမဲလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် လမ်းရှိမင်္ဂလာမဏ္ဍပ်၌ သီရိမင်္ဂလာကျောင်းတိုက်၊ ဓမ္မလင်္ကာရကျောင်းတိုက်၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ကျောက်မြောင်းကျောင်းကုန်းကြီးကျောင်းတိုက်မှ ပင့်သံဃာ ၈၇ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ စာရေးတံမဲဖောက်လှူဒါန်းကြသည်။

သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် သီရိမင်္ဂလာကျောင်းတိုက်ဆရာတော်က အဘိဓမ္မာ အခါတော်နေ့ ဓမ္မဒေသနာတော်ကို ဟောကြားချီးမြှင့်တော်မူပြီး လပြည့်ကျော် ၃ ရက်(စနေနေ့) နံနက်ပိုင်းတွင် တစ်အိတ်လျှင် ၂၄ ပြည်ပါ ဆန်အိတ်ပေါင်း ၅၀ ကို သန်လျင်မြို့ သဘာဝတရားရိပ်သာသို့ သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။ သီတင်းကျွတ်မီးထွန်းပွဲနှင့်အတူ လမ်းမိသားစု ဝတ်အသင်းသူများက ဝတ်ရွတ်စဉ်များကို ညစဉ်ရွတ်ဆိုပူဇော်လျက်ရှိသည်။ **(ကိုချစ်)**



# ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ခင်း ကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**မြဝတီ အောက်တိုဘာ ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာ ကွင်းအမှတ်(၁၂၈၈) ဦးပိုင်အမှတ်(၆၉)ရှိ တောင်သူဦးရှမ်းမဲ၏ လယ်မြေတွင် သိပ္ပံနည်းကျ စိုက်နည်းစနစ် (GAP) ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ခင်းကွင်းပြပွဲ (Field Day) နှင့် စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

ထို့နောက် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအစိုအထွက်တင်း ၂၂၅ ဒသမ ၂၇ တင်း ထွက်ရှိခဲ့ပြီး အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ဖလူးကြီး၊ မင်းလက်ပံ၊ အင်ကြင်းမြိုင်၊ ဖလူးလေးကျေးရွာများမှ တောင်သူလယ်သမား ၇၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား(ကလေးဝ)၏ အပေါ်ထည်သံပေါင်လုပ်ငန်းများ ဆောင်ရွက်ရန် သံပေါင်တန်ချိန် ၃၃၀၉တန်အား ရန်ကုန်မြို့ရှိ J & M နှင့် MEC စက်ရုံများမှ ချင်းတွင်းတံတား (ကလေးဝ)လုပ်ငန်းခွင်အရောက် သယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၄-၁၁-၂၀၁၅ရက်

တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ချင်းတွင်းတံတား(ကလေးဝ)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းတွင်းတံတား(ကလေးဝ)နှင့် တံတားအထူးအဖွဲ့ (၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တို့တွင် ၂၆-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း ၀၉-၆၄၇၂၆၅၂၊ ၀၉-၈၅၂၂၃၂၅၊ ၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၄၃၀၅၆၁၆၅**

## ကန့်ကွက်နိုင်ပါကြောင်း


ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃/အေ)၊ ခေါင်းရင်းခြမ်း၊ ဒုတိယထပ်၊ (၁၅×၄၂)ပေအကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လှရီ[၁၂/အစန(နိုင်)၁၂၂၂၃၇]မှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်နိုင်ထူး **LL.B,WIPO (Switzerland)**
အထက်တန်းရှေ့နေ (စဉ်-၃၈၃၇၃)

ဦးကျော်စွာမြင့် **LL.B,D.B.L**
အထက်တန်းရှေ့နေ

**"မင်းမဟာ"အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**အမှတ်-၃၈၊ ဒုတိယထပ်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ပါရမီလမ်းရုံးချုပ်၊ ဖုန်း-၀၁-၆၅၃၄၉၃၊ ၀၉-၄၂၄၇၇၇၇၃၊ ၀၉-၄၃၀၆၉၇၂၂**
**၀၉-၇၃၀၂၀၇၅၅၊ ၀၉-၇၃၉၀၃၄၆၆**



## မြိတ်မြို့တွင် အခြေခံပညာ အလယ်တန်းအဆင့် ဘာသာရပ်သင်ကြားမှုဆိုင်ရာ စွမ်းရည်မြင့်မားရေး ဆွေးနွေး

**မြိတ် အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ဆရာ၊ ဆရာမများအား ဘာသာရပ်သင်ကြားရေး စွမ်းရည်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၇ ရက်အထိ မြိတ်မြို့တွင် ကျင်းပခဲ့ကြောင်း ပညာရေးဌာနမှ သိရသည်။

ဆွေးနွေးပွဲတွင် ဝါရင့် ဆရာ၊ ဆရာမ ၂၄ ဦးမှ ဦးဆောင်၍ မြိတ်ခရိုင်နှင့် ကော့သောင်း ခရိုင်အတွင်းရှိ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့များမှ အလယ်တန်းပြ ဆရာ၊ ဆရာမ ၂၉၇ ဦးအား သင်ရိုးညွှန်းတန်း တည်ဆောက်မှု၊ အမှတ်ပေး စည်းမျဉ်းနှင့်အညီ သင်ကြားနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲဆန်းစစ်ဖြေဆိုရာ ထူးချွန်ဆု ပထမရရှိသော အ-လ-က (ဆိပ်ဖူး)၊ ဘုတ်ပြင်းမြို့နယ်မှ ဒေါ်တင်တင်နွယ်၊ ဒုတိယရရှိသော အ-လ-က(ခွဲ)ဝိုင်းတောင်၊ မြိတ်မြို့နယ်မှ ဒေါ်ဧပရယ်ကျော်ဦး၊ တတိယဆုရရှိသော မူလွန် (လုံးဖော)၊ ကော့သောင်းမြို့နယ်မှ ဒေါ်မိုးမိုးအေးတို့အား မြိတ်ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်ခရိုင်ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေ ပေါက်အင်းသို့ ဝင်ရောက်မှုများပြားသဖြင့် ငါးပိုမိုရရှိ



**မုံရွာ အောက်တိုဘာ ၂၈**

ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ချင်းတွင်းမြစ်ရေ နှစ် ၅၀ ကျော်အတွင်း စံချိန်တင်၍ အမြင့်ဆုံး တက်ရောက်ခဲ့ပြီး မြစ်ကမ်းဘေး တစ်လျှောက်ရှိ အင်းများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများပြားသဖြင့် ငါးများပိုမိုရရှိကာ ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ခါတိုင်းနှစ်တွေမှာ ချင်းတွင်းမြစ်ရေကြီးတာက ပုံမှန်ပဲ၊ အခုနှစ်ကျတော့ ချင်းတွင်းမြစ်ရေက ရှံ့နှစ်အရောင်တွေနဲ့ ကြီးတာဆိုတော့ ငါးတွေက အင်းတွေထဲကို တိုးဝင်တယ်လို့ထင်ပါတယ်။ နောက်ပြီး ပေါက်အင်းက အင်းပြင်ကျယ်တယ်။ တစ်နှစ်ပတ်လုံးလည်း ရေနေတယ်။ ချုံနွယ်ပိတ်ပေါင်းပေါတော့ ငါးခိုစရာလည်းပေါတဲ့အတွက် ငါးပိုဝင်တယ်လို့ထင်တယ်။ ခါတိုင်းနှစ်ထက်ပိုပြီးငါးရတယ်" ဟု ချောင်းဦးမြို့နယ်အတွင်းရှိ ပေါက်အင်းမှ အင်းလုပ်ငန်းရှင်က ပြောသည်။

အဆိုပါအင်းမှ ထွက်ရှိသော ငါးမျိုးစုံအား ချောင်းဦးနှင့် မြောင်မြို့နယ်အတွင်းရှိ ကျေးရွာများရှိ တစ်ပိုင်တစ်နိုင် ရောင်းချသူများမှ လာရောက်ဝယ်ယူကြသကဲ့သို့ ရေလုပ်သားများကလည်း ချောင်းဦး-ပခုက္ကူ ကားလမ်းဘေးတစ်လျှောက်တွင် ရောင်းချလျက်ရှိကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

"ငါးပတ်၊ ငါးကြင်း၊ ငါးလူး၊ ငါးမြွေထိုး၊ ငါးအသေးလေးတွေ တစ်ရက်ကို အနည်းဆုံး ပိဿာချိန် ၂၀ လောက်ရောင်းရတယ်။ အခုနှစ်က ငါးပိုပြီးရတဲ့အတွက် အဆင်ပြေပါတယ်" ဟု ချောင်းဦး-ပခုက္ကူ ကားလမ်းဘေးတွင် ပေါက်အင်းမှထွက်ရှိသော ငါးများရောင်းချသူ ဒေါ်အေးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## တာချီလိတ်မြို့တွင် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တာချီလိတ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီကကြီးမှူး၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးမင်းသိမ်းက ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းက စီမံကိန်းရေးဆွဲရာ၌ မြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး လိုအပ်နေသည့် လမ်း၊ တံတားနှင့် ရေရရှိရေးလုပ်ငန်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် လူမှုအဖွဲ့အစည်းများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲမည့် အစီအစဉ်များကို အသီးသီးရှင်းလင်း တင်ပြခဲ့ကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးက တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒေသန္တရစီမံကိန်း ရေးဆွဲရာတွင် ပြည်သူဗဟိုပြု၍ လုပ်ငန်းများအား အလေးအနက်ထားပြီး ရေးဆွဲဆောင်ရွက်နိုင်ရေး လုပ်ငန်းများ ရေရှည်တည်တံ့ရေးတို့ကို ထည့်သွင်းစဉ်းစား ရေးဆွဲရန်ပြောကြားခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**




**Trumpet Travels** ၏ အထူးခရီးစဉ်များ

| | | |
|---|---|---|
| ကျိုက်ထော်ရေတံခွန် (ဘားအံ) | 7 Nov | 35000/- |
| ပြည်အကောက်တောင် (ဘုရားစုံ) | 14 Nov | 35000/- |
| ဇင်းကျိုက်ရေတံခွန် (ဘုရားစုံ) | 21 Nov | 35000/- |
| ငွေဆောင် (၂ ည ၃ ရက်) | 27 Nov | 75000/- |

ဝန်ဆောင်မှုများ
ရေသန့်ဘူး၊ စနိုးတာဝါ၊ VIP Air Con Car၊ ညလယ် စာ၊ မနက်စာ၊ နေ့လယ်စာ။
၈ ဦးလျှင် ၁ ဦးအခမဲ့

**Ph : 01 536975, 01 532238, 09 43089536**၊

"သင့်တင့်သောဈေးနှုန်းဖြင့် VIP-မြေကွက် ရောင်းမည်"

သာကေတမြို့နယ်၊ ရတနာအိမ်ရာဝင်း (70'x 80') အကျယ်ရှိ မြေကွက်.(ဂရန်).အုတ်ခတ်ပြီး ဈေးနှုန်း-(၂၈၅၀)သိန်း (ညှိနှိုင်း)
★ဝယ်/ရောင်း (သို့) မိသားစုနေထိုင်ရန် (အထူးသင့်တော်)
ဆက်သွယ်ရန် - 09 5060940, 09 73500535

" ကန့်ကွက်နိုင်ပါသည် "

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ချပ်ကွက်/ကျေးရွာအုပ်စု-ဥဿာ(၉)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-အထူးဖုံ (၁)၊ ဦးပိုင်/မြေကွက်အမှတ်- (၆၅ᵔᵔ) ၊ မြေမျိုးနှင့်အတန်း- DA ဟုခေါ်တွင်သော ဧရိယာ (၁.၀၀)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေနှင့် ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ အမည်ပေါက် ဦးရဲနိုင်ဝင်း (၁၃/နစန(နိုင်)၀၀၇၇၃၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်သီတာလွင် | ဒေါ်သဲစုဝေမြင့် |
| LL.B., D.B.L., D.M.L.,D.I.L | LL.B., D.B.L., D.M.L.,D.I.L.,B.D.S(MOFA) |
| စဉ်-၂၅၇၁၀ | စဉ်-၈၄၉၉ |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

၃၈/၄၃၃၊ ကန်ညီနောင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉- ၅၁၉၃၅၇၈၊ ၀၉- ၇၃၀၁၉၂၀၆

# လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်

**ကနီ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသထွက်သီးနှံများ မုံရွာမြို့သို့ အချိန်နှင့်တစ်ပြေးညီ ကုန်းလမ်းမှ မော်တော်ယာဉ်များဖြင့် တင်ပို့ရောင်းချနိုင်ရန်အတွက် ယင်းကျေးရွာအုပ်စုနှင့် အုမ္မ-ငုတ်ချောင်း-ဝင်မနားသို့ ဆက်သွယ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကျောက်လှေကား-ကုန်းသာ-အုမ္မ မြေသားလမ်းဟာ ၂ မိုင်ကျော်ရှည်ကာ အုမ္မ-ငုတ်ချောင်း-ဝင်မနားလမ်းသို့ ဆက်သွယ်ဖောက်လုပ်တာဖြစ်ပြီး ထိုမှတစ်ဆင့် ဝင်မနား-တပုန်း-ပျဉ်တော-သခွတ္တနယ်မှ မုံရွာမြို့သို့ သွားလာနိုင်ပါတယ်။ ကျွန်တော်တို့ ယင်းကျေးရွာအုပ်စုဟာ ချင်းတွင်းမြစ်၏ အရှေ့ဘက်ခြမ်းမှာ တည်ရှိပြီး မုံရွာမြို့နှင့် ရေမိုင် ၃၇ မိုင်ကွာဝေးပါတယ်။ ချင်းတွင်းမြစ်ကြောင်းမှ ရေလမ်းတစ်ခုတည်းကိုသာ အဓိကထား သွားလာရပါတယ်။

ကုန်စည်ပို့ဆောင်မှု၊ ပညာရေး၊ ကျန်းမာရေးနဲ့ အခြားလူမှုရေးကိစ္စများလည်း အခက်အခဲများရှိပါတယ်။ ကျွန်တော်တို့ဒေသက စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြတော့ ဒေသထွက် သီးနှံများကိုရာသီမရွေးသွားလာကူးသန်းနိုင်ရန်အတွက် နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ရန်ကုန်မြို့ နာဂလိုင်ဂူဆရာတော် ဦးဇာဂရ၏ ထောက်ပံ့မှုနဲ့ ပြည်သူများရဲ့ ငွေကြေးလှူဒါန်းမှုများဖြင့် တာဝန်ရှိသူများက စက်ယန္တရားရရှိရေး ကူညီဆောင်ရွက် ပေးပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီကျေးရွာကုန်ထုတ်လမ်း မြေသားလမ်းဖောက်လုပ်ပြီးစီးသွားရင် ဒီကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ကျေးရွာ သုံးရွာအပြင် မင်းကင်းမြို့နယ်အတွင်းမှ ကျေးရွာများရှိ ဒေသခံပြည်သူများလည်း ပညာရေး၊ ကျန်းမာရေးနှင့် သွားလာရေးများအဆင်ပြေပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**သန်းဌေးအောင်(ကနီ)**

# ကလေးဒေသတွင် ၂၄ နာရီမီးလင်းတော့မည်

**ကလေး အောက်တိုဘာ ၂၈**

ကလေး၊ တမူးနှင့် မော်လိုက်ဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ကလေးဒေသတွင် မကြာမီ ၂၄ နာရီ လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဂန့်ဂေါ-ကလေး ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း ၆၉ ဒသမ ၄၄ မိုင်၊ ကလေးမြို့တွင် ၂၃၀/၆၆ ကေဗွီနှင့် ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆ မိုင်၊ ၆၆/၁၁ ကေဗွီနှင့် ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကလေးဒေသကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးယုမော်က ပြောသည်။



အဆိုပါလုပ်ငန်းဆောင်ရွက်မှု အမြန်ပြီးစီးနိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင် လ-ဝ-က ဦးစီးမှူးနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ကလေးမြို့ဓာတ်အား စနစ်မှ ၂၄ နာရီ မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်ရှိ တာဝါတိုင်များ တည်ဆောက်နေမှုအား အောက်တိုဘာ ၂၆ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဂျိုးနက်**

# ဂျပန်ပစ္စည်းသီးသန့်ကုန်စည်ပြပွဲ မန္တလေးမြို့တော်ခန်းမ၌ ပြုလုပ်

**မန္တလေး အောက်တိုဘာ ၂၈**

ဂျပန်ပစ္စည်းသီးသန့် ကုန်စည်ပြပွဲအား အောက်တိုဘာ ၂၆ ရက်မှ စတင်ကာ မန္တလေးမြို့ မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည်။ ယင်းကုန်စည်ပြပွဲ ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးကျော်မင်း၊ Toyota ကုမ္ပဏီမှ Chief Operation Manager ဦးမျိုးမြင့်သိန်း၊ Myanmar Promotional Services မှ ဒေါက်တာဇာနည်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဂျပန်ပစ္စည်း သီးသန့်ကုန်စည်ပြပွဲအား အောက်တိုဘာ ၂၈ ရက်ထိ နံနက် ၉ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ပြသခဲ့သည်။ မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်သော အဆိုပါကုန်စည်ပြပွဲတွင် ဂျပန် နာမည်ကြီး အမှတ်တံဆိပ်များပြသရောင်းချခဲ့သည်။ ယင်းကုန်စည်ပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များပါဝင်ခဲ့ပြီး ဝယ်ယူအားပေးသူများအတွက် အထူးလျှော့ဈေးများဖြင့်လည်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဝဝ၂**

# သိမ်ဆိပ်-ဝီယော်-လေးကေ လမ်း မြေသားလမ်းတာပေါင် ၁၀မိုင် အတွင်း စတင်တိုးချဲ့ဆောင်ရွက်

**သထုံ အောက်တိုဘာ ၂၈**

မွန်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်လာစေရန်အတွက် သထုံမြို့နယ် လမ်းဦးစီးဌာနမှဦးစီးဆောင်ရွက်နေသော သိမ်ဆိပ်-ဝီယော်-လေးကေ ကားလမ်းပိုင်းအရှည် ၃၅ မိုင် ၆ ဖာလုံသည် ကတ္တရာလမ်း ခင်းကျင်းမှုမှာ ပြီးစီးတော့မည်ဖြစ်သည်။ သို့သော် အဆိုပါလမ်း၏ အကျယ်မှာ ၁၂ ပေသာ ရှိသောကြောင့် ယခုအခါ ယင်းလမ်းပိုင်းသည် မော်တော်ယာဉ် အဝင်အထွက် တိုးတက်များပြားလာမှုကြောင့် ကနဦးအနေဖြင့်(၀/၀)မိုင်မှ (၁၀/၀)မိုင်အတွင်း လမ်းတာပေါင် အကျယ်ပေ ၃၀ ရရှိရန် သထုံမြို့နယ် လမ်းဦးစီးဌာနမှ မြေသားလမ်း တိုးချဲ့ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ တိုးချဲ့ဆောင်ရွက်ရာတွင် ကျေးရွာ၊ ရပ်ကွက်များအတွင်း လမ်းဘေး ဝဲ၊ ယာ နှစ်ဖက်ရှိ တချို့သောနေအိမ်များနှင့် နီးကပ်စွာ တည်ရှိနေသောကြောင့် အခက်အခဲ အနည်းငယ်ရှိနေသော်လည်း လမ်းအကျယ်တာပေါင် လိုအပ်ချက်များကြောင့် ကျေးရွာ၊ ရပ်ကွက် အပြင်ဘက်နေရာလမ်းများတွင် စတင်၍ ဆောင်ရွက်နေသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ်အတွင်း သိမ်ဆိပ်-ဝီယော်-လေးကေ လမ်းပိုင်းကို ပြီးစီးအောင် ဆောင်ရွက်နေရာ မကြာမီအချိန်အတွင်း ကရင်ပြည်နယ် ဖာပွန်မြို့သို့ ပြည်နယ်ချင်းဆက်လမ်းအဖြစ် ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သထုံမြို့နယ် လမ်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့် ဦးစီးအရာရှိ (မြို့ပြ) က ပြောသည်။

အဆိုပါ သိမ်ဆိပ်-ဝီယော်-လေးကေ လမ်းပိုင်း ပြီးစီးသွားလျှင် ဒေသခံပြည်သူများသည် သုဝဏ္ဏဝတီမြို့မှတစ်ဆင့် အနယ်နယ်အရပ်ရပ်ရှိ မြို့ကြီးများသို့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကို အချိန်တိုအတွင်း ဆက်သွယ်သွားလာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ **ခွန်(ဝင်းပ)**

## ရန်ကုန်တက္ကသိုလ်သချ်ာမိသားစု၏ (၁၈)ကြိမ်မြောက်

သက်ကြီးအာစရိယပူဇော်ပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲကို ၁၀-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သက်ကြီးအာစရိယပူဇော်ပွဲ

၁၀-၁-၂၀၁၆ရက် နံနက် ၉ နာရီမှ ၁၂နာရီအထိ ရန်ကုန်တက္ကသိုလ်အပန်းဖြေခန်းမ(RC)

မိသားစုမိတ်ဆုံညစာစားပွဲ

၁၀-၁-၂၀၁၆ရက် ညနေ ၆ နာရီ ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်မြက်ခင်းပြင်

သို့ဖြစ်ပါ၍ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများနှင့် မိတ်ဆုံညစာစားပွဲလက်မှတ် ဝယ်ယူလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

| | | | |
|---|---|---|---|
| ၁။ ဒေါက်တာဒေါ်ဝင်းကြည် | ၀၉-၅၀၂၀၈၀၂ | ၂။ ဒေါက်တာကေသီတင် | ၀၉-၅၁၅၃၁၆၂ |
| ၃။ ဒေါ်လဲ့လဲ့ဆွေ | ၀၉-၅၁၄၃၁၇၉ | ၄။ ဦးအေးသိန်း | ၀၉-၇၃၆၆၇၇၇ |
| ၅။ ဦးမောင်မောင်မြင့် | ၀၉-၂၅၄၁၃၆၈၅၇ | ၆။ ဦးရဲကျော်သူ | ၀၉-၇၃၀၈၆၁၃၇ |
| ၇။ ဦးထူးဇော်တင့် | ၀၉-၅၀၁၅၇၃၉ | ၈။ ဒေါ်စွမ် | ၀၁-၂၃၀၀၅၇၃ |
| ၉။ ဒေါ်ခင်မေမေအေး | ၀၉-၅၄၁၈၉၅၀ | ၁၀။ ဦးသန်းထွဋ် | ၀၉-၄၅၀၀၅၆၃၆၉ |
| ၁၁။ ဒေါ်အောင်ဥမ္မာ | ၀၉-၅၀၃၉၉၁၆ | ၁၂။ ရန်ကုန်တက္ကသိုလ်သချ်ာဌာန | ၀၁-၅၃၆၃၇၆ |









ကြော်ငြာ


POPULAR STAR TRAVEL & SERVICES

တောင်ကြီး–အင်းလေး–ပင်းတယ–ကက္ကူ–ထမ်းဝမ်ရှ–ကလော DEC-24 (၁.၄ သိန်း) (၄ညအိပ်၊ ၅ရက်ခရီးစဉ်)

မန္တလေး–ပြင်ဦးလွင်–စစ်ကိုင်း–ပင်းကွန်း NOV-25,DEC-24 (၁.၄ သိန်း) (၄ညအိပ်၊ ၅ရက်ခရီးစဉ်)

မုံရွာ–ညောင်ဦး–ပုပ္ပါး–မင်းဘူး DEC-24, JAN 1 (၉ သောင်း) (၃ညအိပ်၊ ၄ရက်ခရီးစဉ်) ကျိုက်ထီးရိုး နေ့ချင်းပြန် – ၃၅၀၀၀ကျပ်

ရန်ကုန်ရုံးချုပ် – အမှတ်(၅၄)၊ ၃၂လမ်း၊ အလယ်ဘလောက်၊ ရန်ကုန်မြို့။ Ph: 01 2301866, 09 5129134, 09 786516520

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ၊ တဝ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် နှင့် သံဝေဇနီယ ( ၄ )ဌာန ဗုဒ္ဓဌာနများ (၇ ည/ ၈ ရက်) ခရီးစဉ်။
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများ ၃၀၀၀ဝိ/ – လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂– ည အိပ် တည်းခိုပြီး၊ အဆင့်မြင့်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)
(၁၅)ရက်ခရီးစဉ်များ – အောက်တိုဘာ ၂၅ ( သီတင်းကျွတ်လပြည့် ဆိမ်း ၁၀၀၀ )၊ နိုဝင်ဘာ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ – ဖေဖော်ဝါရီ ၇၊ မတ် ၂၄၊ ဧပြီ ၁၀။
ဒါနဘုရားဖူးအဖွဲ့ – အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဝနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။
ဖုန်း – 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ – အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း – 545215, 545216, 555173
မန္တလေးရုံးခွဲ – (I-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁ × ၃၂ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း – 09 402 64 8989, 09 5300305

ရွှေပလ္လင်
ရွှေပြည်သာ ဖွင့်ပြီ
ရွှေပလ္လင် လက်ဖက်ရည်
အရမ်းကောင်းဆိုပဲ !
တွေ့ကြရအောင် ရွှေပလ္လင် မှာ...
အလှူမင်္ဂလာပွဲများအတွက် အထူးအော်ဒါများ လက်ခံပါသည်။
အမှတ်(၄)လမ်းမကြီး၊ PT Power ဓါတ်ဆီဆိုင်ဝင်းအတွင်း။ ဖုန်း – ၀၁ – ၅၃၈၇၃၆

Nelson English Language Centre
Enroll Now!



NELC
Pre-school (Age 3 to 5)
✓5 Development Pre-school
mental, physical, emotional, social, critical Development
Young Learners
✓Beginner, Foundation, Step Up
Adult ( Over 16 years old)
✓Communicative English
Basic Grammar, Intro, Level 1 2 3 4
✓IELTS/TOEFL
Sanchaung Township 01 501947,523680,526311
Yankin Township 01 8550727,8550728
Mayangone Township 09 730 65 345
Bo Aung Kyaw Township 01 256517,256516

ကား မျိုးစုံ
(Alphard/Crown/MarkII/အန်စတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

မီး သတိပြု


## လက်ထပ်မင်္ဂလာ ဖျက်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ မခိုင်ဝင့်ဝါဦး[၁၂/သကတ(နိုင်)၀၇၃၇၂၅]သည် ကိုနိုင်ဝင်း [၁၂/သကတ(နိုင်)၁၆၃၁၂၁]နှင့် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ယနေ့မှစ၍ လက်ထပ်မင်္ဂလာဖျက်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်း သည်းခံပါ
မခိုင်ဝင့်ဝါဦး
[၁၂/သကတ(နိုင်)၀၇၃၇၂၅]


SAMSUNG Galaxy J2
NEW
8 ဆဝိုမို လှပဖို့ J2 နဲ့ Selfie ရိုက်ကြစို့...




MPT FREE DATA PACKAGE
MPT SIM CARD
+
အခမဲ့ 777 MB DATA x 6 လ
(လစဉ် ၁,၀၀၀ ကျပ်ဖြည့်သွင်းရုံဖြင့်)
သတ်မှတ်ကာလ - ၁၉ အောက်တိုဘာ ၂၀၁၅ မှ - ၁၈ ဇန်နဝါရီ ၂၀၁၆

တစ်ဆောင်း ချစ်ခြင်းလက်ဆောင်



လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။

www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG

Department of Commerce
Ministry of Commerce & Industry
Government of India

CII
Confederation of Indian Industry

Embassy of India
Yangon, Myanmar

MAKE IN INDIA

ဖွင့်ပွဲအခမ်းအနား

# အိန္ဒိယနိုင်ငံမှ စီးပွားရေးအခွင့်အလမ်းများနှင့် တွေ့ဆုံနိုင်မည့် ပြပွဲကြီး

4th Enterprise India
THE INDIA PRODUCT SHOW

အိန္ဒိယ ကုန်စည်ပြပွဲကြီး
စတုတ္ထအကြိမ် အိန္ဒိယထုတ်ကုန်များပြပွဲကြီး

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၂၉)ရက်မှနိုဝင်ဘာလ(၁)ရက်
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။ (နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ ထိ)



အခမ်းအနားတက်ရောက်ဖွင့်လှစ်ပေးသူ
H.E. Mr. Gautam Mukhopadhaya
မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၂၉)ရက်မှနိုဝင်ဘာလ(၁)ရက်၊
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။ (နံနက်၁၀ နာရီမှ ညနေ ၅ နာရီထိ)

ပြပွဲထူးခြားချက်များ
ကုမ္ပဏီပေါင်း ၇၀ မှ ၄ ရက်ကြာ စီးပွားရေးလုပ်ငန်းပြပွဲကြီး၊ စီးပွားရေး ဆွေးနွေးပွဲများနှင့်
နက်ဝပ်ချိတ်ဆက်ခြင်းလုပ်ငန်းများ၊ ဝန်ကြီးဌာနဆိုင်ရာကိုယ်စားလှယ်များနှင့်
ကုန်သွယ်ရေးကိုယ်စားလှယ်များ၊ ဟောပြောပွဲများနှင့် နှီးနှောဖလှယ်ပွဲများ၊
အိန္ဒိယရိုးရာနှင့် အိန္ဒိယအစားအစာပွဲတော်

ဝင်ကြေး အခမဲ့

အထူးစိတ်ဝင်စားဖွယ်
အိန္ဒိယ ချည်ထည်များ • ပရိဘောဂများ
ဖိနပ်များ နှင့် စီးပိုချောင်သုံးပစ္စည်းများ

ဆက်သွယ်ရန် - မထက်ထက်စံ၊ အိန္ဒိယသံရုံး၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၀၂၅၂၊ ၃၈၈၄၁၂ Email: bcentre@indiaembassy.net.mm

Gold Sponsor: L&T Construction
Catalogue Sponsor: EICHER TRACTORS

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

# ရွှေအသည်း

အသည်းအားဆေး
အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး





* အသည်းရောဂါ ဘီပိုး၊ စီပိုးကို လျော့နည်းတားဆီးနှိမ်နင်းနိုင်ကြောင်း၊ ရောဂါပိုးရှာမတွေ့နိုင်သော အနေအထားသို့ ရောက်ရှိသွားကြောင်းကို ဖော်ပြသည့် Case Study သုတေသနအား တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းခဲ့ပါသည်။
* အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေပြီး အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။
* အသည်းပျက်စီးမှုကို ကာကွယ်ထားခြင်းကြောင့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။ အသည်းခြောက်နေသူများအတွက် ပိုမို၍အသည်းခြောက်ခြင်းမှ လျော့နည်းသက်သာလာစေပါသည်။
* Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
* Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။
* ဤဆေးသည် အမှန်တကယ်ဆေးစွမ်းအာနိသင်ထက်မြက်ကြောင်းကို ခိုင်မာသောအထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းများကို ဂုဏ်သိက္ခာမြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသနညီလာခံများတွင် တင်သွင်းနိုင်ခဲ့ပါသည်။
* နာတာရှည်အသည်းရောဂါရှိသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး/ရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရာ တိုင်းရင်းဆေးဖြစ်ပါသည်။

*Reference :*
(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ ၅ ၂၂ ၊ ၂၀၁၃

STRONG SOURCE Company Limited.

## Black Canyon Coffee Shop

Strong Source Co.,Ltd မှ အသစ်ထပ်မံဖွင့်လှစ်မည့် Black Canyon Coffee Shop ဆိုင်ခွဲများတွင် တာဝန်ထမ်းဆောင်ရန်အတွေ့အကြုံနှင့် အရည်အချင်းများပြည့်ဝသော ဝန်ထမ်းကောင်းများအလိုရှိပါသည်။

| | | |
|---|---|---|
| (1) | Restaurant Manager | (3)Posts |
| (2) | Assistant Manager | (3)Posts |
| (3) | Chef | (3)Posts |
| (4) | Barista | (4)Posts |
| (5) | Cashier | (4)Posts |
| (6) | Head Waiter | (5)Posts |
| (7) | Waiter/Waiterss | (15)Posts |
| (8) | Kitchen Helper | (5)Posts |
| (9) | Cleaner | (3)Posts |
| (10) | Security | (6)Posts |
| (11) | Driver | (2)Posts |
| (12) | ပန်းကန်ဆေး | (4)Posts |

လျှောက်ထားလိုသူများသည် CV Form၊ နိုင်ငံသားကတ်မိတ္တူ၊ ရပ်ကွက်ထောက်ခံချက်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ (၃)လအတွင်းရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃) ပုံနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
တိုက် A-2(Business Center)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ 01-379011,379012,379013,379014( Ext-301,304)
Gmail - winpyaepinky@gmail.com

ကြော်ငြာ

# ပြည် GTI

## ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ

## ရှေးဟောင်းရွှေငါးကြင်း ရဟန္တာသိမ်တော်ကြီး အသစ်ဆောက်လုပ်လှူဒါန်းခြင်းအလှူတော်မင်္ဂလာနှင့် ဒုလ္လဘရဟန်းခံခြင်းအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

အနန္တောအနန္တငါးပါး ဦးထိပ်ထားလျက် ပြည်မြို့ စက်မှုလက်မှုသိပ္ပံကျောင်းတွင် စာပေနှင့်အတတ်ပညာများ သင်ကြားပို့ချပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၊ စက်မှုလက်မှုသိပ္ပံမှ အောင်မြင်သွားကြပြီး ပြည်တွင်းပြည်ပဒေသအသီးသီးသို့ ရောက်ရှိနေကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာအမှန် မြတ်နိဗ္ဗာန်ကိုရည်မှန်းလျက် ပြည်မြို့ မူယာပင်ရပ် အောင်မြေသာယာကျွန်းတောကျောင်းစာသင်တိုက်၌ ဌာနအဖြစ်သတ်မှတ်ကာ စာတုဒ္ဒိသာမြတ်သံဃာတို့အား အခြံအရံနှင့်တကွဖြစ်သော ကထိန်လျာမြတ်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ပျူခေတ်ရှေးဟောင်း ရွှေငါးကြင်းရဟန္တာသိမ်တော်ကြီးအား အသစ်တစ်ဖန် ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း၊ ဆရာကြီးများ၊ ကျောင်းသားဟောင်းများတို့၏ သာသနာ့ဘောင်သို့ဝင်ရောက်၍ ဒုလ္လဘရဟန်းခံခြင်းအလှူတော်မင်္ဂလာ စသည့် ပေါင်းစုမြတ်ကောင်းမှုတို့အား ရေစက်သွန်းချလှူဒါန်းမည်ဖြစ်ပါ၍ ကျွန်တော်၊ ကျွန်မတို့နှင့်အတူ တရားတော်နာ မုန့်သုံးဆောင်ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာနေ့ရက် - ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက်၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၃၁) ရက်၊ (စနေနေ့)။**

* နေ့လယ် (၁း၀၀) နာရီ ကထိန်လျာမြတ်သင်္ကန်းနှင့် အခြံအရံလှူဖွယ်ပစ္စည်းပဒေသာပင်များအား ဘုရားကြီးဒွတ္တဘောင်ဓမ္မာရုံမှ မြို့တွင်း လက်ဝဲရစ်ပတ်၍ မူယာပင်ရပ် အောင်မြေသာယာကျွန်းတောကျောင်းစာသင်တိုက်သို့ လှည့်လည်ပို့ဆောင် အကြည်ညိုခံခြင်း။

**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄) ရက်၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်၊ (တနင်္ဂနွေနေ့)။**

* နံနက် (၆း၀၀) နာရီ သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်တို့အား နံနက်စာဖြင့်ဧည့်ခံခြင်း။

* နံနက် (၇း၀၀) နာရီ ဒုလ္လဘရဟန်းလောင်းများ ဆံချခြင်း၊ သင်္ကန်းဝတ်ခြင်း၊ သိမ်ဝင်ခြင်း၊ သိမ်ဆင်းခြင်း၊ ပင့်သံဃာ (၁၀) ပါး၊ ဒုလ္လဘ (၉) ပါး။

* နံနက် (၉း၃၀) နာရီ တရားတော်နာယူခြင်းနှင့် လှူဒါန်းမှုအစုစုအား ရေစက်သွန်းချလှူဒါန်းအမျှဝေခြင်း။

* နံနက် (၁၁း၀၀) နာရီ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့လယ်စာဖြင့်ဧည့်ခံခြင်း။

**အလှူတော်မင်္ဂလာနေရာ -** အောင်မြေသာယာကျွန်းတောကျောင်းစာသင်တိုက်၊ ဗိုလ်ချုပ်လမ်း၊ ပြည်မြို့။

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူများအတွက် လေ့လာရမည့်

ပညာချွန်



GRADE 11 ဦးစိန်ဝင်း

အမြန်ဆုံး ESSAYS & LETTERS VOLUME-I ရေးနည်း နှင့် GRAMMAR အမှတ်ကို အလွယ်တကူရယူနည်း

လျှို့ဝှက်ချက်များ

အမြို့မြို့အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပညာစိမ်ဟန်(ပညာချွန်) စာအုပ်တိုက်

အမှတ် (၂၂၀)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 01 253 143, 09 730 29336

## အသိပေးကြေညာခြင်း

OK မှန်လုံယာဉ်အဖွဲ့မှ မန္တလေး ⇌ ရန်ကုန်မြို့များသို့ (၂၇.၁၀.၂၀၁၅) နေ့ စတင်ပြေးဆွဲမည်

ရန်ကုန်လက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးဂိတ်ဟောင်းနေရာ)

၁။ အောင်မင်္ဂလာအဝေးပြေးကားဝင်း မကွေးလမ်းအဆောင် (ဏ - F9) အခန်း ဖုန်း ၀၁ - ၆၃၇၆၅၁၊ ၀၉ - ၄၉၂၂၇၁၂၉၊ ၀၉ - ၅၁၇၈၈၈၃၊ ၀၉ - ၈၆၂၆၀၅၅

၂။ City Mark ရှေ့ဖဆပလ အိမ်ယာလမ်းကြား။ ဖုန်း ၀၉ - ၇၃၀၂၆၅၄၆၊ ၀၉ - ၄၂၀၁၈၈၇၂၈

မန္တလေးလက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးလက်မှတ်အရောင်းနေရာ)

၁။ ချမ်းမြရွှေပြည် တည်ခိုးခန်း၊ အခန်း (၃၉)။ ဖုန်း ၀၉ - ၆၅၀၁၄၄၆

၂။ ချမ်းမြရွှေပြည် အဆောင် (င)၊ အခန်း (၅)။ ဖုန်း ၀၂ - ၇၈၆၀၂၊ ၀၉ - ၆၅၀၁၄၄၇

၃။ မန္တလေးမြို့တွင်း၊ အမှတ် (၁၅၂)၊ ၃၁လမ်း၊ ၈၁ × ၈၂ကြား။ ဖုန်း ၀၂ - ၆၄၅၇၃၊ ၀၂ - ၃၃၂၈၀

* စာပါဆယ်နှင့်ပစ္စည်းများကိုတိကျမှန်ကန်မြန်ဆန်အောင်ဆောင်ရွက်ပေးပါမည်။

* ခရီးသွားပြည်သူများသက်သာစေရန် လက်မှတ်များကို Discount ပေးထားပါသည်။

* OK ယာဉ်လိုင်းပြေးဆွဲခြင်းနှင့်ပတ်သက်၍ကန့်ကွက်လိုပါက အထက်ပါလိပ်စာများသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဝိတ (အုပ်ချုပ်သူ) ဖုန်း၀၉ - ၂၀၄၂၂၃

အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်

Winner Super Diamond Pile Co., Ltd.

W.S.D GROUP

# W.S.D Pile





လူကြီးမင်းတို့၏အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊မြေညီထပ်၊၄၄လမ်း၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်။

Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988

Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com

# STEEL DRAGON

ISO 9001/2000 လက်မှတ်ရ

(STAINLESS STEEL)

## စတီးပိုက်၊ စတီးပြား နှင့် စတီးအလှဆင်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေး

စတီးပိုက်ဆိုဒ်မျိုးစုံ (ပန်းလိမ်၊ ပွတ်လုံး၊ Solid-Square-Retangular)

စတီးပြားဆိုဒ်မျိုးစုံ (ကာလာပြား၊ ပန်းပြား၊ ဇကာပြား၊ ရွှေရောင်ပြား၊ မှန်ပြား)

စတီးအလှဆင် ပစ္စည်းမျိုးစုံ (ပန်းပိုင်း၊ ပန်းခတ်၊ ပွတ်လုံး၊ ပဒ္မာန်းပိုင်း၊ မူလီနှင့် စက္ကူအမျိုးမျိုး)

Argon စက်ပစ္စည်းအမျိုးမျိုး (Argon Gas နှင့် အိုးများ)

ပိုက်ကွေးစက်၊ ပိုက်ဟက်စက်၊ ပိုက်ဖြတ်စက်၊ စတီးပြားဖြတ်စက်၊ ခေါက်စက်၊ ဒေါင့်လှီးစက်အမျိုးမျိုး

စက်ကွေးမို နှင့် လက်ကွေးမို ဆိုဒ်စုံအမျိုးမျိုး

ဘာဂျာမြောင်းဖေါက်စက် နှင့် ဘာဂျာဆံ၊ ဘာဂျာဝါရှာ၊ ဘာဂျာဘီး အမျိုးမျိုး

စတီးအဝတ်လှန်းစင်၊ စတီးထိုင်ခုံ စတီးမှန်လက်ရမ်းတိုင် နှင့် လှေကားလက်ရမ်းတိုင်အမျိုးမျိုး

ကော်ပတ်၊ ဘတ်ဘီး၊ ဖြတ်ကျောက် နှင့် Cupဖုံး အမျိုးမျိုး

China ဖြတ်ကျောက် (ဈေးနှုန်းချိုသာ၍ အရည်အသွေးကောင်းမွန်ပြီး အန္တရာယ်ကင်းစွာ အသုံးပြုနိုင်သည့် ဖြတ်ကျောက်အမျိုးအစား)

စတီးပတ္တာ ၊ မြောက်လက်၊ တံခါးဂျက်၊ မင်းတုန်း၊ လက်ကိုင်အမျိုးမျိုး

Pipe Fitting စက်ရုံသုံးနှင့် စားသောက်ကုန်သုံး ပိုက်ဆက်ပစ္စည်းအမျိုးမျိုး

စတီးပိုက်၊ စတီးပြား၊ စတီးထိုင်ခုံ နှင့် စတီးအလှဆင်ပစ္စည်း အမျိုးပေါင်း (၇၀၀၀) ကျော်ကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးပြီး လက်လီ/ လက်ကား ဝယ်ယူအားကြသည့်လုပ်ငန်းရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဆိုင်(၁) - အမှတ်(၄၀၊ ၄၁၊ ၄၂၊ ၄၃) စံပယ်လမ်း သီရိမွန်ပလာဇာဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၂၈၅၈၇ ၊ ၅၂၈၅၂၄၊ ၆၈၃၁၆၁၊ ၉၆၈၈၆၄၃၊ ၉၆၈၈၆၄၅။

ဆိုင်(၂) - အမှတ်(၁၄၉၇) ပြည်ထောင်စုလမ်းမကြီး၊ ၂၄ - ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၁၀၀၀၀၉၊ ၈၁၀၀၀၁၀၊ ၈၁၀၀၂၆၉၊ ၈၁၀၀၂၇၀၊ ၀၉-၅၁၃၉၁၉၃။

ဆိုင်(၃) - အမှတ်(ပ-၁၇၆) ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ နေပြည်တော်၊ ပျဉ်းမနား။
ဖုန်း - ၀၆၇-၂၆၃၈၈၊ ၀၉-၂၅၅၇၁၇၂၃၈။

ဆိုင်(၄) - အမှတ်(၉၈) - ကျိုက္ခမီလမ်း၊ ဒေါင်းဇရပ်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့။
ဖုန်း - ၀၉-၂၅၅၇၁၇၂၃၉၊ ၀၅၇-၂၂၄၈၄။

ဆိုင်(၅) - အမှတ်(၁၀၁) ၊ ၄၂လမ်း၊ ၈၁ x ၈၂ ကြား၊ မန္တလေးမြို့။
ဖုန်း - ၀၉-၂၅၀၃၅၈၃၄၈၊ ၀၉-၂၅၀၆၆၆၀၅၂၊ ၀၉-၇၃၂၃၁၆၈၇၊ ၀၉-၃၀၁၃၅၅၂၆၊ ၀၉-၇၉၇၂၅၇၉၁၁။

ကြော်ငြာ

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဇာနည်ဘွားဆေးရုံ၏ ပိုင်ရှင်/ဆေးရုံအုပ်ကြီး **ဒေါက်တာဦးကင်ကြည်**သည် ယနေ့ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်များစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ မေမေ ဒေါ်ရွှေအိမ်၊ ချစ်လှစွာသော ညီ/ ညီမများ၊ တူ/ တူမများ၊ မြေးများစသော မိသားစုကြီးနှင့်အတူ နောင်နှစ်ပေါင်းများစွာ နွေးထွေးပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေဟု တောင်းဆုပြုလျက်----

**ချစ်လှစွာသော**

**ဘွားဘွား ဒေါ်ရွှေအိမ်အားအမှူးပြု၍**

**ညီ/ ညီမများ၊ တူ/ တူမများ၊ မြေးများ**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဇာနည်ဘွားဆေးရုံ၏ ပိုင်ရှင်/ဆေးရုံအုပ်ကြီး ဆရာ **ဒေါက်တာဦးကင်ကြည်**သည် ယနေ့ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်များစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ဇာနည်ဘွားဆေးရုံကြီးအား ယခုထက်ပို၍ အောင်မြင်သော လုပ်ငန်းကြီးအဖြစ် နှစ်ပေါင်းများစွာ ဦးဆောင်မှုပြုနိုင်ပါစေဟု တောင်းဆုပြုလျက်----

**ချစ်တပည့်များ**

**ဇာနည်ဘွားဆေးရုံဝန်ထမ်းမိသားစု**


**မြန်မာကော်တွန်-- ကူမွေဏီ**

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317 /202921 /09-8627489

ချောင်းသာ
**OASIS**
ကား+စား+တည်း(ငြိမ်း)
'အိမ်အရောက်လက်မှတ်ဖြတ်ပေးသည်'
အမှတ်(၁၆-အေ)၊လေဆိပ်ရိပ်သာလမ်း၊(၁၀)မိုင်၊အင်းစိန်။
Ph:09 5038616, 09 254197844, 01 650201

**စိန်ရတနာ**
အမှတ် ၇၆၊ ၃၂လမ်း(အောက်)
09 510 2750
စိန်ငွေ (1'x1') ၁၃၀ ကျပ် | sq-ft၁ထောင် ၁၂၀ ကျပ်
လစဉ်အပ်လိုသော လုပ်ငန်းနှင့် ကုမ္ပဏီများအတွက် ၁ပေပတ်လည် ၉၀ကျပ်၊ ၉၅ကျပ်၊ ၁၀၀ကျပ် ဖြင့်ဆောင်ရွက်ပေးနေပါသည်။

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388


သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ




**T.Club** It's cool!
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလထုတ် ထွက်ပြီ
www.facebook.com/TClubMyanmar
စာအုပ်ဆိုင်တိုင်းတွင် ရနိုင်ပါသည်၊ မရပါက တူဒေးစာအုပ်တိုက် ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃၊ ၀၉ ၇၃၁၀၉၈၁၃ သို့မှာပါ။ ၁,၀၀၀ ကျပ်

**ဟိန်း** 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

မော်တော်ဆိုင်ကယ်/လေဘီအား
Fully Auto
09 420035882, 09 73199410
09 420035884, 09 73199257

# မြန်မာပြည် စီးပွားရေး လမ်းညွှန်

မြန်မာပြည်မှာဆို ဘာပဲလိုလို ?

၂၀၁၆ ခုနှစ်အတွက်



အထက်ပိုင်း

ကြော်ငြာလက်ခံမည့်နောက်ဆုံးရက်မှာ ..
( ၃၀. ၁၀. ၂၀၁၅)

အောက်ပိုင်း

Myanmar Business DIRECTORY

Sales Direct Line | 01 - 373254, 245358 (Ext: 817), 01-250700
02 - 4000611

Hot Line No-0930500100

# အဘိဓမ္မာအခါတော်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတီ၊ ပုထိုးများ၌ ဘုရားဖူးများ စည်ကား



သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နိုင်လင်းကြည်)

**နေပြည်တော် အောက်တိုဘာ ၂၈**

ဝါလကင်းလွတ်သည့် သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားအမှူးပြုသော စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာပရိသတ်တို့အား ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို အကျယ်နည်းဖြင့် မိန့်မြွက်တော်မူခြင်းပြီးဆုံး၍ သင်္ကာသနဂိုရ်ပြည်သို့ နတ်ဗြဟ္မာပရိသတ်များခြံရံကာ ပြန်လည်ကြွချီတော်မူသဖြင့် လူပရိသတ်တို့က ကြိုဆိုဖူးမြော်ခြင်းကို အကြောင်းပြု၍ ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် ဆီမီးရောင်စုံတို့ ထွန်းညှိပူဇော်ကာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ယနေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ သတ္တမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါစေတီတော်လိုဏ်တော်၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်းနှင့် ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆပ်ကပ်လှူဒါန်းကြသည်။

ထို့နောက် စျေးကုန်းကျောင်းဆရာတော်ထံမှ ပရိသတ်များက အဘိဓမ္မာအခါတော်နေ့တရားများ နာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် စေတီတော်လိုဏ်တော်အတွင်း၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၊ ဝန်ကြီးဌာနများနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ပူဇော်ကြသည်။ ညပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်၌ ညနေ ၆ နာရီမှစ၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပရာ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပိုလေးမျက်နှာပါရှိပါသည်။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၂၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(ကြေးမုံ)**

## Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲမှ စကားသံများ

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာရွက်လှေအားကစားအဆင့်အတန်းမြင့်မားလာစေရန်ရည်ရွယ်၍ Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေရှိ ပင်လယ်ပြင်ရွက်လှေကလပ်တွင် ကျင်းပလျက်ရှိသည်။ ယခုကဲ့သို့ နိုင်ငံတကာမှ အားကစားသမားများပါဝင်သည့် ရွက်လှေပြိုင်ပွဲကို ကျင်းပပေးနိုင်ခဲ့ခြင်းမှသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို နိုင်ငံတကာမှမြင်တွေ့ခွင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ - ရဲခေါင်၊ သီသီ၊ မင်းသစ်**



Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲဝင်ရန်အတွက် ငွေဆောင်ကမ်းခြေပင်လယ်ပြင်တွင် အားကစားသမားများ လှေကျင့်ပြင်ဆင်နေစဉ်။

## ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲ ဆုရဆင်များအား ဆုချီးမြှင့်

သတင်း စာမျက်နှာ - ၂

## အဘိဓမ္မာ အခါတော်နေ့

သတင်း စာမျက်နှာ - ၆

## ချယ်လ်ဆီးနဲ့ လမ်းခွဲဖို့ နီးစပ်လာပြီလား မော်ရင်ဟို

သတင်း စာမျက်နှာ - ၁၃






themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

အောက်တိုဘာ ၂၉ ရက်၊ ၂၀၁၅ ခုနှစ် (ကြာသပတေးနေ့)

ကျန်းမာရေးဝန်ကြီးဌာန

## လူတိုင်း အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်



ကလေးငယ်တစ်ဦး ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေစဉ်။

**ငွေကျပ်သန်းပေါင်း**
**ခုနစ်သိန်းခွဲကျော် ခွင့်ပြု**

နှစ်အလိုက် ဘဏ္ဍာငွေခွဲဝေရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၈၆၅၈၂ ဒသမ ၈၇၁ သန်း၊

(၂) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၄၉၆၁၀ ဒသမ ၉၆၇ သန်း၊

(၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၈၅၂၆၃ ဒသမ ၂၉၈ သန်း၊

(၄) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၆၁၆၇၀ ဒသမ ၈၈၀ သန်း၊

(၅) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇၅၃၀၀၁ ဒသမ ၃၇၈ သန်း။

မူလခွင့်ပြုရန်ပုံငွေ ရရှိမှုသည် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကထက် ၈ ဒသမ ၇ ဆခန့် ပိုမိုတိုးမြှင့်ရရှိခဲ့သည်။

စာမျက်နှာ ၂ သို့ »»

### အနာဂတ်နိုင်ငံတော်သစ်တစ်ရပ်အတွက် အရေးကြီးသည့်အဆင့်

မကြာမီ ကျင်းပတော့မယ့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲများဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အလွန်ကြီးမားတဲ့အဆင့်တစ်ဆင့်၊ ဖြစ်စဉ်တစ်ရပ်ဖြစ်ပါတယ်။ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေဖို့ အထူးအရေးကြီးတယ်လို့ မှတ်ယူပါတယ်။ ဒါဟာ ကျွန်တော်တို့ပြည်သူများ မြင်တွေ့လိုတဲ့ အနာဂတ်နိုင်ငံတော်သစ်တစ်ရပ်ကို ဖန်တီးတည်ဆောက်ခြင်းအတွက် အရေးကြီးတဲ့အဆင့်လည်းဖြစ်ပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်

**မျိုးစေ့ထုတ်လုပ်ခြင်း**

လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သော ဆန်စပါးသီးနှံအပါအဝင် ဒေသနှင့်ကိုက်ညီသည့် သီးနှံအမယ်များ၏ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများ (Seed Industry)ကို ထူထောင်ဆောင်ရွက်လျက်ရှိသည်။

တစ်ဧကအထွက်နှုန်း တင်း ၂၀၀ ကျော်ရရှိရေးနှင့် အရည်အသွေးမြင့်မားသည့် ပြည်ပရောင်းတန်းဝင် ပုလဲသွယ်စပ်မျိုးစပါးရရှိစေရန် မျိုးစေ့ထုတ်လုပ်ခြင်းကို ၂၀၁၁-၂၀၁၂ ခုနှစ် မှ ၂၀၁၅-၂၀၁၆ ခုနှစ်ထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေတောင်ခြံ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးထုတ်လုပ်ခဲ့သည်။

**ရေရရှိရေး**

ဆည်မြောင်းဦးစီးဌာနက ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း ၂၀၆ ခု၊ ဖြည့်စွက်လုပ်ငန်းစီမံကိန်း ၇၈ ခု၊ လုပ်ငန်းစီမံကိန်းသစ် ၃၉ ခု ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းစီမံကိန်းများအနက် ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်း ၂၈ ခု၊ ဖြည့်စွက်လုပ်ငန်း ၆၈ ခုနှင့် စီမံကိန်းလုပ်ငန်းသစ် ၁၁ ခုကို ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဆည်ရေသောက် ၃၆၆၂၇၂ ဧက၊ ရေဘေးကာကွယ်ရေး ၁၂၆၄၉၁ ဧကနှင့်ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ်၊ မြောက်ယမားရေကူရေလှောင်တမံမှ (2 x 12.5) ကီလိုဝပ် နှင့် ကြီးအုံကြီးဝ ရေလှောင်တမံမှ (2 x 37) မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် အကျိုးကျေးဇူးများရရှိခဲ့သည်။

စာမျက်နှာ ၃ သို့ »»



စိုက်ပျိုးစွမ်းအား မြင့်မားရေးအတွက် အလေးထားရသည့် ကောက်စိုက်သမတို့၏ လုပ်ငန်းခွင်ဝင်နေပုံ။

»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

အဓိကလိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ် ကထက် ၃၅ ဆ တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့်ဖြစ်သည်။

**လူနာစိုက်ထုတ်ကုန်ကျငွေ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချလာနိုင်ပြီ**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများမှ စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ (၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့နှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ASEAN Summit တို့အား အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင် ကူးစက်ရောဂါများ ကပ်အသွင်မဖြစ်ပွားစေရေးအတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ပိုလီယိုအရိုင်းပိုးကူးစက်မှုမရှိကြောင်း သက်သေပြနိုင်ခဲ့၍ ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသနိုင်ငံများအား ပိုလီယိုကင်းစင်သောဒေသအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့သည်။

သဘာဝဘေးဆိုးကြီးများ ဖြစ်သည့် ဆူနာမီ၊ မာလာမုန်တိုင်း၊ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းနှင့် ရေကြီးမှုများတွင် သဘာဝဘေးဖြစ်ပွားပြီးချိန်များနှင့် ပဋိပက္ခများဖြစ်ပွားပြီးချိန်တို့တွင် ယာယီကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများတွင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အပူလွန်ကဲမှုအန္တရာယ် (Heat Stroke) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရေရှားပါးသည့်နေရာများတွင် ကာလဝမ်းရောဂါနှင့် အခြားရေမှတစ်ဆင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မြန်မာနိုင်ငံတစ်ဝန်းတွင် ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များသည် သဘာဝဘေးကျရောက်ခဲ့သော တိုင်းဒေသကြီး/ပြည်နယ်များတွင် ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုမရှိအောင် ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည်။

**ဆေးရုံများ တိုးချဲ့ဖွင့်လှစ်နိုင်မှု**

၂၀၁၁-၂၀၁၂ခုနှစ်တွင် ဆေးရုံ ၉၂၀ ရုံ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၁၀၈၅ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

မူးယစ်ဆေးစွဲကုဌာနများအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ၆၉ ဌာနဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၇၅ ဌာန ဖွင့်လှစ်နိုင်ခဲ့သည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မြန်မာပညာရှင်များမှ ၁၀၇၃ ဦးအား ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆေးတက္ကသိုလ် လေးခုရှိရာမှ ဆေးတက္ကသိုလ်(တောင်ကြီး)ကို ၃-၁၀-၂၀၁၅ ရက်နေ့တွင် ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး မကြာမီကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် သူနာပြုသင်တန်းကျောင်း တစ်ကျောင်း၊ သားဖွားသင်တန်းကျောင်း တစ်ကျောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တစ်ကျောင်းကို ဖွင့်လှစ်ရန်စီစဉ်ထားပြီးဖြစ်သည်။

အား (၅၀) ခုတင်ဆံ့တိုင်းရင်းဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့သည်။

(၄) ချင်းပြည်နယ် ဟားခါးမြို့တွင် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံအသစ်ဖွင့်လှစ်ခဲ့သည်။

(၅) ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံနှင့် ရွှေကျင်မြို့နယ်တွင် မြို့နယ်တိုင်းရင်းဆေးကုဌာနအသစ် ဖွင့်လှစ်ခွင့်ရရှိခဲ့သည်။

(၆) မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ (အေးသာယာ) တို့ရှိ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ နှစ်ရုံအား ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌



**ဓာတ်ခွဲခန်းအတွင်း ငှက်ဖျား၊ တီဘီ၊ အသည်းရောင်အသားဝါ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။**



**ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။**

**တိုင်းရင်းဆေးရုံများ**

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံများအား ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့သည်။

(၂) စစ်ကိုင်းတိုင်းဒေသကြီးရှိ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(မုံရွာမြို့)အား ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့သည်။

(၃) ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကချင်ပြည်နယ် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (မြစ်ကြီးနား)နှင့် မကွေးတိုင်းဒေသကြီးရှိ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (မကွေး)

ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံအသစ်ဆောက်လုပ်ခြင်း၊ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံ၊ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံလေးရုံ၊ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ ၁၀ ရုံ၊ မြို့နယ်တိုင်းရင်းဆေးကုဌာန နှစ်ရုံ၊ ခရိုင်ဦးစီးဌာနမှူးရုံး လေးရုံတို့ကို ဆောက်လုပ်နိုင်ခဲ့သည်။ တိုင်းရင်းဆေးရုံ ငါးရုံအား (၁၆)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။

GMP အဆင့်မီ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံကိုလည်း မန္တလေးတိုင်းဒေသကြီးတွင် ဆောက်လုပ်လျက်ရှိသည်။

**သုတေသနလုပ်ငန်းများ**

ဆေးသုတေသနဦးစီးဌာနက သုတေသနလုပ်ငန်း ၄၀၊ မကူးစက်တတ်သောနာတာရှည်ရောဂါများဆိုင်ရာ သုတေသနလုပ်ငန်းများ ၃၆ ခု၊ ပတ်ဝန်းကျင်ကျန်းမာရေးသုတေသနလုပ်ငန်း ကိုးခု၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်း ရှစ်ခုနှင့် အခြားသောသုတေသနလုပ်ငန်း တစ်ခု စုစုပေါင်း ၉၄ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။


ငှက်ဖျား ၁၁ ခု၊ တီဘီ ခုနစ်ခု၊ သွေးလွန်တုပ်ကွေး ငါးခု၊ အသည်းရောင် အသားဝါ ခုနစ်ခု၊ ဝမ်းပျက်ဝမ်းလျှော နှစ်ခု၊ ခုခံအားကျနှစ်ခု၊ ပိုးမွှားကူးစက် ဗိုင်းရပ်စ် လေးခု၊ အသက်ရှူလမ်းကြောင်း နှစ်ခု၊ အာဟာရ နှစ်ခု၊ မြွေကိုက် တစ်ခု၊ သွေးအားနည်း နှစ်ခု၊ ကင်ဆာ ၁၃ ခု၊ နှလုံးသွေးကြော တစ်ခု၊ ဆီးချိုတစ်ခုနှင့် မျိုးဆက်ပွား ခြောက်ခု၊ သွေးရောဂါ ငါးခု၊ ပတ်ဝန်းကျင်ကျန်းမာရေး ကိုးခု၊ တိုင်းရင်းဆေး ရှစ်ခု စသည်တို့ကို သုတေသန ဆောင်ရွက်ခဲ့သည်။


**ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးပြည့်မီမှု**

အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ/မရှိနှင့် အရည်အသွေးပြည့်မီမှုရှိ/မရှိတို့ကို စစ်ဆေးပြီး ထောက်ခံချက်များ ပြုလုပ်ပေးလျက်ရှိရာ သောက်ရေသန့်လုပ်ငန်း ၈၁၆ ခု၊ ယိုစုံ၊ ဂျယ်လီ စသည့်လုပ်ငန်းများ ၄၃ ခု၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ၂၇၊ အချိုရည်၊ ကော်ဖီမစ်လုပ်ငန်းများ ၁၀၂ ခု၊ အပူမီးဖုတ်လုပ်ငန်းများ ၁၀၆ ခု၊ Sauce လုပ်ငန်း ၂၀ ခု၊ အရက်အမျိုးမျိုး ၂၀ ခု၊ စည်သွတ်ဘူးလုပ်ငန်း ၁၄ ခု၊ အမှုန့်ကြိတ်လုပ်ငန်း ၃၀ ခု တို့ကို ထောက်ခံချက်ထုတ်ပေးခဲ့သည်။

ထို့ပြင် ရေခဲမုန့်၊ ရေခဲချောင်းလုပ်ငန်း ငါးခု၊ သကြားလုံးလုပ်ငန်း ၁၃ ခု၊ စားသုံးဆီလုပ်ငန်း ၂၃ ခု၊ အသားလုံးလုပ်ငန်း ၁၇ ခု၊ နေကြာစေ့လုပ်ငန်း သုံးခု၊ လက်ဖက်နှင့် အကြော်စုံလုပ်ငန်း ၃၂ ခု၊ ငါးပိထောင်းလုပ်ငန်း ၁၅ ခု၊ မြန်မာ့အစားအစာများ ၁၅ ခု၊ အစားအသောက်လက်လီထုပ်ပိုးခြင်း ၁၅ ခုနှင့် အသားပြုပြင်လုပ်ငန်း (processed food) တစ်ခုတို့ကိုလည်း ထောက်ခံချက်ထုတ်ပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၃၀ ခုနှစ် မြန်မာ့ကျန်းမာရေးရည်မှန်းချက်နှင့် အညီ လူတိုင်းအရည်အသွေးပြည့်စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့မှုကြောင့် ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်း ၁၁ ခု နှင့် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၈ ခု စုစုပေါင်း ၁၄ ခုကို လယ်မြေဧရိယာ ၇၆၁၆၈၃ ဧကကို ရေဘေးကာကွယ်နိုင်ခဲ့ပြီး ရေသောက်ဧရိယာ ၂၆၆၀၆ ဧကအား စိုက်ပျိုးရေပေးဝေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခံစားနေရပြီဖြစ်သည်။

**မြစ်ရေတင်လုပ်ငန်းများ**

ယခင် အစိုးရလက်ထက်တွင် ၃၂၇ ခု၊ အကျိုးပြုဧက ၄၉၆၉၀၅ ဧက၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း မြစ်ရေတင်လုပ်ငန်း ၅ ခု၊ အကျိုးပြုဧက ၈၇၇ ဧက၊ စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၃၃၂ ခု၊ အကျိုးပြုဧက ၅၀၅၆၀၅ ဆောင်ရွက်ပြီးစီးခဲ့သည်။

**မြေအောက်ရေရရှိရေးလုပ်ငန်းများ**

စိုက်ပျိုးရေရရှိရေးအတွက် ယခင်အစိုးရလက်ထက်တွင် ၈၂၇၉ တွင်း၊ အကျိုးပြုဧက ၁၀၂၆၁၃၉ ဧက၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၃၉၇၉ တွင်း၊ အကျိုးပြုဧက ၅၉၆၉၄ ဧက စုစုပေါင်း ၈၃၂၂ တွင်း၊ အကျိုးပြုဧက ၆၂၃၃၃ ဧကနှင့် သောက်သုံးရေရရှိရေးအတွက် ယခင်အစိုးရလက်ထက်တွင် ၃၈၂၁၅ တွင်း၊ အကျိုးပြုလူဦးရေ ၁၄၉၁၆၂၁၈ ဦးရေ၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း ၂၁၀၊ အကျိုးပြုလူဦးရေ ၆၁၈၀၀ စုစုပေါင်း ၃၈၄၂၅ တွင်း၊ အကျိုးပြုလူဦးရေ ၁၄၉၇၈၀၁၈ ဦး ဆောင်ရွက်ပြီးစီးခဲ့သည်။

**သုတေသနလုပ်ငန်းများ**

အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ စဉ်ဆက်မပြတ် ရှာဖွေဖော်ထုတ်ဖြန့်ဖြူးနိုင်ရန်နှင့် သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို သီးနှံအမယ်အမျိုးအစားအလိုက် ရှာဖွေဖော်ထုတ်ရေးအတွက် သုတေသနလုပ်ငန်းကို စိုက်ပျိုးရေးသုတေသနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် အဆင့်မြင့်မျိုးယှဉ်ပြိုင်ကွက်များကို ဆောင်ရွက်နိုင်ခဲ့သည်။

**လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ**

နိုင်ငံတော်အစိုးရသစ်ကာလတွင် ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆန့်လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ထွန်းလာရေးအတွက် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan) ကို ၂၀၃၀-၂၀၃၁ ခုနှစ်အထိ ရည်မှန်းရေးဆွဲခဲ့မှုကို အခြေခံလျက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာခြင်းမှ တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိစေရန် ရှေးရှုဆောင်ရွက်ပြီး နိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်နှင့် နိုင်ငံနှင့်အဝန်း ပြည်သူများ၏ စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝရေးတာဝန်ကို အဓိက ထမ်းဆောင်လျက်ရှိသည်။


လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ တောင်သူလယ်သမားများအား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ဝင်ငွေမြင့်မားရေး၊ စားနပ်ရိက္ခာ ပိုမိုဖူလုံရေးတို့အတွက် လယ်ယာကဏ္ဍဆိုင်ရာမူဝါဒများနှင့် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရသစ်ကာလအတွင်း မြေယာနှင့်ပတ်သက်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ(၂၀၁၂)နှင့် နည်းဥပဒေများ၊ လယ်ယာမြေဥပဒေ(၂၀၁၂)နှင့် နည်းဥပဒေများ စသည့် မြေဥပဒေအသစ်နှစ်ခုကို ၂၀၁၂ ခုနှစ် မတ် ၃၀ ရက်တွင် လည်းကောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (၂၀၁၃)ကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ (၂၀၁၅) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် မျိုးစေ့ဥပဒေကိုလည်းကောင်း၊ ၂၀၁၅ခုနှစ် မတ် ၂၃ ရက်တွင် မြေဩဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း နိုင်ငံတော်မှ မျိုးစေ့လုပ်ငန်းများ စနစ်တကျ တိုးတက်ဖြစ်ထွန်းလာစေရေးနှင့် မျိုးကောင်းမျိုးသန့်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ထုတ်ပြန်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



တောင်သူများ နေပြည်တော်ရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းတွင် လေ့လာနေစဉ်။




## ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အဓိကသီးနှံများ စိုက်ပျိုးမှုအခြေအနေ

(ဧကထောင်ပေါင်း)

| စဉ် | သီးနှံအမည် | ၂၀၁၁-၁၂ (အမှန်) | ၂၀၁၂-၁၃ (အမှန်) | ၂၀၁၃-၁၄ (အမှန်) | ၂၀၁၄-၁၅ (အမှန်) | ၂၀၁၅-၁၆ (လျာထား) |
|---|---|---|---|---|---|---|
| ၁ | စပါး | ၁၈၇၆၂ | ၁၇၈၉၃ | ၁၇၉၉၉ | ၁၇၇၂၂ | ၁၈၇၉၁ |
| ၂ | အစေ့ထုတ်ပြောင်း | ၁၀၁၇ | ၁၀၄၂ | ၁၀၈၉ | ၁၁၃၄ | ၁၁၁၉ |
| ၃ | မြေပဲ | ၂၁၉၂ | ၂၂၅၂ | ၂၃၀၀ | ၂၃၄၆ | ၂၂၆၀ |
| ၄ | နှမ်း | ၃၉၄၁ | ၃၈၃၈ | ၄၀၀၇ | ၃၉၀၆ | ၃၉၈၅ |
| ၅ | နေကြာ | ၁၃၄၂ | ၁၂၂၆ | ၁၁၈၈ | ၁၁၉၅ | ၁၄၈၃ |
| ၆ | မတ်ပဲ | ၂၆၉၄ | ၂၇၃၇ | ၂၇၂၃ | ၂၇၁၂ | ၂၇၃၂ |
| ၇ | ပဲတီစိမ်း | ၂၇၁၃ | ၂၆၈၆ | ၂၇၇၅ | ၂၈၉၉ | ၂၈၉၉ |
| ၈ | ပဲစင်းငုံ | ၁၅၉၀ | ၁၅၁၄ | ၁၅၇၈ | ၁၅၂၉ | ၁၅၉၉ |
| ၉ | ချက်ကြံရင့် | ၃၈၁ | ၃၈၁ | ၄၁၉ | ၄၄၇ | ၄၃၀ |
| ၁၀ | ချည်မျှင်ရှည်ဝါ | ၆၁၂ | ၅၂၄ | ၅၆၈ | ၅၈၆ | ၅၈၉ |
| | အဓိကသီးနှံ (၁၀)မျိုး | ၃၅၂၄၄ | ၃၄၀၉၃ | ၃၄၆၄၅ | ၃၄၄၇၈ | ၃၅၈၈၆ |
| | ကျန်သီးနှံများ | ၂၀၃၄၅ | ၁၇၉၁၃ | ၁၈၁၅၅ | ၁၈၃၂၈ | ၁၈၀၉၂ |
| | **စုစုပေါင်း** | **၅၅၅၈၉** | **၅၂၀၀၆** | **၅၂၈၀၀** | **၅၂၈၀၆** | **၅၃၉၇၈** |



ကိုရီးယားနိုင်ငံသို့ ငရုတ်တင်ပို့ရန်အတွက် ပျိုးထောင်ထားသော ငရုတ်ပျိုးခင်းတွင် လေ့လာနေသော ကိုရီးယားဧည့်သည်များ။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၄ မှ

တက်ကြွမှုအပိုင်းလည်းလျော့နည်းနေတာမို့ လက်ရှိထက် တက်ကြွမှုပိုမိုလိုအပ်နေဆဲဖြစ်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာတစ်နိုင်ငံလုံးအနေနဲ့ ဘယ်နေရာဒေသတွေဟာ ဘေးအန္တရာယ်ဖြစ်ပွားနိုင်တဲ့နေရာတွေကိုပြသထားတဲ့ အရောင်ခြယ်မြေပုံတွေကိုထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါတွေကို ပြည်သူတွေများများသိရှိဖို့လိုပါတယ်။

**မေး။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး လိုက်နာဆောင်ရွက်သင့်တာတွေလည်း ရှင်းပြပေးပါဦး။**

ဖြေ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာ ကျယ်ပြန့်ပါတယ်။ တိုင်းဒေသကြီးတွေမှာ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ဟောပြောပွဲတွေ သီးသန့်ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ဟောပြောပွဲတွေ မပြတ်တမ်း ကျင်းပပြီး လက်တွေ့လည်း သိရှိနားလည်အောင် ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ရေဝေရေလဲဒေသတွေ ထိန်းသိမ်းသင့်တဲ့အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုအနည်းဆုံးဖြစ်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေဖို့ကြိုတင်ပြင်ဆင်ဆောင်ရွက်တဲ့အခါ သစ်တောခုတ်ယူမှု၊ တောင်ယာမီးရှို့စိုက်ပျိုးမှုများ၊ ကျောက်မီးသွေးစက်ရုံ တည်ဆောက်မှုတွေကအစ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိမရှိ စနစ်တကျ စစ်ဆေးဆောင်ရွက်ရမှာဖြစ်ပြီး ရေကာတာအမြင့်များကိုလည်း တည်ဆောက်ခွင့်မပြုသင့်ပါဘူး။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်တွေကိုလည်း တိတိကျကျ လိုက်နာဆောင်ရွက်မှ ရပါလိမ့်မယ်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းဖို့ဆိုရင် မော်တော်ယာဉ်တွေ၊ စက်ရုံ၊ အလုပ်ရုံတွေက ကာဗွန်ဒိုင်အောက်ဆိုက် ထွက်ရှိမှုကို လျှော့ချရမှာဖြစ်တဲ့အပြင် စက်ရုံ၊ အလုပ်ရုံတွေက ထွက်ရှိတဲ့ ရေဆိုးတွေကိုလည်း စနစ်တကျနဲ့ စွန့်ပစ်ဖို့အထိလိုအပ်ပါတယ်။ တာဝန်ရှိသူတွေကလည်း စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်၊ ပြည်သူတစ်ဦးချင်းစီကလည်း အလေးထားလိုက်နာကျင့်သုံးပါမှ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးဆိုတာ တိုးတက်မှု ရှိလာမှာဖြစ်ပါတယ်။

# သဘာဝဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် လိုအပ်နေ

အမေးအရေး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

**သဘာဝဘေးအန္တရာယ်များကို ကမ္ဘာတစ်ဝန်း နေရာအနှံ့အပြားတွင် လူသားတို့ ရင်ဆိုင်ကြုံတွေ့နေရသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများလည်း ဖြစ်ပေါ်လျက်ရှိရာ မုန်တိုင်းတိုက်ခြင်း၊ မိုးသည်းထန်ခြင်း၊ ရေလွှမ်းခြင်း၊ ဒီရေတက်ခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များက တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာ ဖြစ်ပေါ်လာသည်။**

**မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိရာ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ရခြင်းနှင့် ကြိုတင်ကာကွယ်သတိပြုသင့်သည့် အကြောင်းအရာများအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် မြန်မာနိုင်ငံ ငလျင်ကော်မတီမှ သုတေသနပညာရှင် ဒေါ်လှလှအောင်တို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည် -**



ဒေါ်လှလှအောင်

**ဒေါ်လှလှအောင်**
**မြန်မာနိုင်ငံ ငလျင်ကော်မတီမှ**
**သုတေသနပညာရှင်**

**မေး။ မြန်မာနိုင်ငံဟာ ငလျင်ဇုန်ထဲမှာ ရှိတယ်။ ငလျင်ငယ်တွေလှုပ်နေတဲ့ ဖြစ်ရပ်တွေလည်း ဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံရဲ့ အချို့အဓိကအပိုင်းတွေက ငလျင်ကြောပေါ်မှာ ရှိနေပါတယ်။ ဟိမဝန္တာတောင်ကနေ မြန်မာနိုင်ငံကိုဖြတ်ပြီး အင်ဒိုနီးရှားအထိဖြတ်သွားတဲ့ငလျင်ကြောရှိတယ်။ ငလျင်ဖြစ်တယ်ဆိုတာ ငလျင်ဇုန်ထဲမှာ ရှိနေလို့ဖြစ်တာပါ။

ဒါကြောင့် မြန်မာနိုင်ငံဟာ ငလျင်ဖြစ်နိုင်တဲ့ ရပ်ဝန်းထဲမှာ ပါဝင်နေပါတယ်။ သမိုင်းမှတ်တမ်းတွေအရလည်း ၁၉၂၉ ခုနှစ်မှာ ဆွာလျင်၊ ၁၉၃၀ ပြည့်နှစ်မှာ ပဲခူးငလျင်နဲ့ ဖြူးငလျင်၊ ၁၉၃၁ ခုနှစ်မှာ ကာမိုင်းငလျင်နဲ့ ပျဉ်းမနားငလျင်၊ ၁၉၄၆ ခုနှစ်မှာ တကောင်းငလျင်၊ ၁၉၅၆ ခုနှစ်မှာ စစ်ကိုင်းငလျင်၊ ၁၉၇၅ ခုနှစ်မှာပုဂံငလျင်၊ ၁၈၅၈ ခုနှစ်မှာ သရက်၊ အောင်လံငလျင်၊ ၁၉၇၀ ခုနှစ်မှာ ရန်ကုန်ငလျင်၊ ၂၀၀၃ ခုနှစ်မှာ တောင်တွင်းကြီးငလျင်၊ ၂၀၁၁ ခုနှစ်မှာ တာလေငလျင်၊ ၂၀၁၂ ခုနှစ်မှာ သပိတ်ကျင်းငလျင် စတဲ့ အင်အားပြင်းငလျင်တွေ လှုပ်ခဲ့ပါတယ်။

ငလျင်အလတ်၊ ငလျင်အငယ်တွေလည်း လှုပ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံကထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်တွေအရ ဒီနှစ်ပြီးခဲ့တဲ့ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ သုံးလအတွင်းမှာ မြန်မာနိုင်ငံမှာ ငလျင်ငယ်တွေလှုပ်ခဲ့တယ်လို့ ဆိုထားပါတယ်။

မြန်မာနိုင်ငံမြောက်ပိုင်း အင်းတော်မြို့မှာ မကြာသေးခင်ကပဲ ရစ်ချ်တာစကေး ၄ ဒသမ ၆ ရှိတဲ့ ငလျင်တစ်ခု လှုပ်ခဲ့ပါသေးတယ်။

**မေး။ မြန်မာနိုင်ငံမှာ ငလျင်လှုပ်တာက နေရာအများအပြားမှာ ပြတ်ရွေ့တွေရှိနေတာကြောင့်လို့သိရပါတယ်။ အဲဒီပြတ်ရွေ့တွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ မြန်မာနိုင်ငံမှာ ပြတ်ရွေ့တွေ အများကြီးရှိတာပေါ့။ အဓိကပြတ်ရွေ့တွေကတော့ ချင်းတောင်တန်းတွေရဲ့အခြေမှာ ဖြတ်သွားတဲ့ ကဘော်ပြတ်ရွေ့၊ စစ်ကိုင်းပြတ်ရွေ့၊ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းပြတ်ရွေ့တွေနဲ့ ဆက်စပ်နေတဲ့ ပြတ်ရွေ့၊ ရှမ်းပြည်နယ် ရှမ်းကုန်းမြင့် ပြတ်ရွေ့တွေ ရှိနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ ငလျင်လှုပ်နိုင်တဲ့ ရပ်ဝန်းမှာရှိနေတယ်လို့ ဆိုကြတာပေါ့။ မြန်မာနိုင်ငံမှာ ငလျင်ဖြစ်နိုင်ခြေပြ မြေပုံကိုဆွဲပြီး ထုတ်ပြန်ထားတာရှိပါတယ်။

**မေး။ ငလျင်ကြီးတွေ လှုပ်ပြီးရင် နောက်ထပ်အင်အားပြင်းငလျင်တွေ ထပ်မံလှုပ်နိုင်တယ်ဆိုတဲ့ ခန့်မှန်းတွက်ဆမှုမျိုးကော ရှိပါသလားဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ငလျင်ဆိုင်ရာ သုတေသနပညာရှင်တွေရဲ့ တွက်ချက်မှုအရကတော့ အင်အားပြင်းငလျင်တစ်ခုလှုပ်ပြီး နောက်နှစ်ပေါင်း ၁၆၀ ခန့် အကြာမှာ အင်အားပြင်းငလျင် တစ်ကြိမ် ထပ်မံလှုပ်နိုင်တယ်လို့ တွက်ဆထားကြတာ ရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ဥပမာ-ပဲခူးငလျင်ကြီးလှုပ်ခဲ့တာ နှစ်ပေါင်း ၈၅ နှစ်လောက်ရှိလာပြီဆိုတော့ နှစ်ဝက်ထက်ကျော်လာပြီပေါ့။ အရင်ကထက်စာရင်တော့ နီးလာတဲ့သဘောပေါ့။ ဒါပေမယ့် ငလျင်လှုပ်တာနဲ့ပတ်သက်ပြီး ကြိုတင်သိရှိနိုင်ဖို့ဆိုတာ ခေတ်မီနည်းပညာတွေ အသုံးပြုပေမယ့် အားရစရာရလဒ်တော့ အခုထိ မရရှိသေးပါဘူး။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတွက် ငလျင်လှုပ်နိုင်တဲ့ ဖြစ်နိုင်ခြေမြေပုံကိုဆွဲပြီး သက်ဆိုင်ရာဌာနတွေကို ဖြန့်ဝေပေးထားတာရှိပါတယ်။

**မေး။ မြေပြို၊ တောင်ပြိုမှုတွေ ဖြစ်ပေါ်တာနဲ့ပတ်သက်ပြီးလည်း သိရှိလိုပါတယ်။**

ဖြေ။ မြေပြို၊ တောင်ပြိုတာတွေက ငလျင်လှုပ်လို့လည်း ဖြစ်နိုင်သလို မြေသားခိုင်ခံ့မှုမရှိတဲ့ တောင်စောင်း၊ ဆင်ခြေလျှောနဲ့ ရေပါဝင်မှုများတဲ့မြေနေရာတွေမှာ ဖြစ်နိုင်ပါတယ်။ မကြာခင်က မြန်မာနိုင်ငံမှာ မြေပြိုမှု၊ တောင်ပြိုမှုတွေဖြစ်ပွားတာမှာ မုန်တိုင်းအရှိန်ကြောင့် တစ်နှစ်ပတ်လုံး ရွာသွန်းတဲ့ မိုးရေချိန်လောက်ကို တစ်ပတ်အတွင်းမှာ ရွာသွန်းခဲ့တာကြောင့် မူလကတည်းက မြေသားခိုင်ခံ့မှုအားနည်းတဲ့ နေရာတွေမှာ မြေပြို၊ တောင်ပြိုမှုတွေဖြစ်ပွားခဲ့တာပါ။ ဒ့ါအပြင် သစ်တောပြုန်းတီးမှုတွေကြောင့်လည်း ဒီလို ဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

**မေး။ မြေပြို၊ တောင်ပြိုမှုတွေနဲ့ ငလျင်ဘေးအန္တရာယ်မှ လျော့နည်းအောင်ဘယ်လိုဆောင်ရွက်မှုတွေ ပြုလုပ်သင့်တယ်ဆိုတာလည်း မျှဝေပေးပါဦး။**

ဖြေ။ မြေပြို၊ တောင်ပြိုမှုတွေနဲ့ကြုံတွေ့ရတာဟာ ကိုယ်တိုင်ဗဟုသုတအားနည်းလို့ဖြစ်သလို နေထိုင်သူတွေကို အသိပညာပေးမှုအပိုင်း အားနည်းလို့လည်း ဖြစ်ပါတယ်။ အိမ်ဆောက်တာ၊ မြို့ရွာတည်တာတွေနဲ့ပတ်သက်ပြီး မြေကြီးနဲ့ပတ်သက်တဲ့ ဘူမိဗေဒပညာရှင်တွေနဲ့ တိုင်ပင်ရွေးချယ်သင့်ပါတယ်။

မိရိုးဖလာအစဉ်အလာအရ နေထိုင်ခဲ့တယ်ဆိုရင်တောင် အဲဒီနေရာတွေမှာ ဘေးအန္တရာယ်ကင်းဝေးအောင် ရေစီးဆင်းမယ့် နေရာအချို့တွေ၊ မြေသားခိုင်ခံ့မှုနည်းတဲ့ မြေနေရာမျိုးတွေနဲ့ ဆင်ခြေလျှော တောင်စောင်းနေရာတွေမှာ နေထိုင်တာကို ပြောင်းရွှေ့ရမှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် စီးဆင်းတဲ့ ရေစီးကြောင်းတွေကို လမ်းကြောင်းလွှဲပေးရမှာဖြစ်သလို တောင်စောင်း၊ ဆင်ခြေလျှောလိုနေရာမျိုးထက် မြေပြန့်နေရာကို ရွေးချယ်ရမှာဖြစ်ပါတယ်။

တောင်စောင်း၊ ဆင်ခြေလျှောနေရာတွေ၊ တောင်ခြေနေရာတွေမှာ မလွဲမရှောင်သာဘဲ နေထိုင်ရတာဆိုရင် တောင်စောင်းဘက်မှာ သစ်ပင်တွေစိုက်ပျိုးထားသင့်ပါတယ်။ ဒါမှမဟုတ် အင်္ဂတေအုတ်တံတိုင်းကိုခိုင်ခံ့စွာ တည်ဆောက်ထားသင့်ပါတယ်။ နောက်ပြီး တောင်ယာခုတ်မီးရှို့တာ၊ သစ်ပင်ခုတ်တာတွေကိုလည်း တားဆီးရမှာဖြစ်ပါတယ်။

ငလျင်ဘေးအန္တရာယ်မှလျော့နည်းစေဖို့အတွက်လည်း ငလျင်မလှုပ်မီနဲ့ ငလျင်လှုပ်နေစဉ် လုပ်ဆောင်ရမယ့် အချက်တွေရှိပါတယ်။ ငလျင်မလှုပ်မီအချိန်မှာ ခိုင်ခံ့တဲ့စားပွဲခုံ၊ ခုတင်စတဲ့နေရာတွေကို သိရှိထားပြီး ယင်းအောက်သို့ အမြန်ဝင်ရောက် အကာအကွယ်ယူရေးလေ့ကျင့်ထားဖို့၊ အိမ်အတွင်း ပြိုလဲပျက်စီးနိုင်တဲ့ ပစ္စည်းနေရာများကိုသိရှိဖို့၊ အိမ်ပြင်ပမှာလည်း သစ်ပင်၊ T အဆောက်အအုံ၊ တံတား၊ ဓာတ်တိုင်တွေနဲ့ ဝေးဝေးရှိတဲ့ ကွင်းပြင်နေရာလွတ်ကို သိရှိဖို့လိုအပ်ပါတယ်။

> **သဘာဝဘေးဒဏ်မဖြစ်အောင် အဆောက်အအုံနဲ့ ကာကွယ်ဖို့၊ အဆောက်အအုံမပါကာကွယ်ဖို့ဆိုပြီး နည်းလမ်းရှိပါတယ်။ အဆောက်အအုံနဲ့ဆိုတာက မုန်တိုင်း၊ ရေလွှမ်းမှုတွေက ကြိုတင်ကာကွယ်ဖို့ ဆိုင်ကလုန်းရှပ်တာတွေ၊ ရေကာတာတွေ၊ တာတမံနဲ့ ခိုင်ခံ့တဲ့ အဆောက်အအုံတွေကို ကြိုတင်ပြင်ဆင်တည်ဆောက်ထားရမှာဖြစ်ပါတယ်။**



ဒေါက်တာထွန်းလွင်

ဘေးကင်းရာလမ်းကြောင်းကို ရွေးချယ်သိရှိထားရန်နဲ့ အိမ်မှာ ကြီးမားလေးလံတဲ့ ပစ္စည်းတွေ အနိမ့်မှာ ထားဖို့၊ ငလျင်ဆိုင်ရာ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုတွေ ပြုလုပ်ထားဖို့ လိုပါတယ်။ ငလျင်လှုပ်တဲ့အချိန်မှာတော့ ခိုင်ခံ့တဲ့စားပွဲခုံ၊ တံခါးပေါင်နဲ့ ခုံတန်းရှည်စတဲ့အောက်တွေမှာ ခိုလှုံအကာအကွယ်ယူဖို့၊ အဆောက်အအုံတွေထဲက ရုတ်တရက်ထွက်မပြေးဖို့၊ ပြေးမဝင်ဖို့၊ တံတား၊ သစ်ပင်၊ ဓာတ်တိုင်၊ ဓာတ်ကြိုး၊ ဆိုင်းဘုတ်တွေနဲ့ဝေးရာ ကွင်းပြင်ကွက်လပ်များမှာနေဖို့၊ ကားမောင်းနေချိန်မှာဆိုရင် စက်ရပ်ထားပြီး ကားအတွင်းမှာနေဖို့၊ အန္တရာယ်ကင်းအောင်ပြေးနိုင်မယ့် လမ်းရှာဖို့တွေလိုတယ်။ ဒါဆိုရင် ငလျင်ဘေးအန္တရာယ်က လျော့ပါးသက်သာစေမှာဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာထွန်းလွင်**
**မိုးလေဝသပညာရှင်**

**မေး။ မြန်မာနိုင်ငံမှာ ရာသီဥတုပြောင်းလဲမှုတွေဖြစ်ပေါ်လာတာဟာ တစ်နှစ်ထက်တစ်နှစ် ထူးခြားလာပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ အဓိကကတော့ မုတ်သုံဝင်ရောက်မှုနဲ့ဆိုင်တယ်လို့ ပြောရမှာပေါ့။ မြန်မာနိုင်ငံမှာ ၁၉၇၈ ခုနှစ်ကစပြီး မုတ်သုံ ဝင်ရောက်မှုပြောင်းလဲလာတယ်။ ဘယ်လိုပြောင်းလဲလာသလဲဆိုရင် မုတ်သုံဝင်ရောက်မှု နောက်ကျလာမှု၊ မုတ်သုံဝင်ရောက်တာစောမှု၊ မိုးရာသီတိုတောင်းလာမှုနဲ့ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်မှု ၄၀ ရာခိုင်နှုန်းလောက် လျော့နည်းလာမှုတွေပါပဲ။ မုတ်သုံအဝင်နောက်ကျတဲ့အတွက် မိုးရွာနောက်ကျပြီး စိုက်ပျိုးရေးထိခိုက်ပါတယ်။

အရင်က မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသကို မေ ၁၅ ရက်မှာ ဝင်ခဲ့ပေမယ့် အခုဆိုရင် မေ ၂၅ ရက်မှာ ဝင်တယ်။ မြောက်ပိုင်းဒေသတွေမှာ ဇွန် ၁ ရက်လောက်မှာ စဝင်တော့ အထွက်လည်း နောက်ကျလာတယ်။ ခြုံပြီးပြောရရင် မြန်မာနိုင်ငံတောင်ပိုင်းကို မုတ်သုံဝင်ရောက်မှု ၁၅ ရက်နောက်ကျပြီး မြစ်ဝကျွန်းပေါ်ဒေသကို ၁၀ ရက်နောက်ကျလာပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းကိုတော့ မုတ်သုံလေဟာ သီးသန့်ဝင်လာတဲ့ရက်မရှိတော့ဘဲ မြောက်ပိုင်းနဲ့ရောပြီးဝင်လာတာမို့ မုတ်သုံလေအဝင်မိုးက အရင်လိုကောင်းကောင်း မရရှိနိုင်တော့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းအဖြစ်နည်းလို့ မုန်တိုင်းမိုးလည်း မရတော့ဘဲ မိုးကြိုကာလမှာ မိုးကောင်းစွာ မရခဲ့တာဖြစ်ပါတယ်။

**မေး။ မုတ်သုံအဝင်မမှန်တဲ့အတွက် ရာသီဥတုပြောင်းလဲမှုက မြန်မာနိုင်ငံ တစ်နေရာနဲ့ တစ်နေရာမတူညီတာတွေလည်း ရှိတာကို ပြောပြပေးပါဦး။**

ဖြေ။ မုတ်သုံအဝင်မမှန်တဲ့အတွက် မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်တဲ့ မကွေးနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ ဒီနှစ်ကလွဲပြီး နှစ်တိုင်းမိုးခေါင်ပါတယ်။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတွေနဲ့ မွန်၊ ကရင်ပြည်နယ်တွေမှာတော့ မိုးရွာပြီး နှစ်တိုင်းရေကြီးမှုတွေ ကြုံရတယ်။ တောင်တန်းဒေသတွေဖြစ်တဲ့ ကချင်၊ ရှမ်း၊ ချင်းစတဲ့နေရာတွေမှာ မိုးရွာပြီး တောင်ကျရေတွေစီးဆင်း၊ ဘေးဒုက္ခတွေ ကြုံတွေ့ခဲ့ကြရတယ်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဟာ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းမဖြစ်တော့တာတွေ၊ တောင်တရုတ်ပင်လယ်ဘက်မှာ တိုင်ဖွန်းတွေဖြစ်ပေမယ့် အလယ်ပိုင်းဒေသကို အလာနည်းသွားတာတွေက နှစ်စဉ်မိုးနည်းစေခဲ့တာပါပဲ။

**မေး။ သဘာဝဘေးဒဏ်တွေ ကြိုတင်ကာကွယ်ပြီး ထိခိုက်မှုလျော့နည်းအောင် ဘယ်လိုဆောင်ရွက်မှုတွေပြုလုပ်တယ်ဆိုတာလည်းပြောပြပေးပါဦး။**

ဖြေ။ သဘာဝဘေးဒဏ်မဖြစ်အောင်နဲ့ဖြစ်ပြီးအပိုင်းတွေဆိုပြီးသတ်မှတ်လုပ်ကိုင်ရမှာဖြစ်ပါတယ်။ သဘာဝဘေးဒဏ်မဖြစ်အောင် အဆောက်အအုံနဲ့ ကာကွယ်ဖို့၊ အဆောက်အအုံမပါကာကွယ်ဖို့ ဆိုပြီးနည်းလမ်းရှိပါတယ်။ အဆောက်အအုံနဲ့ဆိုတာက မုန်တိုင်း၊ ရေလွှမ်းမှုတွေက ကြိုတင်ကာကွယ်ဖို့ ဆိုင်ကလုန်းရှပ်တာတွေ၊ ရေကာတာတွေ၊ တာတမံနဲ့ခိုင်ခံ့တဲ့အဆောက်အအုံတွေကို ကြိုတင်ပြင်ဆင် တည်ဆောက်ထားရမှာဖြစ်ပါတယ်။

ဒ့ါအပြင်ကျေးရွာချင်းဆက်လမ်းတွေလည်း အရေးပေါ်သုံးနိုင်အောင် ဖောက်လုပ်ထားရမှာ ဖြစ်ပါတယ်။ အဆောက်အအုံမပါ ကြိုတင်ကာကွယ်မှုကတော့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ကြိုတင်သတိပေးမှု၊ အသိပညာပေးဟောပြောမှု၊ လိုက်နာအောင် ကြပ်မတ်ဆောင်ရွက်မှု၊ စုပေါင်းလေ့ကျင့်မှု၊ တာတမံတွေကိုကြိုတင်အားဖြည့်ပြင်ဆင်မှုတွေပြုလုပ်ထားရမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးစီမံချက်ရှိပေမယ့် လက်တွေ့မှာ လိုက်နာ အကောင်အထည်ဖော်ဖို့အားနည်းနေဆဲပါပဲ။

စာမျက်နှာ ၃ သို့ »»

